www.burmeseclassic.com

# မင်းလူ

## နှလုံးသား ၃၈၀/၅၄

အပါအဝင်

***Post-Humour*** ဝတ္ထုတိုများ



www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# မင်းလူ

## နှလုံးသား၁၈၀/၅၄

# Post-Humans ဝတ္ထုတိုများ

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားကို သွားကြည့်လိုက်တော့
ကတ္တရာလမ်းထဲမှာ မြုပ်ဝင်နေတာ
တွေ့ရသည်။ ဆွဲထုတ်ယူလိုက်သော
အခါ ကတ္တရာလမ်းမှာ ချိုင့်ဝင်နေ
သော တွင်းငယ်တစ်ခု ဖြစ်ကျန်ခဲ့၏။
သူ့နှလုံးသားကတော့ ပုံစံလုံးဝ
မပျက်၊ တဒုတ်ဒုတ် ခုန်နေတုန်း။

# နှလုံးသား ၃၈၀/၅၄

လုံးသား ၃၈၀/၅၄

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၄၂၀၆၀၂ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၅၁၀၆၀၂ တို့ဖြင့်

မျက်နှာဖုံးကို Than Htay Mg နှင့် အတွင်းပုံများကို Zaw Mg တို့က ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးထွန်းထွန်းဦး၊ အင်ကြင်းဦး ပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇၊ ဇန်နဝါရီလတွင် တန်ဖိုး

1500 K

ဖြန့်ချိသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

သူ့ဇနီးမှာ ချက်ချင်းအိပ်ချင်ပြေသွား ပုံရပြီး အံ့သြဝမ်းသာမှုက မျက်နှာ ပေါ်မှာ ထင်ရှားပေါ်လွင်လာသည်။ "ကျွန်မတို့၊ ကျွန်မတို့" ဟု ရေရွတ် ရင်း မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။ သူက အလော တကြီး ပြောလိုက်သည်။

"ဟော့ သိပ်အဖိုးတန်တဲ့ မျက်ရည် တွေကို အလဟဿ မဖြုန်းတီးပစ်နဲ့ လေ"

# မော်ဒန်စွမ်းအင်

သူ့အဖေဆုံးခါနီးတွင် သူ့ကို စာအိတ် တစ်အိတ် ပေးသွားသည်။ အထဲမှာ စာတစ်စောင်ပါသည်။ စာထဲမှာ လမ်းညွှန်မှာကြားချက်တွေ ရေး ထားသည်။ ရှေးလူကြီး မပီသမှာစိုး လို့လားမသိ။ ပဟေဠိဆန်ဆန် ရေး ထားသည်။

ပထမ လမ်းညွှန်ချက်က

"နို့အလုံးတစ်ရာကို စို့ပါ"

# ဉာဏ်စမ်းပုစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com

ဘရာဝီးဘောလုံးအသင်းမှာ အ
ထည်ကြီးပျက်လို ဖြစ်နေ၏။ ထိပ်
တန်း ဘောလုံးအကျော်အမော်တွေ
အများကြီးရှိသော်လည်း တစ်
ယောက်နှင့်တစ်ယောက် အတွဲမမိ
ဘဲဖြစ်နေရ၏။ ဒံပေါက်ရယ်၊ ဗာလူ
ဒါရယ်၊ စတူမရုရယ် ရောစားရ
သလို အီလည်လည်ကြီးဖြစ်နေရ၏။

ဘဲန်းကြီးတစ်ကောင်သည် ဖျိုင်းမ
လေးကို ကွက်ကြည့်ကွက်ကြည့်လုပ်
နေ၏။ တောကျိုးကန်းကြီးတစ်
ကောင်ကတော့ လက်ခွဲဓိတ်တစ်
လုံးကိုခွဲပြီး ဟိုကြည့်ဒီကြည့် ကြည့်
နေသည်။ ပုံပန်းအရ ရှေ့နေဖြစ်
ဟန်တူ၏။ ကြက်တူရွေးတစ်ကောင်
ကတော့ ကွမ်းတံတွေး တပျစ်ပျစ်
ထွေးနေသည်။ သူ့အာခေါင်မှာ
နီရဲနေ၏။

## ပြတိုက်ထဲက ပြဇာတ်

## ဂိတ်စ-ဂိတ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

# ါးကလေး
# ာစ်ကောင်
# ှမ်းမိတယ်. . .

ငါးက တစ်ကောင်တည်းပဲတဲ့။ ငါး တစ်ကောင်ကို လှေအစင်းနှစ်ဆယ် ဝိုင်းလုပြီး ဖမ်းရမှာဆိုတော့ တကယ့်ပွဲကြီးပွဲကောင်းပဲပေါ့။

---

သမ္ဗန်သမားက ကောင်းကင်ကို မော့ကြည့်ပြီး“လေမုန်တိုင်းက အင်္ဂလိပ်လို မတတ်တော့လည်း ခက်သားကလားဗျ”ဟု ရေရွတ်လိုက်၏။

## ကျမ်းကိုးစာရင်း

တစ်ချိန်က “ကလောင်တွန်း သမားများ” ဟု ခေါ်ကြသလို ခုလည်း “ခလုတ်နှိပ်သမားများ” ဟု ခေါ်ကြသည်။ ခေတ်ပေါ်ဝေါဟာရ အရဆိုလျှင်တော့ “ကလစ်ကာ များ”ပေါ့။ “မောက်စ်ကီပါ” ဟု ဆိုသူကလည်း ဆိုသည်။

## အီးကော်လာ

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ခင်ဗျာ၊ ရာသီဥတုကတော့ စစ်သားတွေအကြိုက်ပေါ့ခင်ဗျာ။ စောစောက မိုးဖွဲဖွဲရွာထားပေမယ့် အခုတော့ ကောင်းကင်တစ်ခွင်လုံး ကြည်ကြည်လင်လင်ဖြစ်လာပါပြီ။ စစ်ပွဲ ဝါသနာရှင်များ မြင်ကြတဲ့အတိုင်းပဲ မြောက်ဘက်စစ်မျက်နှာကနေ သုံးငါးနှစ်ပုံစံအတိုင်း အုပ်စုဖွဲ့ ပျံ့သန်းလာတာကတော့. . . . .

## ခြေ,စစ်ပွဲများ

“ဘာကိစ္စရှိလို့လဲကွယ်” နယူတန်က မေးသည်။ လူငယ်က “ဆရာကြီးရဲ့ နိယာမက အမှားကြီးပဲဗျ” “ဟော. . . ဘာမှားလို့လဲ” “သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိတယ်လို့ ဆရာကြီးက ပြောတယ်နော်။ ဒါပေမဲ့. . .

## မိုင်လော

ဘောလုံးကိစ္စက ဘယ်လောက်ထိ ကျယ်ပြန့်လာသလဲဆိုတော့ ဗြိတိသျှဘုရင်မကြီးကိုတောင် ဘောလုံးအသင်းတစ်သင်း တည်ထောင်ဖို့ နန်းတော်အသိုင်းအဝိုင်းက တိုက်တွန်းလာကြသည်။

## ဘောအေး တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

“ခေတ်တူနံ့တူဆိုတာက နာမည် တစ်ခု၊ ဝေါဟာရတစ်ခုမှာ ပါတဲ့ စကားလုံးတစ်လုံးချင်းရဲ့ နေနံ့နဲ့ ထပ်တူထပ်မျှတူတဲ့အရာကို ဆိုလိုတာပဲ။ ဥပမာ- ရုပ်ရှင်မင်းသား လွင်မိုး ဆိုပါတော့။ အက္ခရာအားဖြင့် လ၊ မ၊ နေနံ့အားဖြင့် ဗုဒ္ဓဟူး၊ ကြာသပတေး၊ ဒီတော့ သူနဲ့ခေတ်တူ နံ့တူ ပစ္စည်း ဘာရှိမလဲ၊ စဉ်းစားကြစမ်း”

# အနာဂတ် ကုမ္ပဏီလီမိတက်

မိဘတွေရဲ့ အထက်တန်းလွှာ တံငါသည်မျိုးရိုး ဂုဏ်သိက္ခာကိုမှ မထောက်ထားဘဲ ဘာမဟုတ်တဲ့ ကွန်ပျူတာစာရေးကလေးကိုမှ ယူရကောင်းလားဆိုပြီး အမေလုပ်တဲ့ လူက အမွေပြတ်ကြေညာ စွန့်လွှတ်ထားခဲ့သည်။

# ဖူးစာရှင်ကို ရွေးတော့မည်

www.burmeseclassic.com

www.burmeseclassic.com

"ဒါ သူ့ ပင်ကိုယ်ရုပ်ရည်ပဲလား၊ မျက်နှာကို ခွဲစိတ်ပြုပြင် ထားတာလား"

"မဟုတ်ပါဘူး၊ ပင်ကိုယ်ရုပ်ရည်ပါ၊ ဒါတော့သေချာပါတယ်၊ သူကိုယ်တိုင်က မျက်နှာခွဲစိတ်ပြုပြင်တာကို လက်မခံပါဘူး။ မွေးကတည်းက ပါလာတဲ့ရုပ်ရည်ကို ပြောင်းလဲတာဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိလို့ဘဲ၊ မိမိကိုယ်မိမိ သစ္စာဖောက်တာပဲဆိုပြီး သူ့ကဗျာတစ်ပုဒ်ထဲမှာ ရေးထားတာ ဖတ်ဖူးတယ်"




## မာတိကာ


| | | |
|---|---|---|
| ၁။ | နှလုံးသား ၃၈၀/၅၄ | ၃ |
| ၂။ | မော်ဒန်စွမ်းအင် | ၁၇ |
| ၃။ | ဉာဏ်စမ်းပုစ္ဆာ | ၃၁ |
| ၄။ | ပြတိုက်ထဲက ပြဇာတ် | ၄၁ |
| ၅။ | ဂိတ်စ–ဂိတ်ဆုံး | ၅၃ |
| ၆။ | ငါးကလေးတစ်ကောင် ဖမ်းမိတယ် | ၆၅ |
| ၇။ | ကျမ်းကိုးစာရင်း | ၇၉ |
| ၈။ | အီးကော်လာ | ၈၅ |
| ၉။ | ခြေ,စစ်ပွဲများ | ၉၉ |
| ၁၀။ | မိုင်လော | ၁၀၉ |
| ၁၁။ | ဘောအေးတိုက်ပွဲ | ၁၁၉ |
| ၁၂။ | အနာဂတ်ကုမ္ပဏီလီမိတက် | ၁၃၁ |
| ၁၃။ | ဖူးစာရှင်ကိုရှာတော့မည် | ၁၅၇ |
| ၁၄။ | သင်္ခါရအခွင့်အရေး | ၁၇၃ |

www.burmeseclassic.com

“မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်ပါသည်။ ‘မော်ဒန်စွမ်းအင်’ အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်မှလွဲ၍ ကျန်ဝတ္ထုတိုများမှာ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေဖူးခြင်းမရှိသေးပါသဖြင့် စုစည်းတင်ဆက်လိုက်ခြင်းဖြစ်ပါသည်။”



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသား ၃၀၀/၅၄

လူတစ်ယောက်ရဲ့ နှလုံးသားကို ထိုသူမသိအောင် တိတ်တဆိတ်ခိုးယူဖို့ဆိုတာ လွယ်ကူသောကိစ္စတော့မဟုတ်။ သို့ရာတွင် ဖြစ်အောင်လုပ်ရမည်။ ကိုယ့်ကို စိတ်ဆင်းရဲစေခဲ့သူ၊ ရင်ထဲမှာ တစစ်စစ်နာကျင်အောင်လုပ်ခဲ့သူ၊ ဖျပ်ဖျပ်လူးမျှ ခံစားရအောင် ရက်စက်ခဲ့သူ။ ထို မိန်းမတစ်ယောက်ကို သက်သာခွင့်မပေးနိုင်၊ ထိုက်တန်သော တုံ့ပြန်မှုကိုသာ ပေးရမည်။ ညီမျှသော စိတ်ဒုက္ခကို ပြန်လည်ခံစားစေရမည်။ ရင်နာမှုပြစ်ဒဏ်ကို ပြန်လည်ပေးဆပ်စေရမည်။ အနည်းဆုံး စိတ်ကူးထဲမှာပဲဖြစ်ဖြစ် လက်စားချေရမည်။

ထို့ကြောင့်...

◆

ညဘက် အိပ်မောကျချိန်လောက်ကိုမှန်းပြီး သူ့အိမ်ထဲဝင်လာခဲ့သည်။ အပေါ်ထပ်ကိုတက်သည်။ အိပ်ခန်းထဲဝင်သည်။ မှိန်မှိန်ထွန်းထားသော ပြာလွဲ့လွဲ့မီးရောင်ကြောင့် အခန်းထဲမှာ မြင်သာ ထင်

www.burmeseclassic.com

www.burmeseclassic.com



သာလောက်တော့ရှိ၏။

သူသည် အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့် အိပ်မောကျနေသည်။ ထိုအချက်သည် ကံကောင်းသွားခြင်းဖြစ်၏။ တကယ်လို့ သူသာ ဘေးတစောင်းအိပ်နေလျှင် အနေအထား ပြင်ပေးနေရဦးမည်။ အခုတော့ အဆင်သင့်အနေအထားပဲ။ သူသည် အပူအပင်ကင်းစွာ စိတ်ချလက်ချအိပ်နေတာ သိသာ၏။

သူ့နှုတ်ခမ်းကလေး အနည်းငယ်ဟနေတာကို မီးရောင်မှိန်မှိန်မှာ မြင်ရသည်။ ထိုမြင်ကွင်းကိုမြင်ရသောအခါ ဟိုယခင်အခါဆီက ရုပ်ရှင်ရုံထဲမှာ ပိတ်ကားမှရောင်ပြန်ဟပ်သော အလင်းရောင်ကြောင့် မှန်မှန်ရေးရေးမြင်ရသော မျက်နှာကို သတိရစေသည်။ ထိုစဉ်ကလည်း သူ့နှုတ်ခမ်းသည် ခုလိုခပ်ဟဟကလေးပါပဲ။ သို့ရာတွင် ခုချိန်မှာတော့ နှုတ်ခမ်းသည် အရေးပါသော အနေအထားမှာမရှိ။

သူ့ကိုယ်အပေါ်ပိုင်းမှာ လွှမ်းခြုံထားသောစောင်ကို အသာဆွဲလှပ်လိုက်သည်။ ညဝတ်အင်္ကျီ၏အောက်မှာ သူ့ရင်သည် နိမ့်ချည်မြင့်ချည် ဖြစ်နေ၏။ စည်းချက်မှန်မှန် အသက်ရှူနေသည့်သဘော။

ရှေ့ဆက်လက် ဆောင်ရွက်ရမည့်ကိစ္စက အရေးကြီးသည်။ နည်းနည်းလေးမှ တုံ့နှေးနေလို့မရ။ တိမ်းစောင်းသွားလို့မဖြစ်။ ဆရာဝန်တစ်ယောက်လို တည်ငြိမ်ပြီး ခါးပိုက်နှိုက်တစ်ယောက်လို လျင်မြန်ရမည်။

လက်ချောင်းများကို ခပ်တင်းတင်းပူးကပ်၍ လက်ဖဝါးနှင့်တစ်တန်းတည်းနေအောင်ထားပြီး သူ့ရင်ခေါင်းတွင်းသို့ ဆတ်ခနဲ ထိုးသွင်းလိုက်သည်။ ပူနွေးသောအရာတစ်ခုကို စမ်းမိသောအခါ ဆုပ်ကိုင်ပြီး လက်ကိုအလျင်အမြန် ပြန်ဆွဲထုတ်လိုက်၏။

ရေထဲက အရာဝတ္ထုတစ်ခုကို နှိုက်ယူလိုက်သောအခါ ရေပြင်



ပေါ်တွင် ကွဲရာအက်ရာ ကျန်ရစ်ခဲ့ခြင်းမရှိသလို သူ့ရင်အုံ၏ လက်ဝဲဘက်ယွန်းယွန်းမှ အရေပြားသည်လည်း ဘာဒဏ်ရာမှမဖြစ်ဘဲ ပကတိအတိုင်းရှိနေ၏။ ကိုယ့်လက်ထဲမှာတော့ သူ့နှလုံးသားသည် တဆတ်ဆတ်ခုန်ရင်း ပါလာသည်။

◆

သူ့နှလုံးသားကို ကြွပ်ကြွပ်အိတ်ထဲထည့်ဆွဲပြီး အိမ်အပြင် ပြန်ထွက်လာခဲ့၏။ သူကတော့ နှစ်နှစ်ခြိုက်ခြိုက် ဆက်လက်အိပ်ပျော်နေဆဲ။ နှလုံးသား အခိုးခံလိုက်ရကြောင်းကို သူတော်တော်နဲ့ သိမှာမဟုတ်။ မနက် အိပ်ရာကနိုးသောအခါ ရင်ထဲကဟာနေသလိုလို တစ်ခုခု လိုနေသလိုလိုတော့ ခံစားရလိမ့်မည်။ နောက်ပိုင်း စိတ်လှုပ်ရှားစရာနဲ့ ကြုံပါလျက် ရင်မခုန်ဘဲရှိနေတော့မှ အံ့သြပြီး တုန်လှုပ်ချောက်ချားရလိမ့်မည်။ လူပိုလ်ပုံအလယ်မှာ နှလုံးသားကင်းမဲ့စွာ အသက်ရှင်ရသူအဖြစ် ရှက်ဖွယ်လိလိရှိရလိမ့်မည်။ နှလုံးသားမရှိသောကြောင့် ချစ်ခြင်း မုန်းခြင်းကို ခံစားခွင့်မရှိတော့ဘဲ လူဖြစ်ရှုံးသောဘဝ ရောက်ရလိမ့်မည်။

ကိုယ့်လက်ထဲမှာ ဓားစာခံအဖြစ်ရောက်ရှိနေသော သူ့နှလုံးသားကိုတော့ ကောင်းကောင်းပညာပေးရမည်။ ကြွပ်ကြွပ်အိတ်ထဲက သူ့နှလုံးသားကို ထုတ်ကြည့်သည်။ ဒုတ်ခနဲ ဒုတ်ခနဲ ခုန်နေတုန်းပင်ရှိ၏။

စိတ်ထဲမှာ ရုတ်တရက်မြူးကြွလာသည်။ ကစားစရာအသစ်တစ်ခုရလာသော ကလေးငယ်တစ်ယောက်သည် အိမ်ပြန်ရောက်သည်အထိ မစောင့်နိုင်သလိုပင်ဖြစ်၏။ သူ့နှလုံးသားကို မြေပေါ်ပစ်ချလိုက်သည်။ မြေပြင်နှင့်ထိသောအခါ တင်းနစ်ဘောလုံးတစ်လုံးလို

www.burmeseclassic.com

www.burmeseclassic.com



ပင် ခုန်ပြီးပြန်တက်လာသည်။ သူ့နှလုံးသားကို ဘတ်စကက်ဘော လို ပုတ်ကစားနေမိ၏။

"အဲဒီဟာ ကျွန်တော်တို့ကို ခဏငှားပါလား၊ ကျွန်တော်တို့ ကန်နေတဲ့ ဘောလုံးပေါက်သွားလို့"

ကောင်လေးတစ်ယောက်က လာပြောသည်။ သူတို့သည် မာကျူရီမီးရောင်အောက်က ကွန်ကရစ်လမ်းပေါ်မှာ ဘောလုံးကန်နေ ကြခြင်းဖြစ်၏။

"ကဲ... ရော့... စိတ်ရှိလက်ရှိသာ ကန်ကြစမ်းကွာ"

ဆိုပြီး သူ့နှလုံးသားကို ပစ်ပေးလိုက်၏။ ကောင်လေးသည် နှလုံး သားကိုမြေမှာ တစ်ချက်နှစ်ချက်ပုတ်ကြည့်ပြီး သဘောကျဟန်ဖြင့်...

"တော်တော် ကန်လို့ကောင်းမှာပဲ"ဟု ပြောသည်။

ဟုတ်လည်း ဟုတ်သည်။ သူ့နှလုံးသားမှာ တွန်းကန်အား အလွန်ကောင်းသည်။ ဖြည်းဖြည်းလေးကန်လိုက်ရုံနှင့် အဝေးကြီးပြေး နိုင်သည်။ သူ့နှလုံးသားသည် ကလေးတွေကြားမှာ ဟိုမှဒီမှခုန်ပေါက် လူးလာနေသည်။ 'ဟင်း...ဒီလောက်မာနကြီးတဲ့ နှလုံးသား၊ ခုတော့ သူများခြေထောက်ကြား လိမ့်အကန်ခံနေရပြီ မဟုတ်လား'ဟု တွေး ရင်း ကျေနပ်စွာကြည့်နေမိ၏။

ချာတိတ်နှစ်ယောက်သည် ဝမ်းတူးရိုက်ရင်း သယ်လာသည်။ ပြီးတော့ တစ်ဖက်မှာလွတ်နေသော ရှေ့တန်းလူဆီ ထိုးပေးလိုက် သည်။ ရှေ့တန်းမှ ကောင်လေးက ကျုံးကန်ထည့်လိုက်၏။ နှလုံး သားသည် ဂိုးတိုင်ဆီ တန်းခနဲပြေးသည်။ ဂိုးသမားက ဖမ်းဖို့ကြိုး စားသည်။ သို့ရာတွင် အရှိန်ကမြန်လည်းမြန်၊ ပြင်းလည်းပြင်းလွန်းလှ သဖြင့် မဖမ်းနိုင်ဘဲ နှလုံးသားက သူ့ရင်ဘတ်ကို ဒိုင်းခနဲဝင်ဆောင့် သည်။ ဂိုးသမားလေးသည် နောက်ကို ဆယ်ပေလောက် လွင့်စဉ်ထွက်



သွားပြီး မြေပေါ်မှာပုံလျက်သား ကျသွား၏။

'ဟာ...'ဆိုပြီး သူ့ဆီ ချာတိတ်တွေ ဝိုင်းအုံပြေးသွားသည်။ တစ်ယောက်က ပွေ့ထူပြီး ခေါ်ကြည့်သည်။ ကောင်လေးမှာ ပြန်မထူး နိုင်၊ သတိလစ် မေ့မြောနေပြီ။

ဆေးရုံအမြန်ပို့နိုင်သောကြောင့် သက်သာရာရသွားခြင်းဖြစ် သည်ဟု နောက်ပိုင်းကျမှသိရသည်။

◆

သူ့နှလုံးသားကတော့ အရှိန်မသေသေးဘဲ မြေကြီးပေါ်မှ ခုန် ဆွခုန်ဆွလုပ်နေသည်။ ထို့ကြောင့် ကြွပ်ကြွပ်အိတ်ထဲ အမြန်ကောက် ထည့်ပြီး ထွက်လာခဲ့ရ၏။ တော်တော် ကောင်းကျိုးမပေးတဲ့ နှလုံး သား၊ အိမ်ရောက်မှ ရေရေလည်လည်ဆုံးမပြီး ပညာပေးရမယ်ဟု တေး ထားလိုက်ရင်း ဆက်လျှောက်လာခဲ့၏။

တိုက်တန်းလျားတွေကြားက ဖြတ်လျှောက်လာသည်။ တစ် နေရာတွင် ခွေးလေခွေးလွင့်တစ်ကောင်သည် အမှိုက်ပုံကြားမှာ နွတ် သီးနှင့်ထိုးဆွရင်း စားစရာတစ်ခု တွေ့လိုတွေ့ငြား ရှာဖွေနေသည်။

စိတ်ကူးတစ်ခု ပေါ်လာသည်။ လက်ဖျောက်တီးပြီး ခွေးကို ခေါ်လိုက်သည်။ ခွေးက ကြွပ်ကြွပ်အိတ်ကိုမြင်တော့ သဘောပေါက် သွားဟန်တူ၏။ အမြီးနှံ့ပြီး အနားကိုပြေးလာသည်။ ကြွပ်ကြွပ်အိတ် ထဲက နှလုံးသားကိုထုတ်ပြီး ခွေးရှေ့မှာ ချပေးလိုက်သည်။

ခွေးက အနံ့ခံကြည့်သည်။ စားလို့ရမှန်း သိသွားသောအခါ အငမ်းမရ ထိုးဟပ်လိုက်၏။ ဆတ်ခနဲတုန်သွားပြီးနောက် ပြန်လွှတ် ချလိုက်သည်။ အီခနဲ တစ်ချက်ဖြစ်သွားသည်။ ထို့နောက် တအိုင်း အိုင်အော်ပြီး ကြောက်လန့်တကြား ထွက်ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားကို ကောက်ယူကြည့်လိုက်တော့ ပွန်းရာခြစ်ရာ လေးတောင်မရှိ။ မြေပြင်ပေါ်မှာတော့ ခွေး၏အစွယ်တစ်ချောင်း ကျိုးပြီး ကျကျန်ရစ်ခဲ့တာ တွေ့ရသည်။

◆

အတော် မာရေကျောရေနိုင်တဲ့ နှလုံးသားပဲဟု မှတ်ချက်ချရင်း ဆက်လျှောက်လာခဲ့၏။ တိုက်တန်းလျားတွေလွန်သောအခါ လမ်းက နည်းနည်း မှောင်ရိပ်ကျနေသည်။ ခဏကြာသောအခါ ရှေ့ဘက်မှ စက်ဘီးနှစ်စင်းလာနေတာ တွေ့ရသည်။ ကင်းလှည့်လာသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးပင် ဖြစ်လေ၏။ အနားရောက်တော့ စက်ဘီးကိုရပ် ပြီး ဆင်းလာသည်။ တစ်ယောက်က မေးသည်။

"ဘယ်က လာတာလဲ"

"အလုပ်က လာတာပါ"ဟု ပြီးစလွယ်ဖြေလိုက်သည်။

လက်မှာဆွဲထားသော ကြွပ်ကြွပ်အိတ်ကို မသင်္ကာသလိုကြည့်ပြီး "အဲဒီအိတ်ထဲက ဘာလဲ"

"နှလုံးသားပါ"ဟု ဖြေသောအခါ အဖော်ဖြစ်သူက

"ပေါက်ကရတွေ ပြောနေတယ်။ အရက်မူးလာတယ်ထင်တယ်" ဟု ခပ်တိုးတိုးပြောသည်။ ကျန်တစ်ယောက်က–

"ဘာပဲဖြစ်ဖြစ် စစ်ဆေးကြည့်ရမှာပဲ။ အိတ်ကိုဖွင့်ပြစမ်း"ဆိုသဖြင့် ဖွင့်ပြလိုက်ရသည်။ သူက လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ပြီး အံ့ဩဟန်ဖြင့်...

"ဟာ... ရွှေတုံးကြီးပဲ"

"ဗျာ... မဟုတ်ပါဘူး နှလုံးသားပါ"

"ဒီမှာ လက်ပူးလက်ကြပ် တွေ့နေတာတောင် ငြင်းနေရ



သေးလား"

ကြွပ်ကြွပ်အိတ်ထဲကို ငုံ့ကြည့်လိုက်တော့ ဟာ... တကယ် ပါပဲ။ နှလုံးသားလိုပုံစံမျိုးဖြစ်နေသော ရွှေတုံးကြီးတစ်တုံးသည် လက်နှိပ်ဓာတ်မီးရောင်အောက်မှာ ဝင်းလက်တောက်ပြောင်နေတာ တွေ့ရသည်။ အမယ်... ကိုးဆယ့်ကိုး ပွိုင့် ကိုးကိုး (99.99) ဆိုသော ဂဏန်းလေးတောင် ရိုက်နှိပ်ထားသေးသည်။

"ဟာ... ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော်ယူလာတုန်းက နှလုံးသားအစစ်ပါ"

"အူကြောင်ကြောင် လုပ်မနေနဲ့၊ စခန်းလိုက်ခဲ့"

... ဆိုပြီး ခေါ်သွားသဖြင့် ပါသွားရ၏။ စခန်းထဲရောက်တော့ တာဝန်မှူးစားပွဲရှေ့သို့ ခေါ်သွားသည်။

"ဘာဖြစ်လာတာလဲဟေ့"

တာဝန်မှူးက မေးသည်။

"ရွှေတုံးကြီးတစ်တုံး သယ်လာတာတွေ့လို့ မသင်္ကာတာနဲ့ ဆွဲလာတာဆရာ"

"ပြစမ်းပါဦး"

ရဲတပ်ဖွဲ့ဝင်တစ်ယောက်က ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ်တင်ပေးလိုက်သည်။ တာဝန်မှူးက ကြွပ်ကြွပ်အိတ်ကိုဖွင့်ပြီး ငုံ့ကြည့်သည်။ မျက်မှောင်ကုတ်လိုက်ပြီး အိတ်ထဲကို လက်နှိုက်သည်။ လက်ပြန်ထုတ်သောအခါ စတီးချိုင့်လေးတစ်လုံး ပါလာသည်။

"ဘယ်မှာလဲကွ ရွှေတုံး"

ရဲတပ်ဖွဲ့ဝင် နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး နားမလည်သလိုပုံမျိုး ဖြစ်နေသည်။ တာဝန်မှူးက စတီးချိုင့်ကို ဖွင့်ကြည့်သည်။ အထဲမှာ ငါးရိုးအစအနများနှင့် ထမင်းကျန်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သာရှိသည်။

တာဝန်မှူးသည် သူ့လူနှစ်ယောက်ကို မော့ကြည့်ပြီး..

"မင်းတို့နှစ်ကောင် မူးနေလား"

"ဟာ... ဆရာရယ်၊ တာဝန်ချိန်ကြီးမှာ သောက်ရဲပါ့မလား"

"မင်းတို့ကို သေသေချာချာ မှာထားတယ်။ အလုပ်ကို စေ့စေ့စပ်စပ်လုပ်ပါလို့။ အခုတော့ အလုပ်ကပြန်လာတဲ့ လူတစ်ယောက်ကို သက်သက်စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တယ်။ သူ့ခမျာ အိမ်ပြန် နောက်ကျနေရတဲ့ကြားထဲ" ပြောရင်း ဒီဘက်လှည့်ပြီး...

"စိတ်မရှိပါနဲ့ ညီလေးရာ၊ ကိုယ့်ကောင်တွေ ဝီရိယပိုသွားလို့ပါ၊ ကဲ ကဲ သွားနိုင်ပါပြီ" ဆိုပြီး စီးကရက်တောင် တိုက်လိုက်သေးသည်။

စခန်းထဲက ပြန်ထွက်လာစဉ် 'ကျွန်တော်တို့ သေသေချာချာ မြင်တာပါဆရာ' ဟု ပြောနေသော အသံသဲ့သဲ့ ကြားလိုက်ရသည်။

♦

ရဲစခန်းအပြင်ရောက်လို့ ကြွပ်ကြွပ်အိတ်ကို အသာဖွင့်ကြည့်တော့ သူ့နှလုံးသားသည် ပင်ကိုအတိုင်းပြန်ဖြစ်ပြီး တဒုတ်ဒုတ်ခုန်နေတာ တွေ့ရ၏။ အတော်ပြဿနာရှာတဲ့ နှလုံးသား... တွေ့မယ်ဟု စိတ်ထဲကကြိမ်းရင်း ဆက်လျှောက်လာခဲ့၏။

ထိုစဉ် ဟိုးခပ်လှမ်းလှမ်းမှ မောင်းလာနေသော ကားတစ်စင်း၏မီးရောင်ကို တွေ့ရသည်။ စိတ်ကူးတစ်ခု ဖျတ်ခနဲပေါ်ပေါက်လာ၏။ နှလုံးသားကို အိတ်ထဲမှထုတ်ပြီး လမ်းပေါ်ချထားလိုက်သည်။ ကားသည် အရှိန်နှင့်မောင်းရင်း ဖြတ်သွားသည်။ နှလုံးသားကို မနင်းမိဘဲ ခွကျော်သွား၏။

'ဟင်း... ကံကောင်းလို့ပေါ့ကွာ' ဟုတွေးပြီး နှလုံးသားကို



ပြန်ကောက်ယူမည်ပြုစဉ် နောက်ထပ်ကားတစ်စင်းလာနေတာ တွေ့ရသဖြင့် လမ်းပေါ်ပြန်ချထားပြီး စောင့်ကြည့်နေလိုက်သည်။ ဒီတစ်ခါလာတဲ့ကားက ပိုကြီးသည်။ ကွန်တိန်နာကားကြီးဖြစ်၏။

ကုန်တန်ချိန် အတော်များဟန်တူသည်။ စက်သံက အတော်ပြင်းသည်။ ကားရှင်းသောကြောင့် အရှိန်ကိုလည်း တင်မောင်းလာသည်။ ခဏအတွင်းမှာပင် နီးကပ်လာ၏။ ရှေ့ဘီးက လမ်းပေါ်မှာချထားသော နှလုံးသားကို မနင်းမိဘဲ လွဲသွားသည်။ နောက်ဘီးတွေကတော့ နှစ်လုံးတွဲတွေဖြစ်သောကြောင့် မလွဲချော်နိုင်။ တည့်တည့်ကြီးပင် ဖြတ်ကြိတ်ပစ်လိုက်၏။

ဒုန်းခနဲမြည်ပြီး ကားကြီးသည်' မြောက်တက်သွားသည်။ ပြန်ဆောင့်အကျတွင် နောက်မြီးပိုင်းကယမ်းခါပြီး ပလက်ဖောင်းပေါ် တစ်ခြမ်းတင်သွား၏။ ဒရိုင်ဘာသည် ခက်ခက်ခဲခဲထိန်းလိုက်ရပြီး ကားကိုရပ်လိုက်သည်။ ပြတင်းပေါက်မှ ခေါင်းပြူထွက်လာပြီး နောက်ကိုလှည့်ကြည့်လိုက်သည်။ သူ့မျက်နှာထားမှာ ဒီလောက်ညီညာပြန့်ပြူးနေတဲ့ လမ်းပေါ်မှာ ဘယ်လိုဖြစ်သွားတာပါလိမ့်ဆိုပြီး ဇဝေဇဝါဖြစ်နေပုံပေါ်သည်။ ပြီးမှ ကားကို ပလက်ဖောင်းပေါ်မှ ပြန်မောင်းချပြီး ထွက်သွား၏။

နှလုံးသားကို သွားကြည့်လိုက်တော့ ကတ္တရာလမ်းထဲမှာ မြုပ်ဝင်နေတာတွေ့ရသည်။ ဆွဲထုတ်ယူလိုက်သောအခါ ကတ္တရာလမ်းမှာ ချိုင့်ဝင်နေသော တွင်းငယ်တစ်ခု ဖြစ်ကျန်ခဲ့၏။ သူ့နှလုံးသားကတော့ ပုံစံလုံးဝမပျက်။ တဒုတ်ဒုတ် ခုန်နေတုန်း။

♦

သာမန်အသွေးအသားဖြင့် တည်ဆောက်ထားပြီး လက်သီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ခပ်ဆတ်ဆတ်ထိုးဖောက်လိုက်လျှင်တောင် ဖောင်းခနဲပေါက်ထွက်သွားလိမ့်မည်ထင်ရသော သူ့နှလုံးသားသည် ဒီလောက်ထိ ခံနိုင်ရည်ရှိနေတာ အံ့ဩစရာပင်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ခံနိုင်ရည်အားဆိုသည်မှာ အကန့်အသတ်တစ်ခုတော့ ရှိစမြဲ။

ထို့ကြောင့် အိမ်ပြန်ရောက်သောအခါ သူ့နှလုံးသားကို အသားကြိတ်စက်ထဲသို့ ဖိသိပ်ထည့်ပြီး ခလုတ်ကိုဖွင့်လိုက်သည်။ ကြိတ်စက်သည် ရုတ်တရက်မလည်နိုင်ဘဲ တင်းခံနေသည်။ ပြီးတော့မှ တအားရုန်းကန်ပြီး ကြိတ်ဆွဲလိုက်သည်။ ပွတ်တိုက်ကြိတ်ဝါးနေသည့် အသံတွေထွက်လာသည်။ ထိုအသံများမှာ မော်တာလည်သံနှင့် ရောနှောပြီး ဆူညံနေတာ အူယားစရာကောင်းလှသည်။

ခဏအကြာတွင် တစ်ဖက်ထွက်ပေါက်ထဲမှ အပိုင်းအစကလေးတွေ ထွက်လာသည်။ ဘာတတ်နိုင်သေးလဲဟု ရေရွတ်မည်ပြုစဉ်မှာပင် တစ်စုံတစ်ခု မှားယွင်းနေကြောင်း သတိပြုမိ၏။ အပိုင်းအစလေးများသည် အသွေးအသားတုံးကလေးများ မဟုတ်ဘဲ သံတွေသံခဲကလေးတွေ ဖြစ်နေခြင်းပါပဲ။

လည်နေသော မော်တာသည် ရပ်သွား၏။ သူ့နှလုံးသားသည် စက်ထဲမှ အလုံးအထည်မပျက်ဘဲ ခုန်ထွက်လာသည်။ စက်ထဲကို ငုံ့ကြည့်လိုက်သောအခါ သံမဏိရိုလာ ဓားသွားများမှာ လုံးဝကြေမွပျက်စီးနေတာ တွေ့လိုက်ရ၏။

ဒီလောက်တောင်ဖြစ်လှတာ သိကြရောပေါ့။

သူ့နှလုံးသားကို ပလက်တီနမ် ဆန်ခါပေါ်တင်သည်။ ပြီးတော့ ထောင့်ငါးရာဒီဂရီ စင်တီဂရိတ်ရှိသော အောက်စီအဆက်တလင်း မီးလျှံဖြင့် အပူပြင်းတိုက်လိုက်သည်။ ခံနိုင်လျှင် ခံပေရော့။

သူ့နှလုံးသားသည် နစ်ခရုန်းသတ္တုစပ်လို ရဲရဲတောက်လာ၏။



ဒီအတိုင်းဆိုလျှင် မိနစ်ပိုင်းအတွင်းမှာပင် ပြာကျသွားလိမ့်မယ်။ ကိုင်း... မှတ်ပြီလား။

ထိုစဉ်မှာပင် သူ့နှလုံးသားထံမှ အခိုးအငွေ့များထွက်လာသည်။ အနံ့က စိမ်းရွှေရွှေ။ ထိုအနံ့များကို ရှူရှိုက်မိသောအခါ ရင်ထဲက တလိပ်လိပ်ဖြစ်လာသည်။ စိတ်အာရုံ တက်ကြွလာသည်။ တဖြည်းဖြည်း အူမြူးလာသည်။ နောက်ဆုံး ဘယ်လိုမှ ထိန်းချုပ်၍မရတော့ဘဲ အူလှိုက်သည်းလှိုက် တခစ်ခစ်တဟားဟား ရယ်မောလိုက်မိလေသည်။

လက်စသတ်တော့ သူ့နှလုံးသားမှ ထွက်ပေါ်လာသော အခိုးအငွေ့များမှာ ရှူရှိုက်မိလျှင် လူကိုရယ်မောဟားတိုက်စေတတ်သော လပ်ဖင်းဂက်စ်ခေါ် နိုက်ထရပ်စ်အောက်ဆိုဒ်ဓာတ်ငွေ့တွေ ဖြစ်နေတာကိုး။

နောက်ဆုံးမတော့ ထိုအာဂနှလုံးသားကို ပိုင်ရှင်ထံသို့သာ ပြန်ပို့ပေးလိုက်ရလေသည်။

◆

နောက်တစ်နေ့ကျတော့ ထိုမိန်းမသည် နှလုံးအထူးကုဆရာဝန်ဆီ သွားပြသည်ဟု သတင်းကြားရသည်။ သူ့ရောဂါက တခြားနှလုံးရောဂါသည်တွေလို ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ မောပန်းခြင်း စသည်တို့မဟုတ်။ နှလုံးသားထဲက မခံမရပ်နိုင်လောက်အောင် ယားကျိကျိဖြစ်နေလို့ဆိုပဲ။

◆ ◆

*(မှတ်ချက်။ ။ ပုဒ်မ ၃၈၀/၅၄ = ခိုးမှု [illegible])*

***(အိုင်ဒီယာမဂ္ဂဇင်း၊ ၂၀[illegible]၊ ဇန်နဝါရီ)***

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မော်ဒန်စွမ်းအင်

ဓာတုအင်ဂျင်နီယာ ဒေါက်တာဒေဝစက္ကူသည် 'အောင်ပြီ၊ အောင်ပြီ' ဟုကြွေးကြော်ပြီးနောက် ဓာတ်ခွဲခန်းအပြင်သို့ ပြေးထွက်ခဲ့သည်။ သုတေသနဌာန အဆောက်အအုံအပြင်ကိုရောက်တော့မှ ပြင်ပလောကတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေကြောင်း သတိပြုမိ၏။

ညဉ့်နက်လှပြီ။ ထို့ကြောင့် အဆောက်အအုံထဲ ပြန်ဝင်ခဲ့ရသည်။ ဓာတ်ခွဲခန်းထဲပြန်ရောက်ပြီး တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ နှစ်နာရီထိုးလုပြီ။ သူ၏အောင်မြင်မှုကို ချက်ချင်းလက်ငင်းပြောပြစရာလူမရှိသဖြင့် စိတ်ထဲက မရိုးမရွဖြစ်နေရသည်။ ယခု စမ်းသပ်မှုမှာ အထူးလျှို့ဝှက်ထားဖို့လိုအပ်သဖြင့် လက်ထောက်တပည့်တပန်းပင် ခေါ်မထားဘဲ တစ်ယောက်တည်း ကျိတ်လုပ်ခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့် ဓာတ်ခွဲခန်းထဲမှာ သူတစ်ယောက်တည်းသာ ရှိနေသည်။

အခန်းထဲ၌ အင်ဂျင်စက်လည်သံ သဲ့သဲ့ကြားနေရသည်။ ထိုအင်ဂျင်စက်ကို နှိုးထားခဲ့သည်မှာ မိနစ်လေးဆယ်ရှိပြီ။ ခုထိ အရှိန်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ လည်နေတုန်း။ ဒီအတွက် အသုံးပြုရသည့် လောင်စာဆီမှာ မပြောပလောက်အောင်ပင် နည်းပါးသည်။ အားလုံးပေါင်းမှ တစ်စိစိသာဖြစ်၏။ အရပ်သုံးစကားနှင့်ပြောရလျှင် လောင်စာဆီတစ်စက်တည်းသာ အသုံးပြုရ၏။ ထိုအချက်သည်ပင် သူ၏ စမ်းသပ်သုတေသနပြုမှု အောင်မြင်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့် တစ်ကမ္ဘာလုံး အုံးအုံးကျွက်ကျွက် ဖြစ်လောက်အောင် ကြီးကျယ်သည့် တီထွင်မှုကြီး ဖြစ်လေသည်။

သို့ရာတွင် လောလောဆယ်မှာတော့ သူတစ်ယောက်တည်း။ မဟုတ်သေးပါဘူး။ ငါဟာ တစ်ယောက်တည်း မဟုတ်ပါဘူးဟု တွေးမိမှ သူ့ဇနီးကို သတိရလိုက်သည်။ ခုချိန်လောက်ဆို အိပ်နေလောက်ပြီ။ ဘာပဲဖြစ်ဖြစ် ဦးဦးဖျားဖျား ဆောလျင်စွာ အသိပေးရမည်။

တယ်လီဖုန်းယူပြီး အိမ်ကိုဆက်သွယ်လိုက်သည်။ အတန်ကြာတော့မှ သူ့ဇနီးက ဖုန်းကိုင်သည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ထားသော ရုပ်သံကားချပ်ပေါ်မှာ သူ့ဇနီး၏ပုံ ပေါ်လာသည်။ အိပ်ရာမှထလာရသဖြင့် အိပ်မှုန်စုံမွှားဖြစ်နေပုံကို မြင်ရသည်။ အိမ်က တယ်လီဖုန်း ကားချပ်ပေါ်မှာတော့ တက်ကြွလန်းဆန်းနေသည့် မိမိ၏ပုံ ပေါ်နေပေလိမ့်မည်။

"အချစ်ရေ၊ ကိုယ်စမ်းသပ်နေတဲ့ကိစ္စ အောင်မြင်သွားပြီ၊ ကိုယ်တို့ အရမ်းချမ်းသာတော့မယ်ကွ၊ သိလား… "

"ဟင်… ဟုတ်လား"

သူ့ဇနီးမှာ ချက်ချင်းအိပ်ချင်ပြေသွားပုံရပြီး အံ့သြဝမ်းသာမှုက မျက်နှာပေါ်မှာ ထင်ရှားပေါ်လွင်လာသည်။

"ကျွန်မတို့…၊ ကျွန်မတို့…"

ဟု ရေရွတ်ရင်း မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လျှံလာ



သည်။ သူက အလောတကြီးပြောလိုက်သည်။

"ဟော့ သိပ်အဖိုးတန်တဲ့ မျက်ရည်တွေကို အလဟဿ မဖြုန်းတီးပစ်နဲ့လေ"

♦

နှစ်ဆယ့်တစ်ရာစု အစောပိုင်းလောက်မှစ၍ ကမ္ဘာပေါ်တွင် စွမ်းအင် အကျပ်အတည်းဖြစ်လာခဲ့သည်။ အကြောင်းတရားတွေကတော့ အများကြီးပင်ဖြစ်၏။

ကမ္ဘာ့ရေနံသိုက်များ လျော့နည်းလာသည်။ အိုဇုန်းလွှာပေါက်ပြမှု ပိုမိုကျယ်ပြန့်လာသဖြင့် သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်စရာ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ရေနံစွမ်းအင်ကို အကန့်အသတ်ဖြင့်သာ သုံးစွဲကြရသည်။

ရေနံနေရာတွင် အဏုမြူစွမ်းအင်ကို အစားထိုးဖို့ ကြိုးစားကြသည်။ သို့ရာတွင် အဏုမြူစွမ်းအင်မှာ လက်နက်အဖြစ်လည်းအသုံးပြုနိုင်သဖြင့် အင်အားကြီးနိုင်ငံတွေက နည်းပညာ ဖြန့်ဝေပေးရန် တွန့်ဆုတ်နေကြသည်။ ထို့အပြင် အဏုမြူလောင်စာ စွန့်ပစ်ပစ္စည်းတွေ စုပုံလာပြီး အဆိပ်အတောက်ဖြစ်လာသည်။ ပတ်ဝန်းကျင်ပျက်စီးမှု၊ လေထုညစ်ညမ်းမှုများ ဖြစ်လာသည်။ အချို့နိုင်ငံများက ကိုယ့်မှာရှိသမျှ နည်းပညာဖြင့် အဏုမြူဓာတ်အားပေးစက်ရုံများ တည်ထောင်ကြသည်။ နည်းစနစ်အားနည်းမှုကြောင့် စက်ရုံတွေပေါက်ကွဲမှုဖြစ်သည်။ ရေဒီယိုသတ္တိကြွမှုကြောင့် လူအများအပြား သေကြေကြရသည်။ သီးနှံများ၊ စားသောက်ကုန်များ ဓာတ်ရောင်ခြည်သင့်ပြီး သုံးမရ၊ စားမရ ဖြစ်ကုန်သည်။ အဏုမြူစွမ်းအင် ထုတ်လုပ်ရာမှာ ကုန်ကြမ်းအဖြစ်သုံးရသော ယူရေနီယံဈေးကလည်း အဆွန်ကြီးမြင့်လာ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တွက်ခြေမကိုက်ဘဲ ဖြစ်လာလေသည်။

ထိုအခါ ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းစင်သော ရေအားလျှပ်စစ်ထုပ်လုပ်မှုများ တွင်ကျယ်လာသည်။ ရေတံခွန်မှန်သမျှ၊ မြစ်ချောင်းမှန်သမျှမှာ ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ကြသည်။ ဒါကလည်း မြစ်ချောင်းပေါများသော ဒေသအတွက်သာ အဆင်ပြေသည်။ မြစ်တွေ၊ ချောင်းတွေဆိုတာကလည်း ခရီးသွားရေး၊ ကုန်စည်ပို့ဆောင်ရေးအတွက်လည်း သုံးဖို့နေရာ ပေးရသေးသည်။

တချို့ကတော့ ပင်လယ်ဒီရေလှိုင်း၏ ရိုက်ခတ်မှုအားကိုယူ၍ လျှပ်စစ်ထုတ်ယူကြသည်။ တချို့လည်း ပင်လယ်တွင်းရှိ ရေစီးကြောင်းများမှ ထုတ်ယူဖို့ ကြိုးစားကြသည်။ လေရဟတ်များ ပြန်လည်ခေတ်စားလာသည်။ ကုန်းမြင့်များ၊ ပင်လယ်ကမ်းစပ်များတွင် တိုက်ခတ်သော လေအဟုန်ဖြင့် ရဟတ်များကို လည်ပတ်စေပြီး လျှပ်စစ်ဓာတ်ထုတ်ယူကြသည်။

အချို့သိပ္ပံပညာရှင်များက တစ်မျိုးကြံစည်သည်။ သူတို့စိတ်ကူးက အလွန်သေးငယ်ပေါ့ပါးသော ရဟတ်ကလေးများကို မြေပြင်ပေါ်တွင် ချထားမည်။ တကယ်တော့ ထိုရဟတ်ကလေးများမှာ ဂျင်နရေတာ အသေးစားကလေးများသာဖြစ်သည်။ မိုးရွာသောအခါ ကောင်းကင်မှကျလာသည့် မိုးစက်မိုးပေါက်တို့ ထိမှန်သည့်အရှိန်ဖြင့် ရဟတ်ကလေးများ လည်ပတ်မည်။ ထိုအခါ မပြောပလောက်သော လျှပ်စစ်ဓာတ်အားကိုရမည်။ ထိုကဲ့သို့သော ကိရိယာလေးပေါင်း သိန်းနှင့်ချီ၍ရှိသောကြောင့် အားလုံးစုပေါင်းလိုက်လျှင် မြင့်မားသော လျှပ်စစ်ဓာတ်အားကို ရနိုင်မည်ဟု စိတ်ကူးသည်။ သို့ရာတွင် မိုးဆိုတာက မိုးတွင်းမှာတောင် နေ့တိုင်းရွာတာမဟုတ်။

တချို့ကလည်း ဓာတ်အားရုံကြီးများတွင် မိုးကြိုးမြှုသည့် ကိရိ



ယာများ တပ်ဆင်မည်။ ထိုအခါ ပစ်သမျှမိုးကြိုးများက ထိုကိရိယာကို လာမှန်မည်။ မိုးကြိုးပစ်ရာမှရရှိသော လျှပ်စစ်ဓာတ်အားကို သိုလှောင်၍ လိုအပ်သလို ဖြန့်ဖြူးနိုင်မည်ဟု သီအိုရီထုတ်သည်။ ထိုသီအိုရီအရဆိုလျှင် 'ဘုရားရှူး မိုးကြိုးပစ်' ဟု ကျိန်တွယ်သူတွေ များလာဖွယ်ရာရှိသည်ဟု သတင်းစာများက ထေ့ကြလှောင်ကြသည်။

နောက်ပိုင်းတွင် နေရောင်ခြည်စွမ်းအင်သုံးစွဲမှု များပြားလာခဲ့သည်။ နေရောင်ကို ဖောဖောသီသီရသော နိုင်ငံများ တစ်ပန်းသာသည်။ တချို့က နေရောင်ခြည်ကို အိတ်စပို့လုပ်ဖို့ နည်းပညာတွေ ရှာဖွေလာကြသည်။

နေရောင်ခြည်အရနည်းသော နိုင်ငံများက တစ်မျိုးကြံစည်ကြသည်။ နေရောင် အမြဲရနိုင်သော ကမ္ဘာ့လေထုအပြင်ဘက်သို့ ဓာတ်အားစုဆောင်းသည့် ဂြိုဟ်တုစက်ရုံများ လွှတ်တင်မည်။ ရရှိသော လျှပ်စစ်ဓာတ်အားကို မိုက်ခရိုဝေ့ဖ်အဖြစ် အသွင်ပြောင်း၍ မြေပြင်စခန်းသို့ ပို့မည်။ မြေပြင်စခန်းက မိုက်ခရိုဝေ့ဖ်များကို လျှပ်စစ်ဓာတ်အားအဖြစ် ပြန်ပြောင်းပြီး ဖြန့်ဖြူးမည်။

သို့ရာတွင် အထက်ပါနည်းပညာအားလုံးမှာ ကုန်ကျစရိတ်မြင့်မားသည်ချည်းပင်ဖြစ်၍ အခက်ကြုံနေကြရသည်။

ဒီလိုအခြေအနေမှာပင် ကမ္ဘာ့အီလက်ထရွန်းနစ်ဈေးကွက်က အလွန်အမင်း ကြီးထွားလာသည်။ နည်းပညာ တိုးတက်ဆန်းသစ်လာမှုကြောင့် အီလက်ထရွန်းနစ် ပစ္စည်းများမှာ လူတိုင်းအလွယ်တကူဝယ်သုံးနိုင်လောက်အောင် ဈေးချိုလာ၏။ ထို့အပြင် မော်တော်ယာဉ်သင်္ဘော၊ မီးရထား၊ လေယာဉ် စသည်တို့လည်း အဆမတန် များပြားလာခဲ့သည်။ တစ်ဖက်က စွမ်းအင်ထုတ်လုပ်မှု ကျဆင်းနေချိန်ဖြစ်သောကြောင့် အထုတ်နှင့် အသုံး မမျှဘဲ အကျပ်အတည်းက ပိုပြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ထိုအခါ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေသည်ဆိုသော အကြောင်းပြချက်ဖြင့် အကန့်အသတ်နှင့်သာ အသုံးပြုနေရသော ရေနံလောင်စာကို အပြည့်အဝ ပြန်လည်အသုံးပြုခွင့်ပေးသင့်ကြောင်း အဆိုပြုသောနိုင်ငံများ ပေါ်ပေါက်လာသည်။ သူတို့က ရေနံသုံးစွဲမှုကို ကန့်သတ်မည့်အစား ပေါက်ပြဲသွားသော အိုဇုန်းလွှာကိုဖာထေးဖို့သာ ကြိုးစားသင့်သည်ဟု အဆိုပြုသည်။ ကမ္ဘာ့နိုင်ငံအားလုံး စုပေါင်းအကုန်အကျခံပြီး အိုဇုန်းဓာတ်ငွေ့ထုတ်လုပ်သည့် ဧရာမဂြိုဟ်တု စက်ရုံကြီးကို လွှတ်တင်ပြီး ပေါက်ပြဲသောနေရာကို ဖာထေးပြုပြင်နိုင်သည်ဟု အကြံပေးသည်။

နောင်မှ ဖြစ်ချင်တာဖြစ်၊ လောလောဆယ် လောင်စာအကျပ်အတည်း ပြေလည်ရင်ပြီးရောဆိုပြီး ရေနံလောင်စာကို ကိုယ့်သဘောနှင့်ကိုယ်သုံးဖို့ တာစူသောနိုင်ငံများလည်း ရှိလာသည်။

တကယ်တော့ ရေနံကို အပြည့်အဝ ပြန်သုံးလာလျှင်ပင် လောင်စာစွမ်းအင် အကျပ်အတည်းက အထိုက်အလျောက်သာ ပြေလည်နိုင်မည်။ ရေနံထုတ်လုပ်မှုက လျော့ကျနေပြီ မဟုတ်လား။

♦

အထက်ပါ အကြောင်းအချက်များကြောင့် သိပ္ပံပညာရှင်များသည် အစားထိုးနိုင်မည့် လောင်စာနည်းပညာများကို အသည်းအသန် သုတေသနပြု ရှာဖွေကြလေသည်။ အချို့မှာ စိတ်ကူးအဆင့်၊ အချို့မှာ သီအိုရီအဆင့်၊ တချို့ကတော့ သက်တွေ့စမ်းသပ်ပြနိုင်သည်။ သို့ရာတွင် အလုပ်ဖြစ်လောက်အောင် ထုတ်လုပ်ဖို့ အခက်အခဲတွေ ရှိနေသည်။



ထိုအချိန်တွင် ဒေါက်တာဒေဝစက္ကူက ရေနံနေရာတွင် အစားထိုးနိုင်မည့် လောင်စာအရည်တစ်မျိုးကို သုတေသနပြုလုပ် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုအရည်ကား အခြားမဟုတ် 'မျက်ရည်'ပင်ဖြစ်လေ၏ ။

မျက်ရည်၏စွမ်းအင်ကလည်း အံ့မခန်းပင်ဖြစ်၏။ မျက်ရည် တစ်စီစီ (တစ်စက်ခန့်)သည် ဓာတ်ဆီတစ်လီတာ၏ စွမ်းအားနှင့် ညီမျှသည်။ တစ်နည်းအားဖြင့် မျက်ရည်သည် ဓာတ်ဆီထက် အဆပေါင်းတစ်ထောင် ပို၍အစွမ်းထက်သည်။

သူ၏ တီထွင်မှုက အလွန်အကျိုးပြုသည်။ မျက်ရည်၏ စွမ်း အားက အလွန်မြင့်မားသဖြင့် မော်တော်ယာဉ်များမှာ မျက်ရည်တစ်ကြိမ်ဖြည့်ထားလျှင် တစ်သက်လုံးမောင်းနှင်နိုင်သလို ဖြစ်နေ၏။ ပင်လယ်ကူးသင်္ဘောကြီးများမှာ အရင်လို ဒီဇယ်ဆီဂါလန်ပေါင်း ထောင်သောင်းချီ ထည့်သွားစရာ မလိုတော့။

လောင်စာဆီအတွက် အလေးချိန်ရော၊ နေရာအကျယ်အဝန်းပါ သက်သာသွားသဖြင့် ကုန်စည်အမြောက်အမြား ပိုမိုတင်ဆောင်နိုင်သည်။ ဒုံးပျံများ၊ အာကာသလွန်းပျံယာဉ်များလည်း လောင်စာအရည်အခဲ တန်နှင့်ချီပြီး သယ်ဆောင်စရာ မလိုတော့သဖြင့် ခရီးအကွာအဝေး ပိုမိုသွားနိုင်သည်။ အင်္ဂါဂြိုဟ်ပေါ်သို့ လူဆင်းသက်နိုင်ပြီဖြစ်၏ ။

အိမ်တိုင်း အိမ်တိုင်းတွင် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားပေးစက်များရှိပြီး မျက်ရည်တစ်လီတာ ထည့်ထားလျှင် သုံးနှစ်လောက် အဆက်မပြတ် လည်ပတ်နိုင်သည်။

အဆိုပါနည်းပညာကို စတင်တီထွင်ခဲ့သော ဒေါက်တာ ဒေဝစက္ကူမှာ နေ့ချင်းညချင်း ချမ်းသာသွားသည်။ ထို့အတူ မျက်ရည်သည်

www.burmeseclassic.com

www.burmeseclassic.com



ဈေးကောင်းရသောပစ္စည်း ဖြစ်လာသည်။ ကမ္ဘာပေါ်တွင် မျက်ရည်ဈေးကွက် ပေါ်ထွန်းလာသည်။ မျက်ရည်ကို ဈေးကောင်းပေး၍ လိုက်လံစုဆောင်းဝယ်ယူသည့် ကုမ္ပဏီများ ပေါ်ပေါက်လာသည်။

လူတို့သည်လည်း ငိုကြွေးခြင်း၌ ခုံမင်လာကြသည်။ အငိုသင်တန်းများ၊ အငို အကျိုးဆောင်လုပ်ငန်းများ ထွန်းကားလာသည်။ အလွမ်းအဆွေး ရုပ်ရှင်ဇာတ်ကားများ၊ အလွမ်းဝတ္ထုများ ခေတ်စားလာသည်။ မိန်းကလေးတွေကလည်း မူးရူးနှိပ်စက်တတ်သော ယောကျ်ားများကိုမှ ရွေး၍လက်ထပ်ကြသည်။ မျက်ရည်နှင့်မျက်ခွက် ဖြစ်လေ၊ တွက်ခြေကိုက်လေ မဟုတ်လား။ အငိုသန်သောကလေးများကို အကျိုးပေးသည်ဆိုပြီး မိဘတွေက ပိုချစ်ကြသည်။ တချို့မိဘတွေကတော့ ကလေးတွေကို အကြောင်းမရှိ အကြောင်းရှာပြီး ရိုက်ကြသဖြင့် ဥပဒေထုတ်ပြီး တားမြစ်ယူရ၏။

တချို့က မျက်ရည်ချူသည့်အနေဖြင့် ကြက်သွန်ဥနီများကို ရှူကြသောကြောင့် ကြက်သွန်နီဈေးတွေ တက်ကုန်သည်။ နှာချေလျှင် မျက်ရည်ထွက်တတ်သည်ဟုဆိုသဖြင့် ကတိုးနှာရှူကြရာ အချေလွန်ပြီး နှာခေါင်းရောဂါတွေ ဖြစ်သူတွေလည်းရှိသည်။ မျက်စဉ်းတွေ ခတ်လိုခတ်၊ မျက်စိထဲ ပရုတ်ဆီထည့်လိုထည့် လုပ်ကြသဖြင့် မျက်စိပျက်သူတွေလည်း မနည်းလှချေ။ မီးခိုးမှိုင်း အရှူကောင်းသဖြင့် အဆုတ်ရောဂါရသူတွေကလည်း ကစ်မှောင့်။

မျက်ရည်ဆိုသည်မှာ အစွမ်းထက်တာတော့မှန်သည်။ သို့ရာတွင် ရေနံလို မြေကြီးထဲက အလွယ်တကူ ထုတ်ယူလို့မရ။ လူ၏ခန္ဓာကိုယ်မှ ထွက်လာရခြင်းဖြစ်၏။ လူတွေကလည်း လောဘကြီးသည်။ ကိုယ်အသုံးလိုသလောက်သာမဟုတ်ဘဲ စီးပွားဖြစ်ထုတ်ချင်လာသည်။ မျက်ရည်ဈေးကလည်း တဖြည်းဖြည်းပိုတက်လာသဖြင့် မျက်ရည်



မထွက်ထွက်အောင် နည်းမျိုးစုံဖြင့် ကြိုးစားလာကြသည်။ အစပိုင်းမှာ ဟုတ်သလိုလိုရှိသော်လည်း ကြာရှည်ကျတော့ မလွယ်လှ။ မျက်ရည်ခန်းခြောက်သည့်ရောဂါတွေ ဖြစ်လာ၏။

ဤသို့ဖြင့် မျက်ရည်ရှားပါးလာသည်။ ဈေးကလည်း အဆမတန် တက်လာသည်။ ချွေးဖြင့် မျက်ရည်အတုလုပ် ရောင်းသူတွေပင်ရှိလာသည်။ ဟိုအရင်တုန်းကလို စွမ်းအင်အကျပ်အတည်းဆိုက်ဖို့ ဦးတည်လာပြန်သည်။

သို့တိုင်အောင်...။

◆

ရပ်ကွက်တစ်ခုတွင် လူပျိုကြီးတစ်ယောက် ရှိလေ၏။ ထိုသူမှာ သူများတကာလို အခက်အခဲမရှိ။ နေ့စဉ်နေ့တိုင်း ပင်နှင်စလင်တစ်ပုလင်းစာခန့်ရှိသော မျက်ရည်ကို ပုံမှန်ထုတ်ရောင်းနေနိုင်သည်။ ထိုရောင်းရငွေဖြင့် ချောင်လည်စွာ နေထိုင်စားသောက်နိုင်သည်။ တိုက်တစ်လုံးဝယ်ပြီး နောက်ဆုံးပေါ် ကားအသစ်တစ်စီးတောင် စီးနိုင်သည်။

ထိုအခါ အခြားလူတွေက သူ့အပေါ်စိတ်ဝင်စားလာကြသည်။ ဘာကြောင့် ခုလို နေ့စဉ်ပုံမှန် မျက်ရည်ထုတ်လုပ်နေနိုင်သလဲ သိချင်လာကြသည်။ သူ့ကိုမေးတော့လည်း ပြုံးစေ့စေ့သာလုပ်နေ၏။

လူတွေက အမျိုးမျိုး ထင်မြင်ချက်ပေးကြသည်။ ဟို အရင်က ရည်းစားကွဲခဲ့တာတွေ ပြန်စဉ်းစားပြီး မျက်ရည်ကျကျနေတာ ဖြစ်နိုင်တယ်၊ ရည်းစားဟောင်းရဲ့ ဖြတ်စာတွေ ပြန်ဖတ်လို့နေမှာပေါ့ စသည်ဖြင့် တွေးတောကြသည်။ သို့ရာတွင် သူ့မှာ ဘယ်တုန်းကမှ ရည်းစားရှိခဲ့တာမဟုတ်။ ပြီးတော့ သူ့ကြည့်ရတာ ညည ငိုထားသည့်ပုံလည်း မပေါ်။ စားကောင်းသောက်ကောင်း ဝဝဖြိုးဖြိုး။ မျက်နှာကလည်း

www.burmeseclassic.com



ကြည်ကြည်လင်လင်။

နောက်ဆုံးတော့ ညဘက်ကျလျှင် သူဘာလုပ်သလဲ တိတ်တဆိတ် ချောင်းကြည့်ကြဖို့ ဆုံးဖြတ်ကြသည်။ ဤသို့ဖြင့် တစ်ညမှာ သူ့အိမ်ကိုချဉ်းကပ်ပြီး ချောင်းမြောင်းကြသည်။ ထိုအခါကျမှ လူပျိုကြီး၏ လျှို့ဝှက်ချက်ကို သိကြရလေ၏။

လူတွေ အမှတ်တမဲ့ဖြစ်ပြီး မေ့လျော့နေသည့်အချက်ကို လူပျိုကြီးက ကောင်းစွာအသုံးချခဲ့ခြင်းဖြစ်၏။ တခြားမဟုတ် လူတို့သည် ငိုမှသာ မျက်ရည်ထွက်ခြင်းမဟုတ်။ ဟက်ဟက်ပက်ပက် ရယ်မောလျှင်လည်း မျက်ရည်ထွက်တတ်သည်ဆိုသော အချက်ပင်ဖြစ်၏။

လူပျိုကြီးသည် ညအိပ်ခါနီးလျှင် ရယ်စရာမဂ္ဂဇင်းကိုဖတ်သည်။ ထို့နောက် ခွက်ထိုးခွက်လန် ရယ်လေသည်။ ရယ်ရလွန်း၍ မျက်ရည်များထွက်ကျလာသောအခါ ပုလင်းကလေးဖြင့် ခံထားပြီး နောက်တစ်နေ့ ထုတ်ရောင်းသည်။ ဤသည်မှာ သူ၏ညစဉ်အလုပ်ဖြစ်၏။

ထိုသတင်းမှာ တစ်ယောက်စကား တစ်ယောက်နားသို့ ပျံ့နှံ့သွားပြီး လူတိုင်းလူတိုင်း ရယ်စရာမဂ္ဂဇင်းကို အလုအယက် ဝယ်ယူငှားရမ်း ဖတ်ရှုကြသည်။ ထိုအကြောင်းကို ကမ္ဘာကပါသိသွားသောအခါ မဂ္ဂဇင်းတိုက်သို့ အမှာစာတွေ အမြောက်အမြား စုပြုံရောက်ရှိလာသည်။

ဤသို့ဖြင့် ရယ်စရာမဂ္ဂဇင်းမှာ ဘာသာပေါင်းများစွာဖြင့် စောင်ရေသန်းပေါင်းများစွာ ရိုက်နှိပ်ပြီး ကမ္ဘာအနှံ့ ဖြန့်ချိရောင်းချရသည်။ မဂ္ဂဇင်းထုတ်ဝေသူမှာလည်း ကမ္ဘာ့အချမ်းသာဆုံးစာရင်း ဝင်သွားသည်။ စာရေးဆရာများအား မဂ္ဂဇင်းမှ ဟာသဝတ္ထုတိုတစ်ပုဒ်အတွက် စာမူခ ဒေါ်လာတစ်သိန်း ချီးမြှင့်သည်။ ဟာသစာရေးဆရာများမှာ ကိုယ်ပိုင် ဂျက်လေယာဉ်များ၊ ဇိမ်ခံရွက်သင်္ဘောများ၊ ရိုးစ်ရွိုက်ကားများ၊



မာစီဒီးကားများ ဝယ်စီးကြလေတော့သည်။


(ပျော်စရာကောင်းလေစွ)

◆ ◆

*(သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း၊ ၁၉၉၆၊ ဩဂုတ်)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်စမ်းပုစ္ဆာ

ရှေးလူကြီးများ တော်တော်ပညာပြချင်တတ်သည်။ နှောင်းလူတွေကို ဆုံးမချင်တာ၊ မှာခဲ့ချင်တာရှိတဲ့အခါ တိုက်ရိုက်တည့်တည့် ပြောလိုက်လျှင် ရလျက်သားနှင့် ပဟေဠိစကားထာတွေနဲ့ ဦးနှောက်စားအောင်လုပ်တတ်သည်။

သိုက်စာ၊ အတိတ်၊ တဘောင်တွေဆိုလျှင် ဘယ်အရပ်ကနေ မြောက်စူးစူးကို ခရီးတာ ဘယ်လောက်သွား၊ ဘာပင်တွေ့လိမ့်မယ်။ အဲဒီကနေ အရှေ့တောင်ကို ခြေလှမ်းငါးဆယ်လှမ်း ကျောက်ဂူတွေ့မယ်။ ဒီလိုမဟုတ်ဘဲ အဓိပ္ပာယ်ဖော်ရခက်အောင် ကွယ်ဝှက်ပြီးရေးထားတော့ ရှာဖို့ခက်သွားတာပေါ့။ စကတည်းက မပေးချင်လည်း ဘာကြောင့် သိုက်ညွှန်းစာ ရေးနေရသေးလဲ။ ရှေ့ဘာဖြစ်မယ်ဆိုတာ ဟောကိန်းထုတ်ချင်လည်း တည့်တည့်ပြောပါလား။ ဘာဖြစ်လို့ တဘောင်တွေ စနည်းတွေ လုပ်နေရတာလဲ။

အင်္ဂလိပ်ရတ်မှာလည်း ဒီလိုပဲ။ မာတုဗေဒပညာလို ပုံသေနည်းတွေ ညီမျှခြင်းတွေနဲ့ တိတိကျကျမပြောကြ။ လင်္ကာတွေ စာချိုးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်စိလည်အောင် လုပ်တတ်သည်။

ဆေးညွှန်းပေးတာတောင် စကားထာဝှက်သလို လုပ်ချင်သည်။ သွားကိုက်ပျောက်ဆေးနည်းတစ်ခုမှာ 'ငါးပိလက်လေးသစ်'တဲ့။ ဘယ့်နှယ် ငါးပိလက်လေးသစ်ဆိုတော့ သွားမှာသိပ်ဖို့ နေနေသာသာ ပါးစပ်ထဲတောင်ထည့်ဖို့မလွယ်။

အမှန်က ပါဝင်သောဆေးအမယ်များမှ ပထမစာလုံးများဖြင့် အတိုက်ကောက်မှတ်ထားခြင်းဖြစ်၏။ င=ငရုတ်ကောင်း၊ ပိ=ပိတ်ချင်း၊ လက်=လက်ချား၊ လေး=လေးညှင်း၊ သစ်=သစ်ကြံပိုးခေါက်တို့ဖြစ်သည်။ ဒီနေရာမှာ အဓိပ္ပာယ်အကောက်လွဲသွားနိုင်သည်။ 'င'ကို ငရုတ်သီး၊ 'လက်'ကို လက်ထုတ်ကြီး၊ 'သစ်'ကို သစ်ဆိမ့်သီးဆိုပြီး မှားထည့်မိလျှင် ဘယ်လိုလုပ်မလဲ။

ကိုယ်မရှိတော့တဲ့အချိန်မှာ သားသမီးတွေ လိမ္မာအောင်၊ ဒုက္ခမရောက်အောင် မှာကြားဆုံးမရာမှာတောင် ဇဝေဇဝါဖြစ်အောင် လုပ်ခဲ့သေးသည်။ ပုံပြင်တစ်ခုတောင် ရှိသေးတယ်လေ။ သူဌေးကြီး သေဆုံးတော့ သူ့သားကို မှာခဲ့တာက ...

ခေါင်းတစ်ရာသား စားပါ။

အိမ်နောက်ဖေး ဈေးဆိုင်တည်ပါ။

ခေါင်းသုံးလုံးနဲ့ ပညာရှိကို ဆည်းကပ်ပါ။

ဒီတော့... သားလုပ်တဲ့သူက ကြက်၊ ဘဲ၊ သိုး၊ ဆိတ်၊ ဝက်၊ အမဲ စသည်ဖြင့် အကောင်တစ်ရာဝယ်ပြီး ခေါင်းဖြတ်စားသည်။ ငွေတွေ သောက်သောက်လဲကုန်သည်။

အိမ်နောက်ဖေး ဈေးဆိုင်ဖွင့်ရောင်းသည်။ ဘယ်သူမှ လာမဝယ်သဖြင့် အကြီးအကျယ်ရှုံးသည်။

နောက်ဆုံး ခေါင်းသုံးလုံးနှင့် ပညာရှိကို လိုက်ရှာသည်။



အသက်အရွယ် အိုမင်းလွန်းသဖြင့် ခါးကိုင်းနေပြီး ဆောင့်ကြောင့်ထိုင်နေသောအခါ ဦးခေါင်းက ဒူးနှလုံးကြားထဲရောက်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရ၏။ ရုတ်တရက်ကြည့်လိုက်လျှင် ဦးခေါင်းသုံးလုံးဟု ထင်ရသည်။ ထိုအဘိုးအိုကို မေးကြည့်တော့မှ သူ့အဖေမှာခဲ့သည့်အချက်များ၏ ဆိုလိုရင်းကို သိရလေသည်။

'ခေါင်းတစ်ရာသားစားပါ'ဆိုတာက ဈေးသက်သာသော ငါးသေးငါးဖွဲကလေးတွေ စားနိုင်ခြင်းနှင့် 'အိမ်နောက်ဖေး ဈေးဆိုင်တည်'ဆိုတာက ဟင်းသီးဟင်းရွက်စိုက်နိုင်ခြင်း ဖြစ်လေ၏။

စောစောစီးစီးက မသိသဖြင့် သားဖြစ်သူမှာ အချိန်ကုန်၊ ငွေကုန်၊ လူပန်း၊ ဦးနှောက်ခြောက် ဖြစ်ခဲ့ရလေသည်။

တကယ်တော့... ခုလို ရှေးလူကြီးတွေကို ဝေဖန်မိတာကလည်း သူ့အဖေကြောင့်သာဖြစ်၏။ သူ့အဖေသည် သူ့ခေတ် သူ့အခါကတော့ ခေတ်အမြင်ရှိသူဖြစ်၏။ အသက်ကြီးလာတော့လည်း ရှေးလူကြီးဖြစ်သွားခဲ့သည်။

သူ့အဖေဆုံးခါနီးတွင် သူ့ကို စာအိတ်တစ်အိတ် ပေးသွားသည်။ အထဲမှာ စာတစ်စောင်ပါသည်။ စာထဲမှာ လမ်းညွှန်မှာကြားချက်တွေ ရေးထားသည်။ ရှေးလူကြီး မပီသမှာစိုးလို့လားမသိ။ ပဟေဠိဆန်ဆန် ရေးထားသည်။

ပထမ လမ်းညွှန်ချက်က

'နို့အလုံးတစ်ရာကို စို့ပါ'

တကယ်ပဲ နို့အလုံးတစ်ရာကို စို့နိုင်ခြင်းမဟုတ်တာတော့ သေချာသည်။ ကိုယ့်သားကို ပါးအချက်တစ်ရာ အရိုက်ခံရအောင်တော့ ဘယ်အဖေမှ ချောက်တွန်းမှာမဟုတ်။ ဒါဖြင့် ဘာအဓိပ္ပာယ်လဲ၊ ဘာကိုဆိုလိုတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သွားစို့လို့ ပါးရိုက်မခံရနိုင်တာက နွားမတွေ့ပဲရှိသည်။ ဒါတောင် ချဉ်းကပ်နည်းမမှန်လျှင် အကန်ခံရနိုင်သည်။ နွားမပေါင်းများစွာက နို့များကို စုပေါင်းပြီးချက်ထားသော နို့ဆီကိုများ ပြောတာလား။ မဖြစ်နိုင်။ ဟိုအရင်တည်းက လက်ဖက်ရည်ကို တစ်နေ့ သုံးခွက်လောက် သောက်ခဲ့တာပဲ။ လက်ဖက်ရည်သောက်တိုင်း နို့ဆီပါနေခဲ့တာပဲ။

စဉ်းစားလို့မရသဖြင့် ခေါင်းရှင်းသွားအောင် ရုပ်မြင်သံကြားထိုင်ကြည့်နေလိုက်သည်။ အရေးထဲ ကြော်ငြာတွေက များလိုက်တာ။ ဒီထဲကမှ ကြော်ငြာတစ်ခုကို သတိပြုမိ၏။ မိုးဒီနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ကြသော ကြော်ငြာ။ ဒီတော့မှ ဉာဏ်အလင်းရသွားသည်။

သူသည် ပဲနို့ရည်ကို ဝယ်သောက်လေတော့သည်။ တစ်နေ့ တစ်ပုလင်း မှန်မှန်သောက်သည်။ ပဲနို့ရည်ထဲမှာ ပရိုတင်းတွေ၊ လိုင်စင်းတွေပါနေသဖြင့် ကျန်းမာပြီး ဝဖြိုးလာလေတော့သည်။

ဒုတိယအချက်ကတော့

'အိမ်နောက်ဖေးမှာ ဘဏ်တိုက်ဆောက်ပါ'

သူ့အိမ်နောက်ဘက်က ကွက်လပ်ကလေးမှာ ဘဏ်တိုက်နေနေသာသာ အပေါင်ဆိုင်ဆောက်ဖို့လောက်တောင် ကျယ်ဝန်းတာမဟုတ်။ ပြီးတော့ သူ့ဝင်ငွေကလည်း ဘဏ်မှာအပ်ပြီး စုဆောင်းထားရလောက်အောင် ပိုလျှံနေတာမဟုတ်။ ဝင်ငွေနဲ့ စားသောက်စရိတ်နဲ့ မျှတရုံလောက်ပဲ။

စုဆောင်းစရာဆိုလို့...

အဲ... ဟုတ်ပြီ။ စားလိုက်တဲ့အစာတွေက ပျောက်ပျက်သွားတာမဟုတ်။ အသွင်ပြောင်းပြီး ပြန်ထွက်လာတာလေ။ ဒါတွေကို စုဆောင်းထားဖို့အတွက် အိမ်နောက်ဖေး ကွက်လပ်မှာ အိမ်သာတစ်လုံးဆောက်လိုက်သည်။



တတိယအချက်မှာ

'ငရဲပြည်နှင့် ဆက်သွယ်ပါ'

ငရဲပြည်ဆိုတာ လူကိုယ်တိုင်သွားဖို့ကလွဲပြီး ဆက်သွယ်နိုင်သည့် တခြားနည်းလမ်းမရှိ။ တယ်လီဖုန်းဆက်လို့ ရတာလည်းမဟုတ်။ ဖက်စ်တွေ၊ အီးမေးလ်တွေပို့လို့ ရတာလည်းမဟုတ်။ တစ်နည်းပဲရှိသည်။ မြေကြီးကိုဖောက်ပြီး အဝီစိရောက်အောင်တူးဖို့။

ဒီလိုလျှောက်တွေးကြည့်မှ အဖြေပေါ်လာသည်။ အဝီစိတွင်းတစ်တွင်းတူးလိုက်သည်။ သူတို့ရပ်ကွက်က ရေရှားသည်။ ထို့ကြောင့် အဝီစိတွင်းရေကို ရောင်းစားသောအခါ တွက်ခြေကိုက်ကြောင်းတွေ့ရ၏။

ကဲ... နောက်တစ်ခု။

'ခြေထောက် အရောင်းအဝယ်ပြုလုပ်ပါ'

ဒါဟာ ဝက်ခြေထောက်စွပ်ပြုတ် ရောင်းခိုင်းတာတော့ မဖြစ်နိုင်။ ချိုင်းထောက်လုပ်ရောင်းလို့လည်း စီးပွားဖြစ်မှာမဟုတ်။

ထိုစဉ်မှာ သူငယ်ချင်းတစ်ယောက် ကားလေးနှင့်ရောက်လာသည်။ လက်ဖက်ရည်ဆိုင်ထိုင်ကြရင်း သူကပြောသည်။

"ဟိုတစ်ခါလာတုန်းက ဒီကားမဟုတ်ပါဘူး"

"ဟိုကားလေးက မြတ်လို့ရောင်းလိုက်ပြီ၊ ဒီကားကလည်း ဈေးချောင်လို့ ဆွဲထားတာ၊ ဝယ်ရောင်းလုပ်တာ မဆိုးဘူးကွ၊ လုပ်တတ်ကိုင်တတ်ရင် ဝင်ငွေလည်းရတယ်၊ ခြေထောက်လည်းရတာပေါ့"

"ဘာ... ခြေထောက် ဟုတ်လား"

"အေးလေ... ငါတို့လောကမှာတော့ ကားဝယ်စီးတာကို ခြေ

www.burmeseclassic.com



ထောက်တပ်တယ်လို့ခေါ်တယ်၊ မင်းလည်း ခြေထောက်တပ်သင့်တယ်ကွ"

"အင်း... ဟုတ်တယ်၊ ငါသဘောပေါက်ပြီ"

သူသည် အောက်ကားလေးတစ်စင်းကိုစဝယ်၍ ပြုပြင်မွမ်းမံပြီး ပြန်ရောင်းရာ အမြတ်ငွေ နည်းနည်းပါးပါးရသည်။ လုပ်တတ်ကိုင်တတ်သွားတော့ အောက်ဈေးနှင့်ရှာဝယ်ပြီး တက်ဈေးမှာပြန်ရောင်းရင်း စီးပွားရေးအခြေအနေ တိုးတက်မှုရှိလာသည်။

'ကျင်ငယ်ရည် ထုတ်လုပ်သည့်စက်တည်ပါ'

အဖေကတော့ အတော်ပေါက်ပေါက်ရှာရှာနိုင်းတာပဲဟု သူတွေးသည်။ အဓိပ္ပာယ်တော့ ဖော်လို့မရ။ ကျင်ငယ်ရည်ဆိုတာ တစ်ခုခုကို တင်စားတာပဲဆိုတာတော့ ရိပ်မိသည်။ ဘာလဲဆိုတာ စဉ်းစားရခက်နေသည်။

ထို့ကြောင့် အာရုံအပြောင်းအလဲဖြစ်အောင် လမ်းထွက်လျှောက်သည်။ လမ်းမှာ ရပ်ကွက်ထဲက ဝါရင့်ယမကာသမားကြီးတစ်ယောက်နှင့် တွေ့သည်။

"ဘယ်သွားမလို့လဲကွ"

ဟုမေးသဖြင့် သူက

"ပျင်းပျင်းရှိလို့ ထွက်လာတာပါ၊ ဘီယာစတေးရှင်သွားထိုင်ရကောင်းမလားလို့၊ လိုက်ချင် လိုက်ခဲ့ပါလား၊ ကျွန်တော်တိုက်ပါ့မယ်" ပြောတော့ ယမကာသမားကြီးက

"တော်ပါပြီကွာ၊ ငါက ဘီအီးကလွဲရင် ဘာမှမကြိုက်ဘူး၊ မင်း ဘီယာက အများကြီးသောက်ပြီးမှ နည်းနည်းလေးမူးတာ၊ ဆီးခဏခဏသွားရတာပဲ အဖတ်တင်တယ်"

သူ့ခေါင်းထဲမှာ လက်ခနဲ အကြံရသွားသည်။ ဘီယာသောက်



လျှင် ဆီးရွှင်စေသည်။ ကျင်ငယ်ရည်ထုတ်လုပ်သည့်စက်ဆိုတာ ဒါပဲကိုး။

သူသည် စည်ဘီယာဆိုင် ဖွင့်လိုက်လေသည်။

နောက်ဆုံးအချက်ကတော့

'ဦးနှောက်မပါသော ပညာရှိကို ဆည်းကပ်ပါ'

ဘယ်လိုလဲ။ ပညာရှိပါဆိုမှ ဦးနှောက်မပါလို့ ဖြစ်မလား။ သာမန်လူပြိန်းတွေတောင် ဦးနှောက်ကတော့ ပါကြတာပဲ။ လူမပြောနဲ့ တချို့တိရစ္ဆာန်တွေမှာတောင် ဦးနှောက်ရှိကြသည်။ လူရယ်လို့ဖြစ်လာတာလည်း တိရစ္ဆာန်တွေထက်ပိုပြီး အဆင့်မြင့်တဲ့ဦးနှောက်ကို ပိုင်ဆိုင်ရခဲ့လို့ပဲမဟုတ်လား။ ဒီဦးနှောက်ကို အားကိုးပြီးတော့ပဲ ကမ္ဘာကြီးကို မောင်ပိုင်စီးနိုင်ခဲ့တာမဟုတ်လား။

ဘာပဲဖြစ်ဖြစ် ဆိုလိုရင်းအဓိပ္ပာယ်ကိုတော့ ရအောင်ရှာရမည်။ လူတို့သည် ဦးနှောက်ရှိသောကြောင့် တွေးတောကြသည်။ ဒီအခါမှာ ကောင်းတာရော မကောင်းတာပါ တွေးမိသည်။ တရားတာရော မတရားတာပါ ကြံစည်စိတ်ကူးမိကြမည်။ ထို့ကြောင့် ဦးနှောက်မရှိတာကမှ ခပ်ကောင်းကောင်းဟု ဆိုလိုချင်တာလား။

မဖြစ်နိုင်။ ဦးနှောက်မရှိလျှင် အဆိုးသာမက အကောင်းကိုပါ တွေးတောဆင်ခြင်နိုင်မှာ မဟုတ်တော့။ တီကောင်တွေ၊ ပိုးမွှားတွေလို အဆင့်နိမ့်သတ္တဝါများနှင့် ဘာထူးတော့မှာလဲ။ ပဟေဠိရဲ့ အဖြေကို ရဖို့ကိုတောင် ဦးနှောက်ကိုသုံးပြီး စဉ်းစားနေရတာပဲလေ။

ဒါဖြင့် ဦးနှောက်မပါတဲ့ ပညာရှိဆိုတာ ဘယ်လိုဟာလဲ။ ဦးနှောက်မပါဘူးဆိုလျှင် သက်ရှိမဖြစ်နိုင်တော့။ သက်မဲ့ပဲဖြစ်ရမည်။ သက်မဲ့ အရာဝတ္ထုတစ်ခုက ပညာရှိဖြစ်နိုင်သလား။ သက်မဲ့အရာဝတ္ထုတစ်ခုကို ဆရာတင်ပြီး ဆည်းကပ်သင့်သလား။ ပညာရှိဆိုလျှင် မေး

www.burmeseclassic.com

www.burmeseclassic.com



သမ္မု ပြေနိုင်ရမည်။ အကြောင်းအရာမျိုးစုံကို ခြုံငုံသိရှိနားလည်ရမည်။ ဒါဆိုလျှင်...

သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ကွန်ပျူတာတစ်လုံး ဝယ်ဖို့ပင် ဖြစ်လေ၏။

◆ ◆

*(အိုင်ဒီယာမဂ္ဂဇင်း၊ ၂၀၀၁၊ ဇူလိုင်)*



www.burmeseclassic.com

www.burmeseclassic.com

# ပြတိုက်ထဲက ပြဇာတ်

၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဘရာဇီးအသင်း၏ အခြေအနေမှာ မရေမရာဖြစ်နေသည်။ ခြေစစ်ပွဲတွေတုန်းကလည်း ရှုံးပွဲတွေ များခဲ့သည်။ ဘရာဇီး ဘောလုံးသမိုင်းမှာ တစ်ခါမှမကြုံဖူးအောင် အခြေအနေဆိုးခဲ့သည်။ ခြေစစ်ပွဲတောင် အောင်ပါ့မလားဟု စိုးရိမ်ခဲ့ကြရသည်။ အသေအလဲ ကြိုးစားပြီးမှ အောက်ဆုံးအဆင့်ကနေကပ်ပြီး ခြေစစ်ပွဲအောင်ခဲ့ရသည်။ တစ်ကမ္ဘာလုံးရှိ ဘောလုံးပရိသတ်တွေလည်း ရင်တမမ မောခဲ့ကြရသည်။

ဘရာဇီးအသင်းသည် ခြေစစ်ပွဲအောင်ခဲ့သော်လည်း စိတ်မအေးရသေး။ ကမ္ဘာ့ဘောလုံးအဆင့်အတန်း သတ်မှတ်ရာတွင် နံပါတ်တစ် နေရာမှာသာ အမြဲရှိခဲ့သော ဘရာဇီးအသင်းသည် ၂၀၀၁ မှာတော့ အဆင့်လျှော့ကျသွားရလေသည်။

ဒီတော့ ၂၀၀၂ ကမ္ဘာ့ဖလားပွဲမှာ အောင်မြင်မှုရဖို့ တော်တော် အခက်ကြုံနေကြရသည်။ ဗိုလ်စွဲနိုင်ခြေရှိသော အသင်းတွေ သတ်မှတ်ရာမှာလည်း အရင်ကရွှေထီးဆောင်းခဲ့သော မျက်နှာကိုထောက်၍ အား

www.burmeseclassic.com



နာပါးနာ စာရင်းသွင်းပေးခဲ့ကြသည်။ သိပ် ဟက်ဟက်ပက်ပက်မရှိ။ တချို့က ဘာရာစီးခေတ်ကုန်ပြီလို့တောင် အမနာပ ပြောချင်လာကြသည်။

ဘာရာစီးဘောလုံးအသင်းမှာ အထည်ကြီးပျက်လို ဖြစ်နေ၏။ ထိပ်တန်း ဘောလုံးအကျော်အမော်တွေ အများကြီးရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် အတွဲမမိဘဲဖြစ်နေရ၏။ ဒံပေါက်ရယ်၊ ဖာလူဒါရယ်၊ စတုမစုရယ် ရောစားရသလို အီလည်လည်ကြီးဖြစ်နေရ၏။ အသင်းအောင်မြင်မှု ပြန်ရဖို့ အမျိုးမျိုးစဉ်းစားရာမှာ ထူးခြားသော အကြံအစည်တစ်ခုကို စိတ်ကူးမိကြ၏။ နှစ်ဆယ်ရာစု၏ အကောင်းဆုံး ဂန္တဝင်ဘောလုံးသမားကြီး ပီလီကို ဘာရာစီးအသင်းမှာ ပြန်လည်ပါဝင်ကစားခိုင်းဖို့ပင် ဖြစ်လေ၏။

◆

အမေရိကန်နှင့် မဟာမိတ်များသည် အာဖဂန်စစ်ပွဲမှာ အနိုင်ရပြီး အောင်ပွဲခံခဲ့ကြသည်။ သို့ရာတွင် လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာနိုင်၊ ထီပေါက်ပြီး လက်မှတ်အသိမ်းလွန်နေတဲ့လူလို မချင့်မရဲဖြစ်နေရသည်။ အကြမ်းဖက်သမား ခေါင်းဆောင်တွေကို ဖမ်းလို့မမိသေး။ ဘယ်ဆီရောက်နေမှန်းလည်း မသိ။ သူတို့ကို ဖမ်းမိတဲ့တိုင်အောင် အကြမ်းဖက်ဝါဒကို အမြစ်ပြတ်အောင် ချေမှုန်းနိုင်ပြီဟု ကြွေးကြော်နိုင်မည်မဟုတ်သေး။

သူတို့သည် စစ်ပွဲကိုဆင်နွှဲရာမှာ ခေတ်အမီဆုံး၊ အဆန်းသစ်ဆုံး နောက်ဆုံးပေါ်လက်နက်တွေကို ထုတ်သုံးခဲ့ကြသည်။ ကြံချခဲ့သည့် ဗုံးတန်ချိန်ပေါင်းကလည်း မနည်းမနောပဲ။ ရန်သူစစ်သား အားလုံးတို့၏ ကိုယ်အလေးချိန် စုစုပေါင်းထက်တောင် ပိုများနေမလား



မသိ။ သို့ရာတွင် မှန်းချက်မကိုက်သေး။

သူတို့သုံးစွဲခဲ့သည့် ဆက်သွယ်ရေးစနစ်တွေကလည်း အံ့မခန်းပါပဲ။ စစ်မြေပြင်မှာရောက်နေသည့် စစ်သားတစ်ယောက်က အမေရိကန်မှာကျန်ခဲ့တဲ့ ရည်းစားဆီ ဂြိုဟ်တုကတစ်ဆင့် ဖုန်းလှမ်းဆက်လို့ရလောက်တဲ့အထိ အဆင့်မြင့်သည်။ သို့ရာတွင် သူတို့အလိုရှိသော ရန်သူခေါင်းဆောင်တွေကိုတော့ ခြေရာတောင်မိအောင် မရှာနိုင်။

သူတို့၏ လက်ရွေးစင် ကွန်မန်ဒိုတပ်သားများမှာ လူစွမ်းကောင်းများဖြစ်၏။ ခေတ်မီဆက်သွယ်ရေး ကိရိယာများ၊ အစွမ်းထက်ဆုံး လက်နက်များ ကိုင်ဆောင်ထားကြသည်။ အထူးလေ့ကျင့်ထားသူများလည်းဖြစ်သည်။ သူတို့၏ တိုက်ခိုက်ရေးစွမ်းရည်ကလည်း သူတို့ဘက်က တစ်ယောက်ကျလျှင် ရန်သူဘက်က အယောက်နှစ်ရာကျအောင် ချေမှုန်းနိုင်သည်။

အဲ... တစ်ခုရှိတာက သင်္ချာသဘောအရ အချိုးကျကြည့်လျှင် ရန်သူဘက်က လူနှစ်ရာသေတဲ့အခါတိုင်း ကိုယ့်ဘက်ကလည်း တစ်ယောက်သေပေးရမည့်အနေအထားဖြစ်သည်။ ထိုအခါ ရိန်းဂျားတပ်သားတို့သည် ရန်သူနှစ်ရာပြည့်အောင် မသတ်ကြတော့။ တစ်ရာကိုးဆယ့်ကိုးယောက်သတ်ပြီးတာနဲ့ ဆက်မတိုက်တော့ဘဲ ပြန်လှည့်လာကြတော့သည်။

ဒီလိုနဲ့ပဲ အကြမ်းဖက်သမားတွေကို အပြီးအပြတ်ချေမှုန်းပစ်ဖို့ အခက်အခဲတွေ့နေရသည်။ တကယ်တမ်း အရေးကြီးသည့် တိုက်ပွဲကလည်း တောထဲတောင်ထဲမှာ သူသေကိုယ်သေ ရင်ဆိုင်ရမည့်သဘောဖြစ်၏။ မိုက်မိုက်ကန်းကန်း တိုက်ရဲတဲ့လူမျိုးမှ ဖြစ်မည်။ ထို့ကြောင့် အထူးတပ်ဖွဲ့တစ်ဖွဲ့ကို စုစည်းရသည်။ ထိုတပ်ဖွဲ့ထဲတွင် မွန်ဂိုလေးသည်တော်များ၊ ဂျပန်ဆာမူရိုင်းများ၊ ထရိုဂျင် စစ်သည်

www.burmeseclassic.com

www.burmeseclassic.com



တော်များပါဝင်ပြီး စစ်သူကြီး ဟန်နီဘောက ကွပ်ကဲအုပ်ချုပ်သည်။

♦

အကြမ်းဖက်သမားတွေဆိုတာက တောကြိုအုံကြားမှာသာ ရှိနိုင်တာမဟုတ်။ မြို့ကြီးပြကြီးတွေမှာလည်း ခိုအောင်းနေတတ်သည်။ ဒါတင်မက တခြားဒုစရိုက်သမားတွေလည်း ရှိသေးသည်။ သူခိုး၊ ဓားပြတွေ၊ လူသတ်သမားတွေ၊ မူးယစ်ဆေးဝါးမှောင်ခိုတွေ၊ လူလိမ်လူကောက်တွေ။

ခုချိန်မှာ ခေတ်မီထောက်လှမ်းရေး ကိရိယာတွေ သုံးနေပြီဖြစ်သောကြောင့် သူတို့ကို လွယ်လွယ်ဖမ်းနိုင်မည်ထင်ကြသည်။ သို့ရာတွင် ဒီလိုမဟုတ်။ သူတို့ကလည်း ခေတ်မီကိရိယာတွေသုံးပြီး ကိုယ်ယောင်ဖျောက်နိုင်နေကြပြန်သည်။ ပြီးတော့ လူဆိုးတွေဆိုတာကလည်း ဟိုအရင်ကလို အရုပ်ဆိုးဆိုး၊ လူမိုက်ဂိုက်မျိုး မဟုတ်တော့။ သာမန်သူလိုငါလိုမျိုးပင်ဖြစ်၏။ လူကောင်းတွေကြားထဲ ရောနှောနေလိုက်လျှင် အလွယ်တကူရှာမတွေ့နိုင်တော့။ ပြီးတော့ သူတို့တွေက အရင်ကထက် ဉာဏ်ရည်ဉာဏ်သွေးလည်း ပိုမြင့်လာသည်။

ဒီကြားထဲမှာ လူတွေက အက်ဖ်ဘီအိုင်တို့၊ စီအိုင်အေတို့ကို သိပ်အထင်မကြီးကြတော့။ စက်တင်ဘာ အကြမ်းဖက်မှုကို ကြိုတင်မတားဆီးနိုင်ရကောင်းလားဟု အပြစ်တင်ချင်သလိုရှိ၏။ ဒါကို အခွင့်ကောင်းယူပြီး ဒုစရိုက်သမားတွေက ခေါင်းထောင်ချင်လာသည်။

ခုခေတ် စုံထောက်တွေက ခေတ်မီပစ္စည်းကိရိယာတွေ အားကိုးလွန်းသည်။ ကိုယ်ပိုင်ဦးနှောက်ကို သိပ်အသုံးမချချင်ကြတော့။ လက်ရှိအခြေအနေမှာ လူဆိုးတွေနှင့်ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ အထောက်အကူ ကိရိယာတွေနှင့် မလုံလောက်တော့။ သူတင် ကိုယ်တင် ဉာဏ်



ကစားနိုင်မှ ဖြစ်တော့မည်။

ထို့ကြောင့် ဦးနှောက်စွမ်းအားကြီးသော ပုဂ္ဂိုလ်တစ်ယောက်ကို ရှာရတော့မည်။ ထိုတာဝန်မှာ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ခေါင်းပေါ် ပုံကျလာသည်။ သူသည် လန်ဒန်မြို့ ဘေကာလမ်း၊ အိမ်အမှတ် '၂၂၁-ဘီ'သို့ သွားသည်။ အခန်းရှေ့မှာ ရပ်သည်။ အခန်းတံခါးက ပိတ်ထား၏။ တခြားအိမ်ခန်းတွေလို လူခေါ်ခေါင်းလောင်းတို့၊ အင်တာကွန်းတို့ တပ်မထား။ ထို့ကြောင့် တံခါးကို လက်နှင့်ပင် ခေါက်လိုက်ရသည်။ ထိုအခါ အခန်းထဲမှ လှမ်းအော်ပြောလိုက်သော အသံကို ကြားရ၏။

"တိုနီဘလဲလားဟေ့၊ ဝင်ခဲ့လေကွယ်"

တိုနီဘလဲသည် အလွန်အံ့သြသွားရ၏။ အခန်းထဲရောက်သောအခါ ဆေးတံကြီးခဲလျက်ထိုင်နေသော ပုဂ္ဂိုလ်ကြီးကို သူက မေးလိုက်သည်။

"ကြိုတင်အကြောင်းကြားထားတာလည်း မဟုတ်ဘဲနဲ့ တံခါးခေါက်တာ ကျွန်တော်မှန်း ဘယ်လိုသိတာလဲ"

"လွယ်ပါတယ်၊ တံခါးကိုခေါက်တဲ့အခါ သူများလို ရိုးရိုးမခေါက်ဘဲ မြင်းခွာသံလို အပြွတ်လိုက်ခေါက်တတ်တာ မင်းရယ်၊ အမေရိကန်သမ္မတဘုရှ်ရယ် နှစ်ယောက်ပဲရှိတယ်။ အခု သမ္မတဘုရှ်က တရုတ်ပြည်သွားနေတယ်ဆိုတော့ တံခါးလာခေါက်တဲ့သူဟာ မင်းပဲဖြစ်ရမယ်ဆိုတာ တပ်အပ်သိတာပေါ့ကွယ်"

တိုနီဘလဲမှာ ထိုပုဂ္ဂိုလ်ကြီးကို တလေးတစား လက်ဆွဲနှုတ်ဆက်လိုက်ပြီးနောက်...

"တော်ပါပေရဲ့ခင်ဗျာ၊ တော်ပါပေရဲ့။ ဒါကြောင့်လည်း စုံထောက်ကြီး ရှားလော့ဟုမ်းရယ်လို့ ကျော်ကြားပေတာကိုး" ဟုပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

◆

မိုက်ကရိုဆော့ဖ် ကုမ္ပဏီသူဌေး ဘီလ်ဂိတ်သည် ကွန်ပျူတာဆော့ဖ်ဝဲတွေ တစ်ခုပြီးတစ်ခု တီထွင်ထုတ်လုပ်နေသည်။ အရင်ထုတ်လုပ်ခဲ့သော ဝင်းဒိုးစီးရီးတင် မကတော့ဘဲ စီလင်စီးရီး၊ ပေါ်တီကိုစီးရီး၊ တွိုင်းလက်စီးရီးတွေပါ ထပ်ထွင်သည်။

ကွန်ပျူတာမှာ တီဗီတို့ ဗီစီဒီတို့ပါ တွဲပါသည်။ တီဗီဂိမ်းကစားနိုင်သည်။ ဒါတွေက အသေးအဖွဲ၊ ဟိုအရင်ကတည်းက အဆင့်မြင့်စက်တွေမှာ ပါပြီးသား။ ကွန်ပျူတာနှင့် တယ်လီဖုန်း တွဲပေးထားသည်။ မော်နီတာပေါ်မှာ တစ်ဖက်လူရဲ့မျက်နှာကိုပါ မြင်ရသည်။ ဒါလည်း သိပ်အထူးအဆန်းတော့မဟုတ်။ ကီးဘုတ်မပါဘဲ အသံနှင့်စေခိုင်းလို့ရသော ကွန်ပျူတာ၊ ကမ္ဘာပေါ်ရှိ ရုပ်ရှင်ရုံအားလုံးနှင့် ဆက်သွယ်ထားပြီး ပြနေတဲ့ဇာတ်ကားတွေထဲက ကြိုက်ရာကိုအိမ်ကကြည့်နိုင်သောကွန်ပျူတာ စသည်ဖြင့် ထပ်ထွင်သည်။

ဒါတွေက သိပ်ပြဿနာမဟုတ်သေး။ သူထွင် ကိုယ်ထွင်ပြိုင်ကြတာ မမွတာပဲ။ ဒီနေရာမှာ ဘီလ်ဂိတ်က ကွန်ပျူတာနယ်ပယ်မှာသာမကဘဲ တခြားလုပ်ငန်းတွေကိုပါ နယ်ချဲ့လာသည်။ မိုက်ကရိုဆော့ဖ်ကက်ဆက်၊ မိုက်ကရိုဆော့ဖ်ကင်မရာ၊ မိုက်ကရိုဆော့ဖ် ရေခဲသေတ္တာ၊ မိုက်ကရိုဆော့ဖ် လေအေးပေးစက် စသည်ဖြင့်...။

ထို့နောက် တစ်စင်းလုံးကို ကွန်ပျူတာနှင့်ထိန်းချုပ်မောင်းနှင်သော မိုက်ကရိုဆော့ဖ် ဇိမ်ခံမော်တော်ကားကို ထုတ်လုပ်လိုက်ပြန်သောအခါ ကမ္ဘာကျော်ကားကုမ္ပဏီကြီးတွေ မျက်လုံးပြူးကုန်သည်။

ဒါတွင်မကသေး။ အရသာမျိုးစုံကို ခံစားစေနိုင်သော ဆော့ဖ်ဝဲတစ်ခုကို ထပ်မံတီထွင်လိုက်ပြန်သည်။ ကွန်ပျူတာနှင့် ဆက်ထားသော မောက်စ်အသေးစားလေးကို ပါးစပ်ထဲငုံထားလိုက်ရုံပင်ဖြစ်၏။

ဆေးလိပ်သောက်ချင်သလား၊ ခလုတ်နှိပ်လိုက်ရုံဖြင့် ပါးစပ်ထဲက မောက်စ်ကလေးက လျှာပေါ်ကို ဆေးလိပ်၏ ခံစားမှုကိုရအောင် လှုံ့ဆော်ပေးလိမ့်မည်။ ထို့အတူ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ သစ်သီး စသော အရသာမျိုးစုံကိုလည်း တကယ်စားရ သောက်ရသလို ခံစားရစေမည်။

ရှေ့ဆက်ပြီး သုတေသနလုပ်နေတာကတော့ ကွန်ပျူတာနှင့် လူသားတို့ လက်ထပ်နိုင်သည့် နည်းပညာပင်ဖြစ်၏။ ထိုကိစ္စကို လူပျိုကြီး အပျိုကြီးတွေက အလွန်စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည်။

ဒီအတိုင်းဆိုလျှင် သိပ်မလွယ်၊ နည်းပညာလောကတစ်ခုလုံး သူ့လက်သူ့ခြေဖြစ်တော့မည်။ နေရာတကာမှာ သူချည်း လွှမ်းမိုးလာတော့မည်။ ထို့ကြောင့် ပြိုင်ဘက်အုပ်စုတွေ ပေါင်းစည်းပြီး ဘီလ်ဂိတ်နှင့် မိုက်ကရိုဆော့ဖ်ကို အန်တုဘက်ပြိုင်ဖို့ စဉ်းစားရတော့သည်။ ဘီလ်ဂိတ်ကလည်း နယ်နယ်ရရမဟုတ်။ တော်ရုံတန်ရုံလူက သူ့ကို မယှဉ်နိုင်။ နောက်ဆုံးတော့ ဘီလ်ဂိတ်ကိုနိုင်အောင် တိုက်ခိုက်နိုင်မည့် လူတစ်ယောက်ကို ရှာတွေ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီးကို ပြိုင်ဘက်ကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြသည်။

ထိုသူကား ပိုက်သာဂိုးရပ်စ်ပင် ဖြစ်လေ၏။

◆

ယူရီဂလင်းသည် အာကာသယာဉ်မှူးတစ်ဦးဖြစ်၏။ သူသည် မကြာခင် ရက်ပိုင်းအတွင်းမှာပင် လပေါ်သို့ အာကာသယာဉ်ဖြင့် ခရီးတစ်ခေါက်ထွက်စရာ ရှိနေသည်။ သူ့တာဝန်ကတော့ လပေါ်မှာ နေ



www.burmeseclassic.com

www.burmeseclassic.com



ချောင်ခြည်စွမ်းအင်သုံး အလိုအလျောက်ဓာတ်ခွဲခန်းငယ်တစ်ခုကို သွား ရောက်တည်ဆောက်ပေးရမည်ဖြစ်၏။

ထိုခရီးစဉ်အတွက် လေ့ကျင့်မှုတွေ အပြည့်အဝ ပြုလုပ်ခဲ့ပြီး ဆောင်ရွက်ရမည့် ကိစ္စတွေအတွက်လည်း အသေးစိတ်လေ့လာပြင် ဆင်ခဲ့ပြီးပြီ။ ကျန်းမာရေး စစ်ဆေးခဲ့ရာမှာလည်း ကြံ့ခိုင်သန်စွမ်းမှု အပြည့်အဝရှိကြောင်း သိရပြီးပြီ။ အာကာသယာဉ်ကို သယ်ဆောင် သွားမည့် ဒုံးပျံနှင့် လဆင်းယာဉ်တို့သည်လည်း အပြစ်အနာအဆာ မရှိ၊ အားလုံး ပုံမှန်အလုပ်လုပ်နိုင်ကြောင်း စစ်ဆေးပြီးပြီ။ သူနှင့် အတူ တကွ လိုက်ပါကြမည့် တခြားအာကာသယာဉ်မှူးတို့သည်လည်း အစစ အရာရာ အဆင်သင့်ဖြစ်နေကြပြီ။ ဒီခရီးစဉ်သည် ရာနှုန်းပြည့် အောင် မြင်လိမ့်မည်ဟု သက်ဆိုင်ရာပညာရှင်များက ယုံကြည်နေကြသည်။

သို့ရာတွင် ဒီခရီးစဉ်အပေါ် သံသယမကင်းဖြစ်နေသူက ယူရီ ဂလင်း၏ ဇနီးပင်ဖြစ်၏။ ခုတလော အိပ်မက်တွေ သိပ်မကောင်းလှ။ မနေ့ညက အိပ်မက်ထဲမှာ လငပုပ်ဖမ်းပုံကို မြင်မက်ခဲ့သည်။ အတိတ် နိမိတ်တွေကလည်း ပြပြနေသည်။ အိမ်မှာ ပစ္စည်းအကျိုးအပဲ့ အကွဲ အရှများသည်။ မော်တော်ကား ပျက်သည်။ ဒီရက်ပိုင်းမှာ စိတ်လက် မကြည်လင်ဘဲ လေးလံထိုင်းမှိုင်းနေသည်။ ဒီတစ်ခေါက် သူ့ယောကျ်ား ခရီးထွက်ရမည့်ကိစ္စနှင့် ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်နေမိ၏။

ထို့ကြောင့် နက္ခတ္တဗေဒဆရာကြီး နော်စထရာဒေးမတ်စ်ထံ သွားပြီး သူ့ယောကျ်ား၏ဇာတာကို စစ်ဆေးခိုင်းသည်။ ဆရာကြီးက သူ၏လက်စွဲ ဝေဒကျမ်းများနှင့် တိုက်ဆိုင်ညှိနှိုင်းပြီးနောက်

"အိမ်း... ဇာတာရှင်ရဲ့ မွေးနာမ်ဂြိုဟ်က ဗျာရအိမ်ထဲကျနေတဲ့ အပြင် ရာဟုကလည်း မြင်နေသေးတယ်ဆိုတော့ အညံ့ပိုင်းထဲရောက် နေတယ်ကွယ့်။ ပြီးတော့ ခရီးထွက်ရမယ့်ရက်ကလည်း ပြဿဒါး



ရက်ကြီးဖြစ်နေတယ်။ ဒါကြောင့် ဒီခရီးမှာ ဥပဒ်အန္တရာယ်ဖြစ်မယ့် ကိန်း မြင်နေရတယ်"

အမျိုးသမီးမှာ အတော်စိုးရိမ်သွားဟန်ဖြင့်

"ဒုက္ခပါပဲ ဆရာကြီးရယ် ယတြာလေး ဘာလေး ချေလို့မရ ဘူးလား"

"အင်း... လုပ်ပေးမယ်လေ၊ တစ်ခုတော့ရှိတယ်၊ ယတြာချေ ရမယ့်ပစ္စည်းက အတော်ရှားပါးတယ်။ လွယ်လွယ်ကူကူ ရှာလို့ရမှာ တော့ မဟုတ်ဘူး။ အဲဒီလို ခဲခဲယဉ်းယဉ်း ရှာရတဲ့ပစ္စည်းဖြစ်မှလည်း အစွမ်းထက်မှာကိုး"

"ဘာပစ္စည်းလဲဆိုတာသာ ပြောပါ။ ဘယ်လောက်ခက်ခက် ရအောင်ရှာပေးပါ့မယ်"

"တခြားတော့ မဟုတ်ဘူးကွယ့်၊ အာဖဂန်နစ္စတန်စစ်ပွဲသတင်း အကြောင်း လုံးဝမပါတဲ့ ဂျာနယ်တစ်စောင်ကို ရအောင်ရှာရမှာကွယ့်"

အမျိုးသမီး၏မျက်နှာပေါ်မှာ စိတ်ဓာတ်ကျသွားပုံကို အထင်း သား မြင်လိုက်ရသည်။

◆

မော်ဒန် စာပေသမားများကို ဆုံးမရန်ဆိုသော ရည်ရွယ်ချက် ဖြင့် ဂန္ထဝင်စာပေဝါဒီများသည် အင်္ဂလန်နိုင်ငံရှိ 'စထရက်ဖို့ဒ်အွန်-အဗွန်' သို့ စုဝေးရောက်ရှိနေကြသည်။ ဒီနေရာကိုရွေးရတာက အကြောင်းရှိ ၏။ 'စထရက်ဖို့ဒ်'သည် ကမ္ဘာကျော် ဂန္ထဝင်စာရေးဆရာကြီး ရှိတ် စပီးယား၏ ဇာတိမြို့ ဖြစ်နေလို့ပါပဲ။

ရှိတ်စပီးယားဆိုလျှင်တော့ မော်ဒန်ကောင်တွေကို ကောင်း ကောင်းပညာပေးနိုင်လိမ့်မည်ဟု ယူဆရသည်။ ထို့ကြောင့် သူ့ကိုလာ

www.burmeseclassic.com

www.burmeseclassic.com



ရှာကြခြင်းဖြစ်၏။ သို့ရာတွင် ရှိတ်စပီးယားသည် ဂန္ဓဝင်နှင့် မော်ဒန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတက်ရောက်ရန် ပြင်သစ်ပြည် ပါရီမြို့သို့ ထွက်ခွာသွားပြီဖြစ်သောကြောင့် တွေ့ခွင့်မရကြတော့ပါ။

♦ ♦

*(အိုင်ဒီယာမဂ္ဂဇင်း၊ ၂၀၀၂၊ ဇွန်)*

www.burmeseclassic.com

www.burmeseclassic.com

# ဂိတ်စ-ဂိတ်ဆုံး

ဖျိုင်းတို့သည် ဟိုယခင်အခါဆီက လည်ပင်း မရှည်ကြသေးချေ။ ကြည့်ကောင်းရုံ အနေတော်လောက်သာဖြစ်၏။

မိကျောင်းတွေဘာကြောင့် လျှာမပါတာလဲ၊ ပျံလွှားငှက် ဘာကြောင့် အမြီးနှစ်ခွဖြစ်နေတာလဲ စသောကိစ္စတွေလို သူတို့မှာလည်း နောက်ကြောင်းရာဇဝင်ရှိ၏။ ဖျိုင်းတွေ လည်ပင်းရှည်လာကြခြင်းမှာ ဘတ်စ်ကားစောင့်ရသောကြောင့် ဖြစ်လေ၏။

ကားမှတ်တိုင်မှာ ခရီးသည်တစ်အုပ် ဘတ်စ်ကားစောင့်နေကြသည်။ သူတို့သည် ကားလာမည့်ဘက်သို့ လည်တဆန့်ဆန့် မျှော်နေကြ၏။ ကျောင်းချိန်၊ အလုပ်ချိန် ဖြစ်သောကြောင့် ခရီးသည်တွေ စုပုံနေသည်။

အလွှာပေါင်းစုံ၊ အတန်းအစားပေါင်းစုံ ပါဝင်သည်။ မော်ဒယ်လ်လို ပိန်ပိန်သွယ်သွယ် လှပသောဖျိုင်းမလေးမှာ ကျောင်းသူဖြစ်ပုံရ၏။ သားရေတု ပခုံးသိုင်းအိတ်ကလေးကို လွယ်ထားသည်။ ခြေကျင်းဝတ်မှာတော့ ရွှေဖုဒ်ချိန်း မျှင်မျှင်လေးဝတ်ဆင်ထား၏။ ဘတ်စ်

www.burmeseclassic.com

www.burmeseclassic.com



ကားစီးသူ တစ်ယောက်အတွက် ဆွဲကြိုးတို့၊ ဟန်းချိန်းတို့ထက်စာလျှင် ဖုဒ်ချိန်းက ပိုပြီးအန္တရာယ်ကင်းသည်ဟု ဆိုရမည်။ ခါးပိုက်နှိုက်များ၊ အလစ်သုတ်သမားများအနေဖြင့် လူတွေပြည့်ကျပ်နေသော ဘတ်စ်ကားပေါ်မှာ အောက်ကိုကုန်းပြီး ခြေထောက်က ဖုဒ်ချိန်းကို ဖြုတ်ယူဖို့ မလွယ်ဘူးမဟုတ်လား။

ဘဲငန်းကြီးတစ်ကောင်သည် ဗျိုင်းမလေးကို ကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ တောကျိုးကန်းကြီးတစ်ကောင်ကတော့ လက်ဆွဲအိတ်တစ်လုံးကိုဆွဲပြီး ဟိုကြည့်ဒီကြည့် ကြည့်နေသည်။ ပုံပန်းအရ ရေနေဖြစ်ဟန်တူ၏။ ကြက်တူရွေးတစ်ကောင်ကတော့ ကွမ်းတံတွေး တပျစ်ပျစ်ထွေးနေသည်။ သူ့အာခေါင်မှာ နီရဲနေ၏။ မှတ်တိုင်မှာ ခရီးသည်တွေ များနေသော်လည်း သိပ်ဆူဆူညံညံမရှိ။ ဘတ်စ်ကားကိုသာ မျှော်နေကြသဖြင့် စကားသိပ်မပြောဖြစ်ကြ။ ပျင်းစရာတောင်ကောင်းနေသည်။

သာလိကာမလေးတစ်သိုက် ရောက်လာတော့မှပင် စိုစိုပြည်ပြည် ဖြစ်သွား၏။ သူတို့သည် စက်ရုံ သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းခွင်ဆီသွားမည့် အလုပ်သမကလေးများ ဖြစ်ပုံရသည်။ ဗီဒီယိုဇာတ်ကားတွေအကြောင်း၊ ရုပ်မြင်သံကြားမှလာသော တရုတ်ဇာတ်လမ်းတွဲတွေအကြောင်း၊ ဂျာနယ်ထဲမှာပါသော မင်းသား၊ မင်းသမီးတွေအကြောင်း၊ သူတို့၏ အလုပ်သမားခေါင်းဖြစ်သော သိန်းငှက်ကြီး မျက်စိအလွန်စူးရှတဲ့အကြောင်းတွေ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

ဘတ်စ်ကားက မလာသေး။ 'ကြာလိုက်တာ'ဟု ခိုတစ်ကောင်က ညည်းလိုက်၏။ ကြက်ဖကြီးက လက်မှနာရီကိုကြည့်ပြီး 'အစည်းအဝေးက နောက်ကျလို့ မဖြစ်ဘူး'ဟု တစ်ကိုယ်တည်း ရေရွတ်နေ



သည်။

ကိုယ်ပိုင်ကားတွေကတော့ တဝီဝီဖြတ်သွားလာနေကြ၏။ ဝက်ဝံမည်းမည်းကြီးတစ်ကောင်သည် ပါဂျဲရိုးကားကို ကိုယ်တိုင်မောင်းရင်း လက်ကိုင်ဖုန်းနှင့် စကားပြောနေသည်။ ဘေးမှာတော့ ပန်ဒါဝက်ဝံမလှလှလေး ပါလာ၏။

"အဲဒီလိုကားမျိုးနဲ့ အလုပ်သွားရရင် သိပ်ကောင်းမှာပဲ"ဟု သာလိကာမလေးတစ်ကောင်က ပြောသည်။ နောက်တစ်ကောင်က–

"နင်က အဲဒီဝက်ဝံကြီးကို မကြောက်ဘူးလား"ဟု မေးသည်။

"ကိုယ်ပိုင်ကား စီးရမယ်ဆိုလို့ကတော့ ဝက်ဝံကြီးမပြောနဲ့ ရေမြင်းကြီးတောင် မကြောက်ပေါင်"

တခစ်ခစ်ရယ်သံတွေ ထွက်ပေါ်လာသည်။

ကြက်ဖကြီးသည် နာရီကိုကြည့်ပြီး

"နောက်ကျရင် အပြောက်ခံရဦးမယ်။ ဒီက ဘယ်လိုလာရသလဲဆိုတာ ထည့်တွက်မှာမဟုတ်ဘူး"ဟု ရေရွတ်ပြန်သည်။

"ဟော... လာပြီ"

ဆိုသောအသံကို ကြားရသည်။

ဘတ်စ်ကားတစ်စင်းသည် လေဖြတ်ထားသူတစ်ယောက်လို စောင်းစောင်းကြီး မောင်းလာနေသည်။

"အင်္ဂဝိစ္စာသဘောနဲ့ပြောရင် ကားပေါ်မှာ အပြည့်ပါလာတာပဲ"

စာကလေးတစ်ကောင်က အရေးထဲ ဗေဒင်ဟောနေသည်။ သူမဟောလည်း ဒီအချိန် ကားကျပ်မယ်ဆိုတာ အားလုံးသိပြီးသား။

ဘတ်စ်ကားမရပ်ခင်မှာပင် စပယ်ယာက ခုန်ဆင်းလိုက်သည်။ ဒီလိုစပယ်ယာအလုပ်ကို မျောက်လွှဲကျော်တွေသာ လုပ်နိုင်သည်။ ရေ့

www.burmeseclassic.com



ပေါက်က ခုန်ဆင်းလိုက်၊ နောက်ပေါက်က ပြန်တက်လိုက်၊ အရှိန်နှင့် ထွက်သွားသောကားကို လှားခနဲ လှမ်းဆွဲခိုလိုက် လုပ်နိုင်ဖို့က သူတို့လို လျင်မြန်ဖျတ်လတ်ပြီး လက်မြဲမှသာဖြစ်မယ် မဟုတ်လား။

ဘတ်စ်ကား အိခနဲရပ်လိုက်တာနဲ့ ခရီးသည်တွေ အတင်းတိုးဝှေ့တက်ကြသည်။

"ဆင်းတဲ့လူတွေကို စောင့်ပါ။ နောက်ပေါက်ကလည်း မျှတက်ကြဦး။ အတွယ်မတင်ဘူးနော်၊ တောင်းနဲ့အစ်မကြီး မရဘူး"

စပယ်ယာက တရစပ်ပြောနေ၏။ တောင်းကြီးတစ်လုံးကို ရွက်ထားသော ဘဲမကြီးက–

"တောင်းဖိုးပေးမယ်လေ"

"ဟာ... ဒီလောက်လူကျပ်နေတာ ခင်ဗျားတောင်းကြီး ဘယ်နား သွားထားမလဲ"

"ရွက်ထားမှာပေါ့တော့"

"ဟာ... မရဘူး၊ မရဘူး... ဆွဲဆရာရေ"

ဘတ်စ်ကားထွက်သွားသည်။

"ဟင်း... ကျုပ်ကျတော့ မရဘူးတဲ့။ ဟို... ကြက်မတမ်းမလေးကျတော့ ညီမလေးလာလာဆိုပြီး ခါးကိုတောင် ဆွဲတင်ပေးလိုက်သေးတယ်"

ဘဲမကြီးသည် မကျေမနပ်ရေရွတ်ရင်း ကျန်ခဲ့သည်။ ရွက်ထားသော တောင်းထဲမှာတော့ ဒီမနက်ကမှ လောလောလတ်လတ် ဥထားသော ဘဲဥတွေ။

◆

ဘတ်စ်ကားသည် နဂိုကပင် ကျပ်ပြီးသားဖြစ်၏။ နောက်



ထပ် ခရီးသည်တွေ တက်လိုက်သောအခါ ပိုကျပ်သွားသည်။ ထိုင်ခုံတွေမှာ ဂိတ်စကတည်းက နေရာဦးလာခဲ့သော ငါးသေတ္တာငါးတွေ အစီအရီ ထိုင်နေကြသည်။ နောက်ဆုံးတန်း ထောင့်ခုံမှာတော့ ဇီးကွက်ကြီးတစ်ကောင် အိပ်ငိုက်နေသည်။ ညအလုပ်ဆင်းရာမှ ပြန်လာခြင်းဖြစ်ဟန်တူ၏။ ဇီးကွက်တို့သည် ညစောင့်အလုပ်ကို မျိုးနှင့် ရိုးနှင့် လုပ်ကြသူများဖြစ်၏။

"ကဲ... ကားခလေးတွေ မစမယ်နော်။ ငါးရာတန်တွေပေးရင်တော့ ပြန်မအမ်းနိုင်သေးဘူး။ အမေ့ခံထားလိုက်မှာပဲ။ ကဲကဲ... ကားခလေးတွေ ထုတ်ထားမယ်။ လက်တို့တော့မှ ရှာလို့မဖြစ်ဘူးနော်"

စပယ်ယာက တစာစာအော်တောင်းသည်။ မလှမ်းမကမ်းမှာရှိသော ငါးရှဉ့်တစ်ကောင်သည် ခရီးသည်တွေကြားထဲ လျှောခနဲတိုးဝင်ပြီး နောက်နားကျကျမှာ ခပ်ကွယ်ကွယ်ရပ်နေလိုက်သည်။ ခရီးသည်တွေက ကားခပေးကြသည်။ ယုန်တစ်ကောင်ကတော့ ကူပွန်စာရွက်ကို မရဲတရဲပေးလိုက်သည်။ စပယ်ယာက လှမ်းယူရင်း

"အကြွေတော့ ပြန်မအမ်းနိုင်ဘူးနော်"

ဟု ပြုံးစစပြောသည်။ ယုန်ကလေး၏ ထောင်နေသော နားရွက်မှာ ဖျတ်ခနဲ ကုပ်ကျသွားသယောင် ထင်ရ၏။

ကားအတွင်းဘက်က အခြေအတင် ပြောသံဆိုသံတွေ ထွက်ပေါ်လာသည်။ သမင်တစ်ကောင်၏ ဦးချိုက ဘေးမှခရီးသည်တွေကို လျှောက်ထိုးမိနေသောကြောင့်ဖြစ်၏။

"အို... ဘယ့်နှယ်လဲ ရှင့်ချိုကြီးက ဟိုထိုး ဒီထိုးနဲ့"

ဝက်မကြီးက ပြဿနာရှာသည်။

"ခင်ဗျားအမြီးကလည်း ကျုပ်ကို တဖတ်ဖတ်လာရိုက်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သမင်က ပြန်ပြော၏။ သစ်တောက်ငှက်တစ်ကောင်က လည်း ဝါသနာကိုမဖျောက်နိုင်ဘဲ မှန်ကို တခေါက်ခေါက် ခေါက်နေ သဖြင့်

"ဟော့... နှုတ်သီး မဆော့ပါနဲ့ဗျ"

ဟု စပယ်ယာက တားရသည်။ အရေးထဲ မှတ်တိုင်တစ်ခုမှာ ဖြူတစ်ကောင်က ကားပေါ်တက်မည် လုပ်နေသဖြင့်

"ဟာ... ခင်ဗျားကိုယ်ကဆူးတွေနဲ့၊ အလိုလိုကမှ ဒီမှာ ပြဿနာတက်နေရတဲ့ကြားထဲ၊ မရဘူး"

"ဟာဗျာ.. မွေးကတည်းက ဆူးတွေပါလာတဲ့ဟာပဲ၊ ဒါ အပြစ်လားဗျ"

"ချောင်တဲ့ကားကျမှ စီးဗျာ" ဆိုပြီး တားခဲ့ရသည်။

"ဟော့ကောင်... အတွယ်တွေ အထဲဝင်ခိုင်းစမ်း၊ ရှေ့မှာ ဆပ်ပ လိုက်ချက်ရှိတယ်"

ဒရိုင်ဘာ မြင်းနက်ကြီးက လှမ်းသတိပေးသည်။ ရှေ့နားက သစ်ပင်ရိပ်အောက်မှာ ချောင်းနေသော ပိုလာဝက်ဝံနှစ်ကောင်ကို လှမ်း မြင်လိုက်ရသောကြောင့် ဖြစ်၏။ သူတို့ရှေ့က အဖြတ်တွင် ကားအရှိန် လျှော့လိုက်ပြီး လွန်လာတော့မှ ပြန်တင်သည်။

"ဟင်... နံလိုက်တာ၊ ဘာနံ့ကြီးလဲ"

"ဟုတ်ပ၊ ဒီလောက်ကားကျပ်တဲ့ကြားထဲမှာ တော်တော်ယုတ် တယ်"

နောက်နားဆီက အသံတွေထွက်လာ၏။

"ငါးပြေမတွေ ကားကျပ်လို့ ငါးပိဖြစ်ကုန်ပြီထင်တယ်"

ဆိတ်တစ်ကောင်က နောက်လိုက်သည်။

လမ်းဆုံမှတ်တိုင်မှာ ခရီးသည်တော်တော်များများဆင်းသည်။



ထို့အတူ အတော်များများကလည်း ကားပေါ်တက်ဖို့ တာစူနေသည်။ အောက်က တိုးဝှေ့တက်လာတော့မှ

"နေပါဦး၊ ဒီမှာ ဆင်းတောင်မဆင်းရသေးဘူး"

လိပ်တစ်ကောင်သည် ခရီးသည်တွေကြားက ခေါင်းပြူထွက် ရင်း လှမ်းပြောသည်။ စပယ်ယာက

"ခက်တာပဲ၊ ခင်ဗျားတို့လိပ်တွေဟာ နေရာတကာ တုံ့နေး တုံ့နေးနဲ့၊ စောစောကတည်းက တိုးထွက်ထားပါလား"

"တိုးတာပဲ နို့ပုံးကြီးက ကန့်လန့်ခံနေလို့"

လိပ်က စောဒကတက်သည်။

"အလိုတော် ဘယ့်နှယ် ကျုပ်နို့ပုံးကို ရမယ်ရှာရတာလဲ"

ဟု နွားမကြီးက ပြန်လည်ချေပသည်။

ခရီးသည်တွေ တက်လာပြီးနောက် ကားဆက်ထွက်သည်။

"ကဲ.. အတွင်းထဲကို တိုးပါ၊ ဘေးစောင်းတိုးလေ၊ အထဲမှာ အချောင်ကြီး၊ ကမ္ဘာ့ဖလား ဘောလုံးပွဲတောင် ကန်လို့ရတယ်"

စပယ်ယာကအော်တော့ စပါးကြီးမြွေတစ်ကောင်က

"မင်းက အချောင်ကြီးပြောနေ၊ ဒီမှာ မြွေစင်စစ်က ကြိုးဖြစ် တော့မယ်ကွ"

ထိုစဉ်မှာ ဒရိုင်ဘာက ဘရိတ်ကိုဆောင့်နင်းလိုက်သဖြင့် အလဲ လဲ အပြိုပြိုဖြစ်ကုန်သည်။ မြင်းကျားတစ်ကောင်က ရုတ်တရက် လမ်း ဖြတ်ကူးသောကြောင့် အရှိန်သတ်လိုက်ရခြင်းဖြစ်၏။

"တောက်... သူ့ကိုယ်သူ မြင်းကျားဆိုပြီး တော်တော်အရွှင် အရေးယူချင်တယ်"

ဒရိုင်ဘာက မကျေမနပ်ရေရွတ်ပြီးမှ ကားကို ဆောင့်ကြီး အောင့်ကြီး ပြန်မောင်းထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်တိုင်ပါတယ်"

ပင်ပွင်းငှက်တစ်ကောက်က အော်လိုက်သည်။ စပယ်ယာက

"မှတ်တိုင် ပါသေးတယ်တဲ့ဆရာရေ၊ လိုက်မယ့်သူမရှိရင် မှေးထားပေးလိုက်"

ပင်ပွင်းသည် 'စီးဆားဗစ်'ရင့်နေသူဖြစ်သောကြောင့် ကောင်းကောင်းသဘောပေါက်သည်။ ကားက လေးဘီးစလုံး ရပ်ပေးမှာမဟုတ်။ အရှိန်လျှော့ရုံသာ လျှော့ပေးလိမ့်မည်။ ထို့ကြောင့် အပေါက်ဝနားမှာရပ်ပြီး အသင့်ပြင်ထားလိုက်သည်။ ကားအရှိန် အလျှော့ဆုံးအချိန်ကို မှန်းဆပြီး ခုန်ဆင်းလိုက်၏။ အကျညင်သာအောင် တောင်ပံကို တဖျပ်ဖျပ်ခတ်သည်။ သို့ရာတွင် ပင်ပွင်းတို့၏တောင်ပံက လေမှာပျံနိုင်လောက်သော အင်အားမရှိသဖြင့် ဘာမှအရာမရောက်ဘဲ ပလက်ဖောင်းပေါ် ဟပ်ထိုးကျသွား၏။

နောက်တစ်မှတ်တိုင် အရောက်တွင်–

"ဟာ... ပြဿနာကောင်တွေတော့ လာပြီ"

ဟု စပယ်ယာက ရေရွတ်သည်။ တစ်တီတူးတစ်အုပ် တက်လာသောကြောင့်ဖြစ်၏။ ဒီအကောင်တွေက အများတကာနဲ့မတူဘဲ လက်ကိုင်တန်းကို ခေါက်ထိုးတွဲလွဲခိုပြီး လိုက်တတ်တာကိုး။ ထင်တဲ့အတိုင်းပဲ မှတ်တိုင်ကထွက်လာပြီး မကြာခင်မှာပင်

"ဘယ်လို ဖြစ်နေတာလဲ"

"ဟဲ့... သောက်ပလုတ်တုတ်၊ တင်ပါးကို ဆိတ်တယ်ဟဲ့"

"ဒီကောင်တွေတက်လာရင် အဲဒီအတိုင်းပဲ"

"ပိုက်ဆံအိတ်ကလေးတွေ သတိထားကြနော်"

စသောအသံတွေ ထွက်လာ၏။

ဒီလိုနဲ့ပဲ တိုးရင်းတွေ့ရင်း၊ ပြောရင်းဆိုရင်း၊ ငြင်းရင်းခုံရင်း၊



နောက်ရင်းပြောင်ရင်း ဂိတ်ဆုံးရောက်လာသည်။ ခရီးသည်တွေ ကားပေါ်ကဆင်းကြသည်။ သင်းခွေချပ်တစ်ကောင်သည် ရောက်လို့ရောက်မှန်း မသိဘဲ၊ ထောင့်တစ်ထောင့်မှာ ခွေခွေလေးအိပ်ပျော်နေသည်။ စပယ်ယာက သွားနှိုးတော့မှ လူးလဲထပြီး

"ဟင်... ဘာရာဇီးနိုင်သွားလား၊ ဘယ်နှစ်ဂိုးလဲ"

ဟု ယောင်ယောင်ကန်းကန်း ပြောလိုက်၏။


ဗျိုင်းမလေးသည် ဖွာလန်ကြဲသွားသော အမွေးအတောင်များကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်နေသည်။ ကားပေါ်မှာတုန်းက တစ်ချိန်လုံး သူ့နားကပ်နေသော ဘဲငန်းကြီးကို မျက်စောင်းတစ်ချက်ထိုးပြီးမှ ထွက်သွားသည်။ သမင်က ချိုဖျားလေးတစ်ချောင်း ကျိုးသွား၏။ ဝက်မကြီးသည် သမင်ချိုနှင့် ထိုးမိသောကြောင့် သွေးကြောအောင့်သွားသည်။ အောက်ချင်းငှက်ကတော့ တစ်ချိန်လုံးဇက်ကို ပုထားခဲ့ရသဖြင့် လည်ပင်းတွေညောင်းနေ၏။ မြင်းမလေးသည် ပိုနီတေးပုံသွင်းထားသောအမြီး အလှပျက်သွားသဖြင့် စိတ်ညစ်နေ၏။ သားပိုက်ကောင်ကတော့ ကိုယ်ကပ်ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက် မားနှင့်ခွဲတာ ခံလိုက်ရသဖြင့် တဖျစ်တောက်တောက် ညည်းညူနေသည်။ ဖားဂုံညင်းတစ်ကောင်သည် ကားပေါ်မှဆင်းလာခါစတွင် တစ်ကိုယ်လုံး ပြားကပ်နေသည်။ ပလက်ဖောင်းပေါ်ရောက်တော့ "ခုမှပဲ အသက်ဝဝ ရှူရတော့တယ်"ဟုပြောရင်း လေကို အားပါးတရ ရှိုက်လိုက်ရာ သူ့ကိုယ်လုံးက ပြန်လည်ပြည့်တင်း ဖောင်းကားလာလေသည်။

♦ ♦

(ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၂ နိုဝင်ဘာ)၊

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ငါးကလေး တစ်ကောင် ဖမ်းမိတယ် ...

ပါးလျှပ်လျှပ် အိုရုံးလွှာကိုဖြတ်ပြီး ကျဆင်းလာသော နေရောင်ခြည်က ပင်လယ်ရေမျက်နှာပြင်ကိုတောင် အရေပြားကင်ဆာဖြစ်စေနိုင်မလား ထင်ရ၏။ ပင်လယ်သည် စိတ်ရှိလက်ရှိ ပြာခွင့်မရဘဲ မှုန် မှုန်မှိုင်းမှိုင်းဖြစ်နေ၏။ ရေပြင်ပေါ်မှာတောင် တံလျှပ်တွေ ထနေသလားပဲ။

ရာသီဥတုက တစ်နှစ်ထက်တစ်နှစ် ပိုပိုပူလာသည်ဟု မိုးလေဝသပညာရှင်တွေ ပြောနေကြသည်။ ဟုတ်မှာပဲ။ မနှစ်ကထက် ဒီနှစ်ပိုပူသည်ဟု ထင်မိ၏။ ပင်လယ်လေညင်း တိုက်ခတ်နေသောကြောင့်သာ နည်းနည်းနေသာထိုင်သာ ရှိနေခြင်းဖြစ်၏။

ဘာပဲဖြစ်ဖြစ် သူကတော့ ပင်လယ်ထဲမှာ လှေကလေးတစ်စင်းနဲ့ ခုလိုမျှောနေရတာကို သဘောကျမိ၏။ မြို့ပေါ်က ရှုပ်ယှက်ခတ်နေသော ကားတွေကြားထဲမှာ သွားလာနေရတာထက် အပုံကြီး လွတ်လပ်မှုရှိသည်ဟု ထင်၏။

"အင်း... ပင်လယ်ကိုချစ်တတ်တာလည်း မျိုးရိုးလိုက်သလား

www.burmeseclassic.com



မသိဘူး"

ဟု သူကတွေးမိလိုက်၏။

တကယ်တော့ သူရော သူ့အဖေပါ ရိုးဝန်ယမ်းများသာဖြစ်၏။ သူ့အဘိုးကတော့ ငါးဖမ်းသင်္ဘောတစ်စင်း၏ မာလိန်မှူး၊ ပင်လယ်ပျော်ကြီးဖြစ်ခဲ့၏။ ငါးနှင့် ပတ်သက်ပြီးတော့လည်း အလွန်ကျွမ်းကျင်သည်။ ထိုဗီဇက တစ်ဆက်ငုပ်ပြီး သူ့ဆီမှာ လာပြန်ပေါ်လာပုံရ၏။

သူက ငါးမျှားဝါသနာပါသည်။ အဘိုးလို စပယ်ရှယ်လစ်တစ်ယောက် မဟုတ်သော်လည်း ဝါသနာရှင်အဆင့်ထဲမှာတော့ ထူးချွန်သူဖြစ်၏။ ထို့ကြောင့်လည်း ငါးမျှားပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်၏။ ဒီနှစ်လည်း သူပဲနိုင်လိမ့်မည်ဟု အားလုံးက တစ်ပေးထားကြသည်။

တကယ်လို့ ဒီနှစ် သူအနိုင်ရလျှင် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲခြင်းဖြစ်သောကြောင့် ရွှေသားစစ်စစ် ငါးမျှားချိတ်ဆုကြီးကို အပိုင်ရပေတော့မည်။

◆

ဟိုအရင် နှစ်ပေါင်းများစွာတုန်းက ဒီပင်လယ်ပြင်ကြီးမှာ ငါးတွေ အလွန်ပေါများခဲ့သည်။ ပင်လယ်ထဲကို လှေကလေးနဲ့ မိုင်ဝက်လောက်ထွက်ပြီး ပိုက်ကွန်နဲ့ ပစ်လိုက်ရုံနဲ့ ငါးတွေအလွယ်တကူ ဖမ်းနိုင်သည်ဟု သူ့အဖေက ပြောဖူးကြောင်း အဘိုးပြန်ပြောပြတာ ကြားဖူးသည်။

အဘိုး ငါးဖမ်းသင်္ဘောမှာ အလုပ်စဝင်ခဲ့သော အချိန်တုန်းကတောင်မှ ပင်လယ်ထဲ ခပ်ဝေးဝေးထွက်ရသည့်တိုင် ငါးတွေက အတော်အသင့် ပေါများနေတုန်းဟုဆို၏။ အဘိုး မာလိန်မှူးဖြစ်လာသော



ကာလမှာတော့ ငါးတွေ ရှားပါးစပြုလာပြီ။ ပင်လယ်ပြင်ထဲမှာ လပေါင်းများစွာကြာအောင် ခရီးနှင်ရင်း ငါးအုပ်တွေကို လိုက်ရှာရတာ ပိုခက်လာသည်။ ငါးမပါသလောက်နဲ့ ပြန်ခဲ့ရသောအခေါက်တွေတောင် ရှိလာသည်။ စရိတ်စကတောင် မကာမိအောင် ဖြစ်လာ၏။ နောက်ဆုံးတော့ ငါးဖမ်းလုပ်ငန်းများ ရပ်ဆိုင်းလိုက်ရလေတော့သည်။

ခုလိုဖြစ်ရတဲ့ အကြောင်းရင်းတွေထဲမှာ–

ပထမတစ်ချက်က–

ရာသီဥတုတွေ ဖောက်ပြန်ပြောင်းလဲလာခြင်းပင်ဖြစ်၏။ ရေနံလောင်စာ အလွန်အကျွံသုံးစွဲမှု၊ စီအက်ဖ်စီဓာတ်ငွေ့ ထုတ်လွှတ်မှု၊ သစ်တောပြုန်းတီးမှုတို့ကြောင့် ဖြစ်၏။

ဒုတိယအချက်က–

အဏုမြူလောင်စာ စွန့်ပစ်ပစ္စည်းများ၊ စက်ရုံများမှ စွန့်ပစ်ဓာတုပစ္စည်းများကြောင့် ပင်လယ်ပြင် အဆိပ်သင့်ရခြင်းဖြစ်၏။ ထိုအရာများကြောင့် ငါးများ ခိုအောင်းပျော်မွေ့ရာ သန္တာကျောက်တန်းများ ပျက်စီးကုန်သည်။ ငါးတို့၏ အစာအဟာရဖြစ်သော ရေမှော်များ ရေညှိပင်များ မျိုးတုံးကုန်သည်။

တတိယအချက်ကတော့–

လူတွေက ငါးရှားပါးလာသောအခါ ရှိသမျှအကောင် အကြီးအသေးမရွေး အလွတ်မပေးဘဲ အကုန်ဖမ်းသည်။ ထို့ကြောင့် ငါးတွေ ပေါက်ဖွားမှုနည်းလာရာမှ ငါးမျိုးကန်းတဲ့အထိ ဖြစ်လာသည်။

ခုချိန်ခါမှာတော့ ငါးဆိုသည်မှာ စားဖို့မဟုတ်တော့။ ပြတိုက်ထဲမှာ ထားဖို့သာဖြစ်၏။ ငါးကိုမမြင်ဖူးရှာသော မျိုးဆက်သစ် ကလေးငယ်တွေကို ဗဟုသုတအလို့ငှာ ပြသဖို့သာဖြစ်၏။ ကုန်းတွင်းပိုင်းနှင့် တောင်ပေါ်ဒေသတွေမှာဆိုလျှင် ငါးအရှင်တောင်မရှိ။ ဆေးရည်စိမ်

www.burmeseclassic.com

www.burmeseclassic.com



ထားသော ငါးတွေကိုသာ ပြသထားနိုင်သည်။

အပြည်ပြည်ဆိုင်ရာ ငါးဥပဒေကိုလည်း ပြဋ္ဌာန်းထားရသည်။ မျိုးပွားဖို့အတွက် မွေးမြူရန်၊ သုတေသနပြုလုပ်ရန်စသော အထူးခွင့်ပြုထားသည့် ကိစ္စများမှလွဲ၍ ဘယ်သူ့ကိုမှ ငါးဖမ်းခွင့်မပြု။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ငါးမျှားပြိုင်ပွဲမှာ ဖမ်းမိသောငါးကိုတောင် စားသုံးခွင့်မရှိ။ ပြတိုက်ကို အခမ်းအနားနှင့် လှူရသည်။

♦

သူ့လှေကလေးက ဆယ့်နှစ်ပေရှည်သည်။ ပဲ့ပိုင်း၌ ပေါင်းမိုးပါသည်။ အမိုးပေါ်မှာ ဆိုလာဆဲလ်ပြားတပ်ဆင်ထားသည်။ နေရောင်ခြည်စွမ်းအင်သုံး အင်ဂျင်စက်ကလေးဖြင့် ခုတ်မောင်းရသည်။

သူ့မှာ ဘက်စုံသုံး ခရီးဆောင်ကွန်ပျူတာ တစ်လုံးပါသည်။ အချိန်ရတုန်း ပင်လယ်ပြင်အခြေအနေကို ကွန်ပျူတာမှတစ်ဆင့် လှေ့လာကြည့်နေလိုက်သည်။ ရေစီးကြောင်း အခြေအနေ၊ လေတိုက်နှုန်း၊ အပူချိန် အားလုံး ပုံမှန်ရှိနေ၏။

ဒီလို ရာသီဥတုမျိုး၊ ဒီလိုအခြေအနေမျိုးမှာ ငါးအချို့ ပင်လယ်ကွေ့ထဲ ဝင်ရောက်ကျက်စားတတ်သည်။ ထို့ကြောင့်လည်း နှစ်စဉ်ဒီအချိန်မှာ ငါးမျှားပြိုင်ပွဲကျင်းပခြင်းဖြစ်၏။ ငါးအရေအတွက်က တစ်နှစ်ထက်တစ်နှစ် ပိုနည်းလာသောကြောင့် ငါးမျှားပြိုင်ပွဲသည်လည်း ပိုပိုပြီး ခက်ခဲလာသည်။

မနှစ်ကဝင်လာသော ငါးအုပ်မှာ သိသိသာသာ နည်းသွားသည်။ အားလုံးပေါင်းမှ အကောင်နှစ်ဆယ်တောင် မပြည့်ချင်။ ဒီနှစ်တော့ ဘယ်လိုနေမလဲမသိ။

မဏ္ဍဗေဒပညာရှင်တွေကတော့ ဒီနှစ် ကောင်ရေပြန်တက်လာ



နိုင်ကောင်းပါရဲ့ဟု မျှော်လင့်နေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကတော့ ဒီနှစ်အဖို့ ငါးတစ်ကောင်မှ ဝင်ရောက်လာခြင်းမရှိတာမျိုးတောင် ဖြစ်နိုင်သည်ဟု ခန့်မှန်းထားသည်။

သူတို့ပြောတဲ့အတိုင်း ဖြစ်များဖြစ်နေမလားဟု စိုးရိမ်စရာလည်း ရှိနေ၏။ ငါးမျှားပြိုင်ပွဲ စတင်ကျင်းပခဲ့တာ ဒီနေ့ပါဆိုလျှင်သုံးရက်ရှိပြီ။ ခုချိန်ထိ ငါးတွေရဲ့ အရိပ်အယောင်တောင် မမြင်ရသေး။ ပြီးခဲ့သော နှစ်ရက်စလုံး မနက်ရှစ်နာရီကစ၍ ပင်လယ်ထဲမှာ စောင့်ဆိုင်းခဲ့တာ ညနေ ငါးနာရီကျော်သည်အထိ ငါးဝင်မလာသဖြင့် အခြေစိုက်စခန်းမှာ ပြန်နားခဲ့ရသည်။ ဒီနေ့လည်း အလုပ်ဖြစ်မှဖြစ်ပါ့မလား။ ခုပဲ ညနေသုံးနာရီကျော်ပြီ။

ပျှင်းပျင်းရှိသဖြင့် ဒီရာသီမှာ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားသော ငါးအမျိုးအစားများအကြောင်းကို အင်တာနက်မှတစ်ဆင့် လေ့လာကြည့်နေလိုက်၏။

အင်ဂျင်စက်လည်သံကို ကြားရသဖြင့် မော့ကြည့်လိုက်သည်။ ရဟတ်ယာဉ်တစ်စင်းသည် ခပ်နိမ့်နိမ့် လှည့်ပတ်ပျံဝဲနေသည်။ ကိုယ်ထည်ပေါ်မှ တံဆိပ်ကို မြင်ရသဖြင့် ရုပ်မြင်သံကြားဌာနမှဖြစ်ကြောင်း သိရသည်။

သူသည် ကွန်ပျူတာကို ရုပ်မြင်သံကြားလိုင်းသို့ ပြောင်းလဲဖမ်းယူလိုက်သည်။ ကွန်ပျူတာမျက်နှာပြင်မှာ သူ့လှေကလေးပုံ ပေါ်လာသည်။ သူတို့က သူ့လှေကို ရိုက်ကူးပြီး တိုက်ရိုက်ထုတ်လွှင့်နေတာပဲ။ သူက ခေါင်မိုးအပြင်သို့ထွက်လိုက်ပြီး ရဟတ်ယာဉ်ကို လက်ပြနှုတ်ဆက်လိုက်သည်။ သူ့ပုံကို အနီးကပ်ဆွဲယူရိုက်ပြမှာ သေချာသည်။ သူက ကွန်ပျူတာရှိရာကို လှည့်ကြည့်သည်။ သူလှည့်ကြည့်သည့်ပုံအတိုင်း ပြန်မြင်ရသည်။ သူက ပြုံးလိုက်ပြီး ကွန်ပျူတာရှိရာသို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ထိုင်ကြည့်နေလိုက်၏။

ပြီးခဲ့သော နှစ်တွေက သူပထမဆု ရခဲ့ပုံအကြောင်းတွေ ပြန်ပြသည်။ ဒီနှစ်လည်း သူပဲရလိမ့်မည်ဟု ထင်ကြေးပေးနေကြပုံများကိုလည်း ရိုက်ပြသည်။

ထို့နောက် ပင်လယ်ပြင်မှာ တစ်ချိန်က ငါးတွေအလွန်ပေါများပုံအကြောင်းကို ပြန်ပြသည်။ ပင်လယ်ရေအောက်ရှုခင်း။ သန္တာကျောက်တန်းတွေကြားမှာ လှပသော ရောင်စုံငါးများ ကျက်စားနေပုံ၊ ရေမှော်ပင်များ၊ ကျောက်ခက်ပင်များ၊ ရင်သပ်ရှုမောဖွယ်ရာ အံ့မခန်းမြင်ရသည်။

ပြီးတော့ ငါးဖမ်းသင်္ဘောတစ်စင်းကိုပြသည်။ ငါးဖမ်းပိုက်ကို ဆွဲတင်လိုက်သောအခါ ငါးတွေတစ်ထွေးကြီးပါလာသည်။ ကုန်းပတ်ပေါ် သွန်ချလိုက်သောအခါ ဖိုးလိုးဖတ်လပ်ဖြစ်နေသော ငါးတွေဆိုတာ ဖွေးဖွေးလှုပ်နေတာပဲ။ သင်္ဘောသားတွေကို လိုက်ပြီးကြီးကြပ်နေသော မာလိန်မှူးမှာ တောင့်တင်းသန်မာသော လူရွယ်တစ်ယောက်ဖြစ်၏။ ထိုသူမှာ သူ၏အဘိုးပင် ဖြစ်လေသည်။

နောက်ပြကွက်တစ်ခုကတော့ ငါးတွေကို ကင်လို့တစ်မျိုး၊ ကြော်လို့တစ်ဖုံ၊ ပေါင်းလို့တစ်နည်း အားပါးတရ စားသောက်နေကြပုံများဖြစ်၏။ သူ တံတွေးတောင် မျိုချလိုက်မိ၏။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင် တစ်ယောက်၏ပုံ ပေါ်လာသည်။ ငါးတွေ အလွန်ပေါများခဲ့သော ပင်လယ်ပြင်ကြီးသည် လူတို့၏ မဆင်မခြင်ပြုလုပ်မှုများကြောင့် ငါးတစ်ကောင်တလေ တွေ့ရဖို့တောင် ခဲယဉ်းသည့်အခြေအနေ ရောက်လာပြီဖြစ်ကြောင်း၊ ထိုကိစ္စအတွက် အသိပညာပေးလိုသောကြောင့် ငါးများပြိုင်ပွဲကို နှစ်စဉ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောနေသည်။



သူက တီဗီအစီအစဉ်ကို ပိတ်လိုက်ပြီး တယ်လီဖုန်းလိုင်းကို ပြောင်းတင်လိုက်သည်။ အိမ်ကိုဆက်သွယ်လိုက်၏။ ခဏအကြာတွင် ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ သူ့ဇနီး၏ပုံ ပေါ်လာသည်။

"မောင် အဆင်ပြေရဲ့လား"

ဟု သူ့မိန်းမက မေးသည်။

"ပြေပါတယ်၊ ဒီလိုပဲ ထိုင်စောင့်နေရတာပေါ့"

"ဒီနေ့ကော ငါးတွေက လာဦးမှာလား"

"အဲဒါတော့ ဘုရားသခင်တောင် အာမခံနိုင်မယ် မထင်ဘူး"

"နိုင်အောင်တော့ ကြိုးစားနော်၊ ကလေးတွေက တို့အဖေကြီးပဲ နိုင်မှာပဲလို့ ကျောင်းမှာကြွားထားကြတာ"

"စိတ်ချပါ၊ မောင် အစွမ်းကုန်ကြိုးစားမှာပါ။ ဒါနဲ့ ကလေးတွေကော"

"သမီးကြီးက တီဗီရှေ့ကကို မခွာတမ်းကြည့်နေတာ၊ သူတို့ကလည်း ပြိုင်ပွဲကို စိတ်ဝင်စားအောင် အမျိုးမျိုးပြနေတာကိုး"

"သားငယ်ကော"

"သားငယ်ကတော့ ပြိုင်ပွဲစလို့ တိုက်ရိုက်ပြရင် လှမ်းခေါ်ပါလို့ မှာထားတယ်။ အခုတော့ သူ့ငါးကန်နားမှာ အလုပ်ရှုပ်နေတယ်လေ"

သားငယ်ကလည်း သူ့မျိုးရိုးဗီဇကို ဆက်ခံမည့်သူဖြစ်၏။ ငါးတွေကို အလွန်စိတ်ဝင်စားတတ်သည်။ သူ့အတွက် ငါးကန်လေးတစ်ခု ဝယ်ပေးထားရသည်။ သူက ရွှေရောင်ငါးလေးတွေ မွေးထားသည်။ ငါးအစစ်တော့မဟုတ်။ အစစ်နှင့်တူအောင် ပြုလုပ်ထားသော အီလက်ထရွန်နစ် ငါးကလေးများသာဖြစ်၏။

အရုပ်ဆိုသော်လည်း တကယ့်ငါးအစစ်လို ဂရုစိုက်ရသည်။ ကန်ထဲကရေကို မှန်မှန်လဲပေးရသည်။ ဓာတုဗေဒပစ္စည်းများဖြင့် ပြု

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားသော အစာလုံးကလေးတွေကို မှန်မှန်ကျွေးရသည်။ ထိုအစာလုံးကလေးတွေကို ငါးတွေကစားသောအခါ ဓာတ်ပြုမှုဖြစ်ပေါ်လာပြီး လှပ်ရှားကူးခတ်ဖို့ စွမ်းအင်ကိုရရှိသည်။ ဂရုမစိုက်ဘဲ ပစ်ထားလျှင် ငါးကလေးတွေ သေသွား(ပျက်သွား)တတ်သည်။

♦

တီတီဆိုသော အချက်ပေးသံ ပေါ်လာသည်။ တစ်စုံတစ်ခု ထူးခြားပြီ။ ထို့ကြောင့် ပြိုင်ပွဲအခြေစိုက်စခန်းနှင့် ဆက်သွယ်လိုက်သည်။ ကွန်ပျူတာပေါ်မှာ သတင်းအချက်အလက်တွေပေါ်လာသည်။

"အခြေစိုက်စခန်းမှ အရှေ့မြောက် သုံးဆယ့်သုံးဒီဂရီ၊ နှစ်ဒသမလေး ကီလိုမီတာအကွာနေရာသို့ ငါးတစ်ကောင် ဝင်ရောက်လာသည်"

ငါးက တစ်ကောင်တည်းပဲတဲ့။ ငါးတစ်ကောင်ကို လှေအစင်းနှစ်ဆယ် ဝိုင်းလုပြီး ဖမ်းရမှာဆိုတော့ တကယ့် ပွဲကြီးပွဲကောင်းပဲပေါ့။

သူ့လှေရောက်ရှိနေသော နေရာကိုရှာသည်။ ငါးရောက်ရှိနေသောနေရာကို တွက်ချက်သည်။ ကီလိုမီတာ တစ်ဝက်ကျော်ကျော်ဝေးသည်။ စက်နှိုးလိုက်ပြီး ငါးရှိမည့်နေရာသို့ လှေကိုခုတ်မောင်းလာခဲ့သည်။

ကွန်ပျူတာပေါ်မှာ ထပ်မံရရှိသော အချက်အလက်တွေ ပေါ်လာပြန်သည်။ ငါးက တစ်မီတာခွဲလောက်ရှည်သည်။ ရေအနက် ဆယ်မီတာနှင့် ဆယ့်ငါးမီတာကြား စောစောကတည်းရှိနေရာ တစ်ဝိုက်မှာပင် လှည့်ပတ်ကူးခတ်နေသည်။ ငါးမန်း အမျိုးအစားဟု ယူဆရသည်။

ငါးမန်းဆိုပါလား။ ငါးမန်းတို့သည် ခုံတောင်၊ အသည်း၊ အဆီစသော ဆေးဖက်ဝင်ပစ္စည်းများကြောင့် လည်းကောင်း၊ လူတို့ကို ရန်မူတတ်သည်ဟု အထင်မှားခံရသောကြောင့် လည်းကောင်း တရားလွန်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ပြီးတော့ ငါးမန်းတွေက တစ်ခါသားပေါက်လျှင် နှစ်ကောင်သာ မွေးနိုင်သည်။ ကောင်ရေတိုးပွားမှုနှုန်းက နှေးပြီး သတ်ဖြတ်ခံရတာက များနေသည်။ ထို့ကြောင့် မျိုးတုံးလုနီးပါးဖြစ်ပြီး လူမြင်ကွင်းက ပျောက်ကွယ်နေခဲ့တာကြာပြီ။

ခုတော့ ငါးမန်းတစ်ကောင်ကို ပြန်တွေ့ရပြီ။ ဒီရာသီအတွင်း ပင်လယ်ကွေ့ထဲကို ဝင်ရောက်လာသည့် တစ်ကောင်တည်းသော ငါးသတ္တဝါ။ ဒါတွင်မက အလွန်ရှားပါး အဖိုးတန်သော ငါးမန်းတဲ့။ ဒီငါးမန်းကိုသာ မိအောင်ဖမ်းနိုင်လျှင် ကမ္ဘာကျော်ပေတော့မည်။ ရွှေငါးမျှားချိတ်ဆုသာမက တခြားဂုဏ်ထူးဆောင်ဆုကြီးတွေပါရဖို့ အလားအလာရှိ၏။

ခုချိန်ဆိုလျှင် ရုပ်မြင်သံကြားဌာနမှ ငါးမန်းနှင့်ပတ်သက်သော သတင်းမှတ်တမ်းတွေ အချိန်ကိုက်ပြီး ပြနေပေလိမ့်မည်။ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေကလည်း ငါးမန်းဖမ်းမိသူကို ဆုကြေးငွေတွေ ထပ်ပေးဖို့ ကမ်းလှမ်းနေကြတော့မည်။

ငါးဝင်ရောက်လာသည်ဆိုသော ဧရိယာအတွင်းသို့ ရောက်လာသည်။ ဆိုနာကိရိယာကို ဖွင့်လိုက်၏။ ငါး၏ အရိပ်အယောင်ကို မတွေ့ရသေး။ လှေကို အနည်းငယ်ကွေ့ပတ်ပြီး မောင်းသည်။

တစ်နေရာမှာ မသဲမကွဲသင်္ကေတတစ်ခုကို မြင်ရသည်။ လှေကို ရှေ့နည်းနည်းထပ်တိုးလိုက်တော့ သိသာလာသည်။ ငါးတစ်ကောင်ပါပဲ။

ဆိုနာမှလာသော အသံလှိုင်းများကို ကွန်ပျူတာမှတစ်ဆင့် တွက်ချက်ပုံဖော်ကြည့်သည်။ ငါးတစ်ကောင်၏ ပုံသဏ္ဌာန်ပေါ်လာသည်။ ခန့်မှန်းခဲ့တာမှန်သည်။ ကျားငါးမန်းတစ်ကောင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲစည်းကမ်းအရ တခြားပြိုင်ပွဲဝင် လှေတွေဆီသို့ ငါးမန်းကိုရှာတွေ့ပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်။ လှေတွေအားလုံး ဝိုင်းအုံရောက်ရှိလာကြသည်။ ငါးမန်း ဟည်ရှိရာနေရာကို ဗဟိုပြုပြီး အချင်းမီတာတစ်ရာလောက်ရှိသော စက်ဝိုင်းပုံအတိုင်း ဝိုင်းရံလိုက်ကြသည်။ ထို့နောက် ရေအောက်သို့ မိုက်ကရိုလှိုင်းတွေ ထုတ်လွှတ်လိုက်ကြသည်။ ငါးမန်းသည် ထိုလှိုင်းများကို ဖြတ်ကျော်မထွက်နိုင်။ ထို့ကြောင့် ကွန်ချာစည်းဝိုင်းအတွင်းမှာသာ လှည့်ပတ်သွားလာနေရတော့သည်။

တကယ်တော့ ဒီငါးမန်းကို ဖမ်းမိဖို့မှာ လွယ်လွယ်လေးဖြစ်၏။ ပစ်မှတ်ကို မလွဲတမ်းထိမှန်နိုင်သော မေ့ဆေးမှိန်းနှင့် ပစ်ဖမ်းရုံသာဖြစ်၏။ သို့ရာတွင် ခုပွဲက ငါးမျှားစွမ်းရည် ပြိုင်ရမှာဖြစ်သောကြောင့် ခေတ်ဟောင်းပုံ ငါးမျှားတံတွေကိုသာ သုံးကြရသည်။

ငါးမန်းသည် အသားစား သတ္တဝါဖြစ်၏။ ထို့ကြောင့် သွေးညှိနံ့ထုတ်လွှတ်သော ငါးစာအတုကို သုံးရသည်။ ငါးမျှားတံကိုလွှဲပြီး ငါးမျှားချိတ်ကို ခပ်ဝေးဝေးရောက်အောင် လွှင့်ပစ်လိုက်သည်။ ရေထဲသို့ ငါးမီတာအနက်အထိ နစ်နေအောင် ဖော့တုံးကို ချိန်ထားသည်။

ထို့နောက် လက်ရှိအနေအထားကို ကွန်ပျူတာပေါ်မှာ ကြည့်လိုက်သည်။ ဝိုင်းရံထားသောလှေတွေကို အနက်ရောင်အစက်များအဖြစ် မြင်ရသည်။ ငါးကိုတော့ အနီရောင်အစက်ငယ်ဖြင့် ပြထားသည်။

ငါးသည် သူ့လှေနှင့်အနီးဆုံးဖြစ်၏။ သို့ရာတွင် ဆန့်ကျင်ရာဘက်သို့ တရွေ့ရွေ့ကူးခတ်နေတာ မြင်ရသည်။ ဒီအတိုင်းဆိုလျှင် တစ်ဖက်ခြမ်းမှလှေက ငါးမျှားချိတ်ကို သွားဟပ်တော့မည်။ သူက အဘိုး ပြောခဲ့ဖူးသောနည်းကို ထုတ်သုံးလိုက်သည်။

ငါးမျှားတံကို သံပိုက်လုံးကလေးဖြင့် စည်းချက်ကျကျ ခေါက်



ပေးလိုက်သည်။ တုန်ခါမှုနှင့် အသံလှိုင်းတွေက ငါးမျှားတံမှတစ်ဆင့်ကြိုး၊ ထိုမှ ငါးမျှားချိတ်ဆီသို့ စီးဆင်းသွားသည်။ မင်းအစာက ဒီမှာလေကွာဟု အချက်ပေးသည့်သဘော။ သာမန်ကြည့်လျှင် မထူးခြားဟု ထင်ရသော်လည်း ငါးမန်းကတော့ ဒါကို အာရုံခံစားပြီး သိနိုင်သည်ဟုဆို၏။

မှန်သည်။ ကွန်ပျူတာမျက်နှာပြင်ပေါ်မှ အနီစက်ကလေးသည် တုံ့ခနဲရပ်သွားသည်။ လက်ဝဲဘက်သို့ အနည်းငယ် ကူးခတ်သွားပြီးနောက် ပြန်လှည့်လာသည်။ သူ့လှေရှိရာသို့ တန်းတန်းမတ်မတ်လာနေတာ တွေ့ရ၏။ လှေနှင့်နီးလာသော အချိန်တွင် သူသည်ငါးမျှားတံကို မြဲအောင်ကိုင်ထားလိုက်သည်။

ဖော့တုံးကလေး ချာခနဲလည်သွားသည်။ ငါးမန်းက အစာကို ရစ်ဝဲနေပြီ။ ဖော့တုံးကလေး နှစ်ချက်သုံးချက် မြုပ်ချည်ပေါ်ချည်ဖြစ်နေ၏။ အစာကို တွတ်နေပြီ။ ခဏအကြာမှာ ဖော့တုံးကလေး စွပ်ခနဲ မြုပ်သွားသည်။ ငါးမျှားတံကိုင်ထားသောလက်က တင်းခနဲဖြစ်သွားတာ ခံစားရသည်။ ငါးတော့ဟပ်မိနေပြီ။ ငါးမျှားကြိုး တင်းသွားပြီး ဆတ်ခနဲ ဆတ်ခနဲတုန်ခါနေသည်။ ငါးက ရုန်းကန်နေခြင်းဖြစ်၏။

ရုန်းလို့မလွတ်မှန်းသိသောအခါ ကြိုးကိုဆောင့်ဆွဲပြေးသည်။ သူက ကြိုးလျှော့ပေးလိုက်သည်။ လက်ရစ်တံသည် မွှတ်နေအောင်လည်သွားသည်။ ကြိုးဆုံးသွားသောအခါ သူက ငါးမျှားတံကို တင်းတင်းကိုင်ပြီး တောင့်ခံထားလိုက်သည်။ ငါးသည် ဆက်မဆွဲနိုင်တော့။ ထိုအခါကျမှ ရစ်တံကို ဖြေးဖြေးချင်းလှည့်ပြီး ပြန်ဆွဲယူသည်။ ငါးမန်းကလည်း မှေးလိုက်လာပြီးမှ တစ်ချီ ပြန်ဆွဲသွားပြန်သည်။ သူက လျှော့ပေးလိုက်ပြန်သည်။ ဒီလို လျှော့ချည်တင်းချည် အကြိမ်များစွာ

www.burmeseclassic.com



ပြုဖြီးနောက် ငါးမန်းလည်း မောပန်းပြီး လက်လျှော့လိုက်ဟန်တူသည်။ ထပ်မရုန်းတော့ဘဲ သူကြိုးဆွဲရာအတိုင်း လိုက်ပါလာသည်။

ဒီပြိုင်ပွဲမှာ သူအနိုင်ရရှိသွားပြီ။

ပြိုင်ဘက်လှေတွေကလည်း သူ့လှေအနီးသို့ ချဉ်းကပ်လာကြပြီး လက်ခုပ်ဩဘာပေးကြသည်။ ရပ်မြင်သံကြား ရဟတ်ယာဉ်လည်း ရေပြင်နားအထိဆင်းလာပြီး အနီးကပ်ရိုက်ကူး ထုတ်လွှင့်နေသည်။ ကမ်းခြေတစ်ဝိုက်မှ သဘော်ာတွေကလည်း ဥဩဆွဲပြီး ဂုဏ်ပြုကြ၏။

ထိုစဉ်တွင် သူ့ကွန်ပျူတာမှ အချက်ပေးသံထွက်လာသည်။ အိမ်ကဖုန်းလှမ်းဆက်ခြင်းဖြစ်၏။ ခလုတ်ကိုဖွင့်လိုက်သောအခါ သူ့ဇနီး၏ရုပ်ပုံ ပေါ်လာသည်။

"ကွန်ဂရက် ကျူလေးရှင်းပါ မောင်"

ထို့နောက် သမီးကြီးမြင်ကွင်း ပေါ်တက်လာသည်။

"ဖေကြီးအတွက် ဂုဏ်ယူပါတယ်၊ သမီး သိပ်ဝမ်းသာတာပဲ"

သားအငယ်ကောင်၏မျက်နှာ ပေါ်လာပြန်သည်။

"ဖေကြီး... အဲဒီငါးကို အိမ်ကိုယူခဲ့ပါလားဟင်"

"မရဘူး သားရဲ့၊ ဒီငါးက ပြတိုက်ကိုလှူရမှာ၊ သားက ဘာလုပ်ချင်လို့လဲ"

"စားချင်လို့ပါ၊ ငါးအစစ်ကို သား တစ်ခါမှ မစားဖူးသေးဘူး ဖေဖေ" ဟု ပြန်ဖြေ၏။

◆ ◆

*(နွယ်နီမဂ္ဂဇင်း၊ ၂၀၀၃၊ ဖေဖော်ဝါရီ)*



www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း

သမ္ဗန်သမားတစ်ယောက်သည် ကူးတို့ဆိပ်မှာ ခရီးသည်ကို မျှော်နေသည်။ ခဏအကြာတွင် သားသားနားနားဝတ်စားပြီး လက်ဆွဲအိတ်တစ်လုံးဆွဲထားသော လူတစ်ယောက် ရောက်လာသည်။

တစ်ဖက်ကမ်းသို့ပို့ပေးဖို့ ငှားရမ်းသည်။ သမ္ဗန်ထွက်ခွာစတွင် ထိုသူကမေး၏။

"မင်း အင်္ဂလိပ်စာ တတ်သလား"

သမ္ဗန်သမားက

"ရက်စ်နဲ့ နိုးကလွဲရင် ဘာမှမတတ်ဘူးခင်ဗျာ"

ခရီးသည်က ခေါင်းကိုယမ်းခါလိုက်ပြီး

"အင်း ခုခေတ်မှာ အင်္ဂလိပ်စာမတတ်ရင် လူဖြစ်ရှုံးတာပဲကွ"

မြစ်လယ်သို့ ရောက်သောအချိန်မှာပင် ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းပြီး နီရဲလာတာတွေ့ရ၏။ သမ္ဗန်သမားက

"မုန်တိုင်းတိုက်တော့မယ်ဗျ"

ခရီးသည်လည်း ထိတ်လန့်တကြား

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ ငါ ရေမကူးတတ်ဘူးကွ။ ဘယ်လိုလုပ်ကြမလဲ"

သမ္ဗန်သမားက ကောင်းကင်ကိုမော့ကြည့်ပြီး

"လေမုန်တိုင်းက အင်္ဂလိပ်လို မတတ်တော့လည်း ခက်သားကလားဗျ" ဟု ရေရွတ်လိုက်၏။

◆

ယုတ္တိဗေဒသမားတစ်ယောက်သည် ဘတ်စ်ကားစောင့်နေ၏။ သူစီးရမည့် အမှတ် (၄၈) ဘတ်စ်ကားသည် အချိန်အတော်ကြာအောင် ရောက်မလာခဲ့။ ထိုအခါ သူသည် မှတ်တိုင်သို့ဆိုက်လာသော အမှတ် (၄၇) ကားကို တက်စီးလိုက်သည်။ လမ်းဆုံမှတ်တိုင်မှာဆင်းပြီး အမှတ် (၁) ကားကို ပြောင်းစီးသည်။ (၄၇) နှင့် (၁) နဲ့ပေါင်းတော့ (၄၈) ဖြစ်သွားတာပေါ့ဟု သူက သတ်မှတ်သည်။ နောက်ဆုံးတော့ သူသည် သွားလိုရာခရီးနှင့် ဆန့်ကျင်ဘက်အရပ်သို့ ရောက်သွားလေသည်။

◆

စာပေသမားတစ်ယောက်သည် ကားတစ်စီးငှားပြီး ခရီးထွက်လာခဲ့သည်။ ထမင်းစားချိန်ရောက်သာအခါ မြို့ငယ်တစ်မြို့ရှိ ထမင်းဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်ပြီး ဒရိုင်ဘာက

"ထမင်းစားကြရအောင် ဆရာ။ ဒီဆိုင်က ဟင်းတွေ သိပ်ကောင်းတယ်"

စာပေသမားက ဆိုင်ကိုလှမ်းကြည့်ပြီး ခေါင်းခါလိုက်သည်။

"ဆိုင်းဘုတ်ကိုကြည့်စမ်း၊ ထမင်းဆိုတဲ့စာလုံးကို 'ထဆင်ထူး' နဲ့ 'မ' ကို နှစ်လုံးဆင့် ရေးထားတယ်။ သတ်ပုံမှားနေတယ်" ဟု



မနှစ်မြို့ဟန်ဖြင့်ပြောသည်။ ထိုအခါ ဒရိုင်ဘာက

"ဆရာက ထမင်းစားမှာလား၊ သတ်ပုံစားမှာလား" ဟု ပြန်မေးလိုက်လေသည်။

◆

ပညာရှိကြီးက စာအုပ်ပုံကို လက်ညှိုးထိုးပြပြီး

"ဟောဒီစာအုပ်တွေဟာ ငါ့ရဲ့အတွေးအခေါ်တွေပဲ"ဟုဆို၏။

"အဲဒီ အတွေးအခေါ်တွေ ပေါင်းလိုက်ရင် အချိန်တစ်ဆယ်လောက်တော့ရှိမယ်နော် ဆရာကြီး" ဟု ဘော်တယ်ကုလားက ပြန်ပြောလိုက်၏။

◆

သစ်ပင်အရိပ်ကောင်းကောင်းအောက်မှာ ထိုင်ရင်းငေးမောနေသော အလုပ်လက်မဲ့တစ်ယောက်နားသို့ ဘောဂဗေဒပညာရှင်တစ်ယောက် ရောက်ရှိလာ၏။ သူက

"မင်း အလုပ်တစ်ခုခုကို ကြိုးကြိုးစားစားလုပ်သင့်တယ်။ ဒါမှ အသက်ကြီးလာတဲ့အခါ ဇိမ်နဲ့နေနိုင်မှာပေါ့"ဟု အကြံပေးညွှန်ကြားသည်။ ထိုအခါ အလုပ်လက်မဲ့က ပြန်ပြော၏။

"ဒါဆို ဘာလုပ်နေစရာ လိုတော့လို့လဲဗျာ။ အခုလည်း ကျွန်တော် ဇိမ်နဲ့ထိုင်နေတာပဲ"

◆

သင်္ချာသမားတစ်ယောက်သည် အပြင်သွားခါနီးတွင် သတင်းစာထဲက မိုးလေဝသသတင်းကို ဖတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယနေ့ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ငါးဆယ်"ဟု ခန့်မှန်းချက်ပေးထားသည်။ ထို့ကြောင့်သူသည် မိုးကာအင်္ကျီဝတ်ပြီး နေကာမျက်မှန်တပ်လျက် ထွက်သွားလေသည်။

♦

"ယောက်ျားတွေ အမှားကြီးမှားပြီဆိုရင် အသက်တစ်ချောင်း ဆုံးရှုံးရတဲ့အထိ ဖြစ်သွားတတ်တယ်"ဟု ရှေ့နေတစ်ယောက်က ပြောသောအခါ ဆရာဝန်တစ်ယောက်က

"မိန်းမတွေ အမှားကြီးမှားပြီဆိုရင်တော့ အသက်တစ်ချောင်းကို မွေးထုတ်ပေးရတတ်တယ်ဗျ" ဟု ပြန်ပြောလိုက်သည်။

♦ ♦

(အချို့သော အချက်အလက်များသည် ကြားဖူးဖတ်ဖူးသော ပုံပြင်များ၊ စကားများကို ဆင့်ပွားခံစားထားခြင်း ဖြစ်ပါသည်။)

*(အတွေးသစ်ဂျာနယ်-၃/၁၂၆၊ ၂၄-၃-၂၀၀၃)*



www.burmeseclassic.com

www.burmeseclassic.com

# အိုးကော်လာ

သူ့လက်မှာပတ်ထားသော ဓီဝမှတ်တမ်း ကိရိယာလေးက တစ်ညတာအတွင်းမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သော အချိန်တွေကို စုပြီးမှတ်ထားသည်။ အိပ်ရေးဝလောက်ပြီဆိုသောအခါ အာရုံကြောမှ တစ်ဆင့် ဦးနှောက်ဆီသို့ လျှပ်စစ်လှိုင်းများလွှတ်ပြီး လှုံ့ဆော်လိုက်သည်။ ထိုအခါ သူ အိပ်ရာမှ နိုးလာ၏။

ဓီဝမှတ်တမ်း ကိရိယာလေးကို ကြည့်လိုက်သည်။ သွေးဖိအား၊ နှလုံးခုန်နှုန်းကိုပြနေသည်။ ပုံမှန်ပဲ။ ဆက်လက်ပြီး အသက်ရှူနှုန်း၊ အောက်ဆီဂျင်ရရှိမှု၊ သွေးထဲရှိ ကော်လက်စထရောအခြေအနေစသောအချက်အလက်များ ပေါ်လာသည်။ သူက ဒါတွေ ဂရုစိုက်မကြည့်တော့ဘဲ ရီမုကွန်ထရိုးဖန်ရှင်ကိုပြောင်းလိုက်သည်။ စားသောက်ခန်းရှိ ကွန်ပျူတာကို ဆက်သွယ်ပြီး စားသောက်စရာများ အဆင်သင့်ပြင်ထားရန် ခလုတ်နှိပ်မှာကြားလိုက်သည်။

ကော်ဖီ–၅း၃း၂

ပေါင်မုန့်မီးကင်–အဆင့်–၂

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥကြော်–ကျက်နှုန်း–၇၅%

ထို့နောက် သူသည် သန့်စင်ခန်းထဲဝင်သည်။ သွားတိုက်ကိရိယာကို ပါးစပ်ထဲထည့်ပြီး ခလုတ်ဖွင့်လိုက်သည်။ နူးညံ့သော အမွေးအမျှင်ကလေးများက သွားတွေကို ပွတ်တိုက်သည်။ လုံးဝသန့်စင်သွားသောအချိန်တွင် အလိုအလျောက် ရပ်သွားသည်။

မှန်ထဲမှာ သူ့ရုပ်သွင်ကိုကြည့်လိုက်သည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးစိမ်းစိမ်းက သူ့အကြိုက် အနေတော်ပဲ။ ဆံပင်ကတော့ရှည်နေပြီ။ ထို့ကြောင့် ဆံပင်ညှပ်အုပ်ဆောင်းကို ခေါင်းမှာစွပ်လိုက်သည်။ တိုတိုပါးပါးညှပ်မည်ဟု စိတ်ကူးပြီး ပုံစံနံပါတ်ကို နှိပ်လိုက်သည်။ ဆံပင်ပေါ်မှာ ပိုးကောင်တွေ တရွရွသွားနေသလိုမျိုး ခံစားရသည်။ တကယ်တော့ ဆံပင်ကိုညှပ်ပစ်ခြင်းမဟုတ်ဘဲ လေဆာရောင်ခြည်ဖြင့် တိုပစ်ခြင်းသာဖြစ်၏။ ထို့ကြောင့် ဆံပင်မွေးအစအနတွေ ထွက်ပေါ်လာခြင်းမရှိ။ ဆံပင်ညှပ်ပြီး ခေါင်းလျှော်စရာလည်း မလို။

ဆံပင်ညှပ်လို့ ပြီးစီးကြောင်း အချက်ပေးသံပေါ်လာသဖြင့် အုပ်ဆောင်းကို ဖြုတ်လိုက်သည်။ မှန်ထဲမှာကြည့်သည်။ သူ့ပုံစံမှာ သပ်သပ်ရပ်ရပ်ဖြစ်နေပြီး နုပျိုသွားသည်ဟု ထင်ရ၏။

စားသောက်ခန်းထဲ ဝင်လာသည်။ စားပွဲမှာထိုင်ပြီး အဝေးထိန်းခလုတ်ကို နှိပ်သည်။ မိုက်ကရိုဝေ့ဗ် မီးဖိုခန်းတံခါးဖွင့်ပြီး စားစရာတွေတင်ထားသော တွန်းလှည်းကလေး ထွက်လာသည်။ စားပွဲနားအရောက်မှာ ရပ်သွားသည်။ စားစရာတွေတင်ထားသော လင်ဗန်းကိုယူပြီး တွန်းလှည်းပေါ်က 'အိုကေ'ခလုတ်ကို နှိပ်လိုက်သည်။ တွန်းလှည်းသည် သူ့နေရာသို့ ပြန်ထွက်ခွာသွားသည်။

ထိုအချိန်တွင် ဓီဝလက်ပတ်က 'တီတီ' ဆိုပြီး အချက်ပေးပြန်သည်။ ထုံးစံအတိုင်း ယခုစားမည့် အစားအစာများ၏ အာဟာရဓာတ်



ဖိုးတွေကို တွက်ပြနေခြင်းဖြစ်၏။ ကယ်လိုရီတွေ၊ သတ္တုဓာတ်တွေ၊ ဗိုက်တာမင်တွေ၊ ကော်လက်စထရောပါဝင်မှုတွေ။ အမှန်တကယ် လိုအပ်ချက်ထက်ပိုနေသော ဓာတ်တွေ၊ လိုအပ်နေသောဓာတ်တွေကို ဖော်ပြသည်။ ခရမ်းချဉ်သီးဖျော်ရည်တစ်ခွက် သောက်သင့်ကြောင်းကိုလည်း အကြံပေးထားသေးသည်။

သူကတော့ လိုက်နာလေ့မရှိ။ တစ်ခါတလေ ဘာစားရကောင်းမလဲ စဉ်းစားလို့မရသဖြင့် ကွန်ပျူတာကို အကြံဉာဏ်တောင်းကြည့်ဖူးသည်။ ထိုအခါ ပေါင်မုန့်ညို၊ လိမ္မော်ခွံယို၊ ကြက်သွန်စွပ်ပြုတ်နှင့် ပဲနို့ရည်ဆိုတာမျိုး သူဘယ်လိုမှမစားနိုင်သော အတွဲအစပ်မျိုး ထွက်ချင်ထွက်လာတတ်သည်။

စားသောက်ပြီးတော့ အအေးခန်းတံခါးမှာတပ်ထားသော ဖန်သားပြင်ရှေ့မှာသွားရပ်ပြီး ခလုတ်ဖွင့်လိုက်သည်။ အအေးခန်းထဲမှာ သိုလှောင်ထားသော အစားအသောက်များစာရင်း ပေါ်လာသည်။ အရေအတွက်နှင့်တကွ အပြည့်အစုံဖော်ပြထားသည်။ လက်ကျန်နည်းနေသော ပစ္စည်းများကို မှိတ်တုတ်၊ မှိတ်တုတ်လုပ်ပြီး သတိပေးထားသည်။ ထိုပစ္စည်းများ၏ ကုတ်နံပါတ်များအတိုင်း စက်ထဲရိုက်ထည့်ပြီး ထောက်ပံ့ရေးဌာနသို့ အကြောင်းကြားလိုက်၏။ ထိုမှာကြားချက်သည် ထောက်ပံ့ရေးဌာန၏ ကွန်ပျူတာသို့ အလိုအလျောက်ရောက်သွားလိမ့်မည်။

မီးဖိုခန်းထဲက ထွက်လာပြီးနောက် နားနေခန်းသို့သွားသည်။ နားနေခန်း၏ နံရံမှာချိတ်ထားသော မှတ်တမ်းတင်ကိရိယာက အိမ်အတွင်းရှိ အပူချိန်၊ စိုထိုင်းဆ၊ ပိုးမွှားကင်းစင်မှု စသည်တို့ကို ပြနေသည်။ လေသန့်စင်မှုကတော့ ရှစ်ဆယ်ရာခိုင်နှုန်းအထိ ကျနေသည်။

ဟုတ်တာပေါ့။ သူက စီးကရက်တစ်လိပ် မီးညှိပြီးသောက်

www.burmeseclassic.com



နေတာကို။ စီးကရက်သုံးလိပ်လောက်သာ ဆက်တိုက်သောက်မိလျှင် လေသန့်စင်မှု ခုနစ်ဆယ်ရာခိုင်နှုန်းအောက်သို့ ကျသွားလိမ့်မည်။ ထိုအခါ လျှပ်စစ်မီးများ အလိုအလျောက် ပြတ်တောက်သွားလိမ့်မည်။ ဆေးလိပ်များများ မသောက်မိအောင် ပြုလုပ်ထားသောအစီအစဉ် ဖြစ်၏။ အိမ်တိုင်း အိမ်တိုင်း ထိုကိရိယာများတပ်ဆင်ဖို့ ဥပဒေ ပြဋ္ဌာန်းထားသည်။

ဆိုဖာပေါ်ထိုင်လိုက်ပြီး ရုပ်မြင်သံကြားစက်ကိုဖွင့်သည်။ သတင်းအစီအစဉ်ကို ကြည့်သည်။ လတ်တလော ဖြစ်ပျက်နေတာတွေကို အချိန်နှင့်တပြေးညီ တိုက်ရိုက်လွှင့်ပေးနေသည်။ သတင်းတွေက သိပ်ထူးထူးခြားခြား စိတ်ဝင်စားစရာမရှိ။ ထို့ကြောင့် အားကစားချယ်နယ်ကို ပြောင်းလိုက်သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ကမ္ဘာခြမ်းနှင့် မြောက်ကမ္ဘာခြမ်းတို့၏ ချစ်ကြည်ရေး ဘောလုံးပွဲကို မနေ့ကကျင်းပခဲ့သည်။ သူတို့စံတော်ချိန်နှင့်ဆိုလျှင် ညသန်းခေါင်ကျော်လောက်ဖြစ်၏။ ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့်တိုင် သူ အိပ်ပျော်နေသဖြင့် မကြည့်ခဲ့ရ။ ထိုပွဲကို အင်တာနက်မှတစ်ဆင့် ပြန်ခေါ်လိုက်သည်။ ပွဲအစအဆုံးကြည့်ဖို့ အချိန်မရ။ ထို့ကြောင့် 'ဟိုက်လိုက်'အစီအစဉ်ကို ကြည့်သည်။ ဘောလုံးပွဲ၏ အကောင်းဆုံးကစားကွက်များကို ဆယ့်ငါးမိနစ်အတွင်း စီစဉ်ပြသသည်။ နှစ်ဂိုးစီ သရေပွဲဖြစ်သွား၏။

ရုပ်မြင်သံကြားစက်ကို ပိတ်လိုက်ပြီးနောက် ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ ဒီနေ့လုပ်ငန်းခွင် စောစောဝင်မည်ဟု စိတ်ကူးသည်။ လုပ်စရာအလုပ်တွေ စောစောပြီးပြတ်လျှင် ညနေပိုင်းတွင် သူ့ချစ်သူနှင့် လူကိုယ်တိုင် ချိန်းတွေ့နိုင်ဖို့ မျှော်လင့်ထားသည်။

သူတို့နှစ်ယောက်သည် ခုချိန်မှာ ခေတ်စားနေသော 'အွန်လိုင်း



ချစ်သူများ' ဖြစ်ကြ၏။ အင်တာနက်မှတစ်ဆင့် မိတ်ဆက်မိကြပြီးနောက် ချစ်ကြိုက်ခဲ့ကြခြင်းဖြစ်၏။ သူတို့သည် တီဗီဖုန်းဖြင့်သာ ဆက်သွယ်စကားပြောရတာများသည်။ တစ်လ တစ်ကြိမ်လောက်သာ လူကိုယ်တိုင်တွေ့နိုင်သည်။

အကြောင်းကတော့ သူတို့နေသောမြို့များသည် ကီလိုမီတာငါးရာလောက် ဝေးကွာနေကြသောကြောင့်ပင်ဖြစ်၏။ လူချင်းတွေ့ချင်သောအခါ မြို့နှစ်မြို့၏ အလယ်လောက်မှာရှိသော ကြားမြို့ကလေးမှာ ချိန်းဆိုကြသည်။ သံလိုက်ရထားနှင့်ဆိုလျှင် တစ်နာရီသာသာလောက် သွားရ၏။ အလုပ်စောစောပြီးလျှင် ညနေစောင်းမတိုင်ခင်တောင် ရောက်သွားနိုင်သည်။ ချစ်သူနှင့် အေးအေးဆေးဆေး တွေ့ဆုံစကားပြောပြီး ညစာတောင် အတူစားနိုင်သေးသည်။

သူသည် ရုံးခန်းထဲက စားပွဲမှာထိုင်ပြီး ကွန်ပျူတာကိုဖွင့်လိုက်သည်။ ဒီနေ့ လုပ်ရမည့် လုပ်ငန်းအစီအစဉ်များ ပေါ်လာသည်။ နိုင်ငံခြားကုမ္ပဏီတစ်ခုသို့ အီးမေးလ်ရိုက်ရမည့်ကိစ္စကို စတင်ဆောင်ရွက်သည်။ ဟိုက ပြန်ပို့မည့် အီးမေးလ်ကိုစောင့်သည်။ ဆယ်မိနစ်အတွင်း အကြောင်းပြန်လာသည်။ သူတို့အဆိုပြုထားသော ဈေးနှုန်းကို လက်ခံကြောင်း ပြန်ကြားသည်။ ဒီနေ့အဖို့တော့ မင်္ဂလာရှိသောသတင်းနှင့် စတင်ကြုံတွေ့ရပြီ။ တစ်နေ့လုံး အဆင်ပြေမှုတွေကိုသာ ကြုံရတော့မည်ဟုတွေးပြီး ကျေနပ်သွားသည်။ ထိုအကြောင်းကို ရုံးချုပ်ရှိ ပင်မကွန်ပျူတာသို့ သတင်းပို့လိုက်သည်။

ဒုတိယအစီအစဉ်က ဘဏ်နှင့်ဆက်သွယ်ရခြင်းဖြစ်၏။ ထို့နောက် ငွေစာရင်းဌာန၊ ပြီးတော့ ကြော်ငြာဌာနခွဲ။ အချိန်တိုတိုအတွင်းမှာပင် အလုပ်တွေအများကြီး ပြီးသွားသည်။ ဒီလို လုပ်ရည်ကိုင်ရည်ရှိသောကြောင့်လည်း အသက်ငယ်ငယ်လေးနှင့် ဒီရာထူးကို ရရှိခဲ့ခြင်း

www.burmeseclassic.com



ဖြစ်၏။ ကုမ္ပဏီ၏ အရာထမ်းအဆင့်ထဲမှာတော့ သူ အသက်အငယ်ဆုံးပဲ။

ကွန်ပျူတာမှ အချက်ပေးသံ ထွက်ပေါ်လာသည်။ ရုံးချုပ်မှ တစ်စုံတစ်ခု အသိပေးအကြောင်းကြားလိုသော သဘောဖြစ်၏။ ရုံးချုပ်နှင့် တိုက်ရိုက်ဆက်သွယ်သောလိုင်းကို ဖွင့်လိုက်သည်။ နောက်ဆယ့်ငါးမိနစ်အကြာတွင် အစည်းအဝေးရှိမည်ဖြစ်သောကြောင့် အဆင်သင့်ပြင်ထားဖို့ အသိပေးခြင်းဖြစ်၏။ ဆွေးနွေးမယ့် အကြောင်းအရာတွေကတော့ ဝန်ထမ်းများကို ယခုနှစ်အတွက် ဆုကြေးဘယ်လောက်ပေးသင့်သလဲဆိုတာ ညှိနှိုင်းဖို့ကိစ္စနှင့် သူ အဆိုပြုတင်ပြထားသော တောင်အာရှမှာ ဌာနခွဲတစ်ခု ထပ်ဖွင့်ဖို့ကိစ္စများဖြစ်၏။

ထိုကိစ္စနှစ်ခုစလုံးသည် လောလောလတ်လတ်ရရှိထားသော လုပ်ငန်းအောင်မြင်မှုနှင့် ဆက်နွှယ်နေသည်။ ဒီအောင်မြင်မှုမှာလည်း သူ၏ ကြိုးစားအားထုတ်မှုသည် အဓိကအခန်းက ပါဝင်နေသည်။ သူ့အနေဖြင့် မကြာခင်မှာ ရာထူးတိုးဖို့ သေချာသလောက်ဖြစ်နေပြီ။

အစည်းအဝေးချိန် ရောက်လာသည်။ သူက ကွန်ဖရင့်အစီအစဉ်ကို တင်လိုက်သည်။ ကွန်ပျူတာပေါ်မှာ အစည်းအဝေးတက်ရောက်မည့်သူများ၏ ရုပ်ပုံများပေါ်လာသည်။ အပေါ်ဆုံးက ကွက်လပ်တစ်ခုသာ လွတ်နေသည်။ ထုံးစံအတိုင်း ကုမ္ပဏီဥက္ကဋ္ဌ တက်မလာသေး။

အစည်းအဝေး တက်ရောက်သူများသည် မိမိတို့အိမ်ရှိ ကွန်ပျူတာများရှေ့မှာ အသီးသီးထိုင်နေကြခြင်းဖြစ်၏။ ကွန်ပျူတာတွေကို ရုံးချုပ်ရှိ ပင်မကွန်ပျူတာကြီးမှတစ်ဆင့် ကွန်ရက်သဖွယ် ဆက်သွယ်ထားသည်။ ကွန်ပျူတာမှာပါဝင်သော ကင်မရာငယ်က ရုပ်ပုံတွေကိုရိုက်ပြီး ပေါင်းစပ်ပေးခြင်းဖြင့် ဖန်သားပြင်ပေါ်မှာ အစည်းအဝေးတက်သူအားလုံး၏ပုံများ ပေါ်နေခြင်းဖြစ်၏။



အပေါ်ဆုံးမှ လွတ်နေသော ကွက်လပ်နေရာတွင် ကုမ္ပဏီဥက္ကဋ္ဌ၏ပုံ ဖျတ်ခနဲပေါ်လာသည်။ ဥက္ကဋ္ဌက "ဆောရီးပဲ၊ ကိုယ် နည်းနည်းနောက်ကျသွားတယ်"ဟု ပြောနေကျအတိုင်းဆိုသည်။ ထို့နောက် အစည်းအဝေးစတင်သည်။

ဝန်ထမ်းများ၏ ဆုကြေးငွေကိစ္စကို ဘဏ္ဍာရေးဌာန တာဝန်ခံက တင်ပြသည်။ ကုမ္ပဏီ၏ ရှေ့အလားအလာ အလွန်ကောင်းနေသဖြင့် ဆုကြေးငွေကို နည်းနည်းတိုးပေးသင့်ကြောင်း သူက ဝင်ဆွေးနွေးသည်။ ဘဏ္ဍာရေးတာဝန်ခံ အပျိုကြီးသည် သူ့အိတ်ထဲက စိုက်ပေးရမှာ မဟုတ်ပါဘဲလျက် အင်တင်တင်လုပ်နေသေးသည်။ ဥက္ကဋ္ဌက ပေးလိုက်ပါဟု ဆုံးဖြတ်ချက်ချလိုက်၏။

ထို့နောက် တောင်အာရှဌာနခွဲအသစ် ဖွင့်ဖို့ကိစ္စ ဆက်ဆွေးနွေးသည်။ အားလုံးကပင် ဖွင့်သင့်ကြောင်း ထောက်ခံကြသည်။ ထိုကိစ္စအတွက် စီမံချက်ရေးဆွဲရန် သူ့ကိုပင် တာဝန်ပေးသည်။ ထိုဌာနခွဲ ဖွင့်ပြီးလျှင် သူပဲဦးဆောင်ရလိမ့်မည်ဟု နားလည်သဘောပေါက်ပြီးသား ဖြစ်သွား၏။

အစည်းအဝေး ပြီးဆုံးသွားသည်။ အစည်းအဝေး တက်ရောက်နေသူများ၏ ရုပ်ပုံများ တစ်ခုပြီးတစ်ခု ပျောက်ကွယ်သွားသည်။ ကြော်ငြာဌာန တာဝန်ခံတစ်ယောက်သာ ကျန်တော့သည်။ "ကွန်ဂရက်ကျူးလေးရှင်း"ဟု ဝမ်းသာစကားဆိုပြီးနောက် "ဘယ်လိုလဲ သူငယ်ချင်း၊ ညနေကျရင် စစ်တုရင်တစ်ပွဲလောက် ထိုးရအောင်"ဟု ပြောသည်။

သူက "မမှတ်သေးဘူးလား"ဟု ရယ်ရင်းပြောသည်။ ပြီးခဲ့သော သုံးပွဲစလုံး သူကချည်းနိုင်ခဲ့တာကိုး။ သူကဆက်၍ "ညနေကျရင် ကိုယ်ခရီးထွက်စရာရှိတယ်။ ရထားပေါ်မှာ တစ်နာရီကျော်

www.burmeseclassic.com



ကျော်လောက် အချိန်ရတယ်။ ကိုယ်ဆက်သွယ်လိုက်မယ်။ အိမ်မှာပဲ စောင့်နေ"ဟု ပြောလိုက်၏။ ကြော်ငြာတာဝန်ခံက "ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်းပဲ၊ စူပါဒီဘ်ဘလူးရဲ့ ကစားကွက်တွေ ကိုယ်လေ့လာထားတယ်၊ တွေ့ကြသေးတာပေါ့"ဟု ပြန်ပြောသည်။

◆

သူသည် တောင်အာရှဒေသ အကြောင်းကို အင်တာနက်မှ တစ်ဆင့် လေ့လာကြည့်နေလိုက်သည်။ အထူးသဖြင့် တောင်အာရှနိုင်ငံများ၏ ပထဝီအနေအထား၊ လူဦးရေ၊ စီးပွားရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုများကို ဆန်းစစ်ကြည့်လိုက်၏။ ဘယ်နိုင်ငံမှာ ဌာနခွဲကို ရုံးစိုက်သင့်သလဲဆိုတာ ရွေးချယ်နိုင်ဖို့ဖြစ်၏။ အချက်အလက် အပြည့်အစုံကို မိနစ်ပိုင်းလေးအတွင်းမှာပင် အလွယ်တကူရှာဖွေကြည့်နိုင်သည်။

ထိုအခါ သူ့အဖေပြန်ပြောပြသော အကြောင်းများကို သွားသတိရမိ၏။ အဖေတို့ လူငယ်ဘဝ အလုပ်စဝင်စဉ် အချိန်တုန်းက ဆိုရင် အချက်အလက်ကလေးအနည်းငယ်ကို သိရဖို့အရေး နေ့တစ်ဝက်လောက် အချိန်ကုန်ခံပြီး နေရာသုံးလေးနေရာလောက်ကို အပင်ပန်းခံ ပြေးလွှားရှာဖွေရသတဲ့။

ပြီးတော့ ထိုအချိန်က ရုံးဆိုသည်မှာ မြို့လယ်က ကြီးမားသော အဆောက်အအုံကြီးဖြစ်၏။ ဒီထဲမှာ စားပွဲတွေအများကြီး၊ လူတွေအများကြီးစုပြီး တကုပ်ကုပ်လုပ်ကြရသည်။ မှတ်တမ်းမှတ်ရာအားလုံးမှာ စာရွက်တွေ၊ ဖိုင်တွဲတွေချည်းပဲ။ ကိစ္စအတော်များများကို ဖောင်တိန်တွေ၊ ဘောပင်တွေသုံးပြီး ကိုယ်တိုင်လက်ရေးနှင့် ရေးကြရသည်။



ဝန်ထမ်းအများစုသည် ရုံးနှင့်အတော်ဝေးရာအရပ်မှာ နေထိုင်ကြသည်။ နေရာအနှံ့မှ ဝန်ထမ်းများသည် ဘတ်စ်ကား၊ မီးရထားတို့နှင့် ရုံးကိုလာကြရသည်။ ရုံးချိန်ဆိုလျှင် ရထား၊ ကား ကျပ်လေ့ရှိပြီး လမ်းမှာတင် နာရီနဲ့ချီပြီး အချိန်ကြာတတ်သည်ဆို၏။ ရုံးတစ်ခါတက်ဖို့အရေး အတော်ပင်ပန်းခဲ့ကြရှာတာပါလား။ လူတွေဟာ လမ်းပေါ်မှာပဲ အချိန်တွေ အလဟဿ ကုန်ခဲ့ကြတာပါလား။

ရုံးမှာလည်း လူတွေအများကြီးဆိုတော့ မျက်စိနောက်စရာပဲ။ ပြဿနာတွေလည်း စုံနေလိမ့်မယ်။ အဖေကတော့ လူအများကြီးနဲ့ အလုပ်လုပ်ရတော့ လူမှုဆက်ဆံရေးမှာ ပိုကျွမ်းကျင်လာတာပေါ့တဲ့။ သိုက်သိုက်ဝန်းဝန်း အလုပ်လုပ်ရတာ ပျော်စရာကြီးဆိုပဲ။

သူတို့ခေတ်ရောက်တော့ ရုံးဆိုသည်မှာ လူတွေအများကြီး တရုံးရုံးဝင်ထွက်နေသော အဆောက်အအုံကြီးမဟုတ်တော့။ ရုံးဝန်ထမ်းတွေက ကိုယ့်အိမ်ရှိ ကွန်ပျူတာရှေ့မှာ ထိုင်လိုက်လျှင် ရုံးတက်တာပဲဖြစ်၏။ ရုံးကို အဝေးကြီးသွားတက်နေစရာမလို။ ရုံးချုပ်ဆိုတာကလည်း ဝန်ထမ်းများ၏ ကွန်ပျူတာများကို ဆက်သွယ်ထိန်းချုပ်ထားသော ပင်မကွန်ပျူတာကြီးနှင့် လူအနည်းငယ်လောက်သာရှိသော နေရာဖြစ်၏။

အလုပ်ချိန်ဆိုတာကလည်း ဘယ်နှစ်နာရီဟု သတ်မှတ်ထားခြင်းမဟုတ်။ တစ်နေ့တာအတွက် ကိုယ်လုပ်ရမည့်တာဝန်ကို ပြီးအောင်ဆောင်ရွက်ပြီးလျှင် ရုံးဆင်းလို့ရပြီ။

ဟိုအချိန်က ကာယလုပ်သားတွေကို ကော်လာပြာလူတန်းစား (ဘလူးကော်လာ)ဟု ခေါ်ကြသည်။ ဝတ်စုံအပြာရောင် ဝတ်ဆင်လေ့ရှိကြသောကြောင့်ဖြစ်၏။ အဖြူရောင်အင်္ကျီဝတ်လေ့ရှိသော ဉာဏလုပ်သားတွေကိုတော့ ကော်လာဖြူလူတန်းစား (ဝှိုက်ကော်လာ)ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ နောက်ပိုင်း စက်ရုပ်လုပ်သားတွေ ပေါ်လာသောအခါ သံမဏိကော်လာ (စတီးလ်ကော်လာ)ဟု ခေါ်ကြပြန်သည်။ ခုတော့ သူတို့လို ကွန်ပျူတာရှေ့မှာထိုင်ပြီး အလုပ်လုပ်ကြသောသူများကို ခေါ်သော ဝေါဟာရသစ်တစ်ခု တွင်လာသည်။

အီလက်ထရွန်းနစ်ကော်လာ (အီး–ကော်လာ)ဟူ၍ ဖြစ်လေ၏။

တစ်ချိန်က 'ကလောင်တွန်းသမားများ'ဟု ခေါ်ခဲ့ကြသလို ခုလည်း 'ခလုတ်နှိပ်သမားများ'ဟု ခေါ်ကြသည်။ ခေတ်ပေါ်ဝေါဟာရအရဆိုလျှင်တော့ 'ကလစ်ကာများ'ပေါ့။ 'မောက်စ်ကီပါ'ဟုဆိုသူကလည်း ဆိုသည်။

ဟုတ်လည်းဟုတ်သည်။ သူတို့သည် ရုံးကိစ္စတွင်မက အခြားသောကိစ္စတွေကိုပါ ခလုတ်နှိပ်ရုံဖြင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်နေပြီ။ စစ်သားများပင်လျှင် သေနတ်မကိုင်တော့ဘဲ ကီးဘုတ်ကိုင်ပြီး စစ်တိုက်နေကြပြီ။

♦

ဗီဝမှတ်တမ်းကိရိယာဆီက အချက်ပေးသံ ပေါ်လာပြန်သည်။ ကြည့်လိုက်တော့ "ဝမ်းဗိုက်ထဲမှာ အစာဟောင်းတွေ ပြည့်နေပြီဖြစ်သဖြင့် စွန့်ထုတ်ပစ်သင့်ပြီ"ဟု အကြံပေးထားသည်။ သူလည်း ဝမ်းထဲက ရစ်ချင်သလိုဖြစ်လာ၏။

ထို့ကြောင့် အိမ်သာထဲသို့သွားသည်။ ကမုတ်ပေါ်မှာ ထိုင်လိုက်သည်။ အိမ်သာတံခါးအတွင်းဘက်မှာ ကပ်ထားသော ဖန်သားပြင်ပေါ်တွင် ဒစ်ဂျစ်တယ်ကိန်းဂဏန်းများ ပေါ်လာသည်။ လက်ရှိကိုယ်အလေးချိန်၊ လွန်ခဲ့သောတစ်ပတ်က ကိုယ်အလေးချိန်၊ ပြီးခဲ့သော တစ်နှစ်အတွင်းက လစဉ်ရှိခဲ့သော ကိုယ်အလေးချိန်များကို အတိုးအလျှော့ ရာခိုင်နှုန်းများနှင့်တကွ ဖော်ပြထားသည်။



သူသည် သူ့အဖေဆီက အကျင့်တစ်ခုကို အမွေရခဲ့သည်။ သူ့အဖေက အိမ်သာတက်လျှင် သတင်းစာဖတ်တတ်သည်။ သူကတော့ အိမ်သာတက်ရင်း သတင်းကြည့်တတ်သည်။ ထို့ကြောင့် ဖန်သားပြင်ကို ရုပ်မြင်သံကြား သတင်းအစီအစဉ်သို့ ပြောင်းပြီးကြည့်နေလိုက်သည်။

မိနစ်အနည်းငယ်ကြာသည်အထိ သူ့ဝမ်းဗိုက်က မထူးခြားသေး။ ဘယ်လိုဖြစ်တာပါလိမ့်။ ပြီးတော့မှ သူ့ဘာသာအတွေးပေါက်ပြီး ပြုံးလိုက်မိ၏။ သူသည် အရာရာကို အလိုအလျောက်စနစ်ဖြင့် ခလုတ်နှိပ်ပြီး ဆောင်ရွက်နေကျဖြစ်သောကြောင့် အကျင့်ပါနေတာလေ။ ဟုတ်သားပဲ။ ခုကိစ္စကတော့ ကိုယ့်အားကိုယ်ကိုးရမှာပေါ့။ ထို့ကြောင့် ကြွက်သားတွေကို တအားညှစ်ထုတ်လိုက်တော့မှ လျှောခနဲထွက်ကျပြီး အဆင်ပြေသွားသည်။

ခုမှပဲ ကိုယ့်လုပ်အားကို အပြည့်အဝအသုံးချခွင့်ရတော့သည်။

♦ ♦

*(ဟန်သစ်မဂ္ဂဇင်း အမှတ် ၁၀၃၊ ၂၀၀၃၊ မေ)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခြေ့စစ်ပွဲများ

ကမ္ဘာ့ဘောလုံးရာသီ တစ်ခုပြီးတစ်ခု ပြီးဆုံးသွားပြီ။ ထို့အတူ စစ်ပွဲရာသီတစ်ခုလည်း ပြီးဆုံးခဲ့ပြီ။ ဆုဖလားကြီးရတဲ့သူလည်းရ၊ ဆုကြေးငွေတွေ ရတဲ့လူလည်းရ၊ ရေနံတွေရတဲ့လူလည်းရ၊ ကန်ထရိုက်စာချုပ်တွေ ရတဲ့လူလည်းရပေါ့လေ။

ခုနောက်ဆုံး ဆင်နွှဲခဲ့ကြသော အီရတ်စစ်ပွဲသည် သမိုင်းတစ်လျှောက် အထူးခြားဆုံးစစ်ပွဲဟု ဆိုကြသည်။ နောက်ဆုံးပေါ်ခေတ်မီလက်နက်တွေ ဖောချင်းသောချင်းထုတ်သုံးကြသော အချက်လည်းပါဝင်သည်။ ဒေါ်လာသန်းချီတန်တဲ့ ဒုံးပျံတွေကို မီးရှူးမီးပန်းလောက်သဘောထားပြီး တရှိန်ရှိန်ပစ်နေသည်။

နောက် အဓိကအချက်တစ်ခုကတော့ မီဒီယာများ၏ အခန်းကဏ္ဍဖြစ်၏။ အရင်တစ်ခါစစ်ပွဲတုန်းက မီဒီယာသမား အများစုအသိပ်အခွင့်အရေး မရလိုက်ကြ။ ပါးရည်နပ်ရည်ရှိသော စီအင်အင်သတင်းဌာနကသာ ရုပ်မြင်သံကြားသတင်းအဖွဲ့တစ်ဖွဲ့ကို ဘဂ္ဂဒက်မြို့ထဲသို့ ကြိုတင်စေလွှတ်ထားနိုင်ခဲ့သည်။ သူတို့ကလည်း စွန့်စွန့်စား

www.burmeseclassic.com



စား သွားခဲ့ရခြင်းဖြစ်၏။

တကယ်စစ်ဖြစ်လာတော့ သူတို့ကသာ ရုပ်သံသတင်းတွေကို လက်ဝါးကြီးအုပ်ပြီး ရယူနိုင်ခဲ့သည်။ ဒါတောင် အကန့်အသတ်တွေ ရှိနေသေး၏။ သတင်းတွေကို မှုမှုတတဖော်ပြပေးပါမည်ဆိုသော သဘောတူညီချက်ဖြင့် ဘဂ္ဂဒက်မှာနေခွင့်ရခဲ့ခြင်းဖြစ်၏။ နည်းပညာနှင့် ဆက်သွယ်ရေးအခက်အခဲကြောင့် ရုပ်သံသတင်းတွေကို အချိန်နှင့်တစ်ပြေးညီ အပြည့်အစုံမဖော်ပြနိုင်တာမျိုးလည်း ရှိခဲ့သည်။

ခုတစ်ခါကျတော့ ဒီလိုမဟုတ်တော့။ စစ်ပွဲနဲ့ရတာနဲ့ တစ်ပြိုင်နက် ကမ္ဘာအရပ်ရပ်က မီဒီယာသမားတွေ ဘဂ္ဂဒက်ကို စုပြုရောက်ရှိသွားကြသည်။ ဟိုပုဂ္ဂိုလ်ကလည်း 'ဆာဒင်ကို ဘာထင်သလဲ'လို့ ကြွေးကြော်နေတာ။ တစ်ဖက်ကလည်း 'ပါဝဲ ဘာလဲဆိုတာ သိရမယ်' လို့ ကြုံးဝါးနေသလို ဟိုတစ်ယောက်ကလည်း 'ဘွတ်ဆို ဖရုံမသီးဘူး'ဆိုတဲ့ လူစားမျိုးကိုး။ ဒီတော့ တကယ်ပဲ ဆော်ကြနက်ကြတော့မယ်ဆိုတာ ခန့်မှန်းလို့ရတာပေါ့။

တကယ်စစ်ပွဲဖြစ်လာတော့လည်း မီဒီယာသမားတွေအဖို့ ပွဲတော်ကြီးနဲ့တွေ့တဲ့အတိုင်းပဲ။ ဘယ်တုန်းကနှင့်မှ မတူအောင် သတင်းတွေကို တပျော်ကြီးယူနိုင်ကြသည်။ စစ်သားတွေ သေနတ်ကိုင်ပြီး ပြေးလွှားနေကြသလို သတင်းသမားတွေကလည်း ဗီဒီယိုကင်မရာကြီးတွေ တကိုင်ကိုင်နဲ့ အပြိုင်လှုပ်ရှားနေကြတာ စစ်ကားရိုက်နေသလားထင်ရသည်။

ဒီစစ်ပွဲရဲ့ အဓိကထူးခြားချက်ကတော့ အဲဒါပဲ။ မီဒီယာသမားတွေ မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ကြားက တိုက်ရတဲ့စစ်ပွဲလေ။ သတင်းသမားတွေကလည်း ဘယ်လောက်ထိကဲသလဲဆိုရင် နေရာတိုင်းမှာ သူတို့ကို ရှောင်လို့မလွတ်တဲ့အထိပဲ။



လေယာဉ်တင်သင်္ဘောကြီးပေါ်မှာလည်း သူတို့ပါလာသည်။ စစ်ကားတွေနဲ့လည်း ကပ်လိုက်လာသည်။ မြို့တွေမှာလည်း အဆင်သင့်ဝင်နိုင်ပြီး စောင့်နေသည်။ လမ်းကြိုလမ်းကြားထဲမှာတောင် တွေ့နိုင်သည်။ ပြီးတော့ မြင်မြင်သမျှ ဗီဒီယိုရိုက်ပြီး သတင်းယူတော့သည်။ သတ္တိလည်း တော်တော်ကောင်းကြသည်။ တိုက်ပွဲတွေကြားထဲမှာ သူတို့မို့လို့ မကြောက်မလန့် ပြေးလွှားသတင်းယူနိုင်ကြသည်။

တစ်ခါတလေများ ကင်မရာရှေ့ရပ်ပြီး စစ်ပွဲသတင်းကို ကြေညာနေစဉ် အနီးအနားမှာ ဗုံးဆန်လာကျလို့ ပြေးရင်းဇက်ကလေးပုသွားတာတောင် ရုပ်မြင်သံကြားမှာ မြင်လိုက်ရသည်။ တချို့သတင်းသမားတွေဆို စစ်သားတွေကို စည်းရုံးပြီး စက်အမြောက်ပေါ်မှာ ဗီဒီယိုကင်မရာ ဆင်ထားလိုက်သေးသည်။ ဒီအခါမှာ အမြောက်ဦးတည်ရာအတိုင်း ကင်မရာက လိုက်ရိုက်နေတော့ ပစ်မှတ်ကိုထိမှန်တဲ့မြင်ကွင်းတွေ မိမိရရရှိတာပေါ့။ တချို့ကင်မရာသမားကျတော့လည်း စစ်ပွဲကြားညပ်ပြီး အန္တရာယ်ရှိလာလို့ သေပြေးရှင်ပြေး ပြေးရတာတောင် ကင်မရာကို ပခုံးပေါ်မှာ နောက်ပြန်ထမ်းရိုက်ရင်းပြေးတာ။ နောက်မှာကျန်ခဲ့တဲ့ စစ်ပွဲမြင်ကွင်းတွေ ရနိုင်သလောက် ယူလိုက်သေးတာလေ။

သတင်းသမားတွေကလည်း ဟိုအရင်လို အနောက်နိုင်ငံမှ နာမည်ကျော် သတင်းဌာနကြီးတွေကချည်းပဲ မဟုတ်တော့။ တစ်ကမ္ဘာလုံးရှိ သတင်းဌာနအတော်များများက လာကြသည်။ ဒီတော့ သတင်းသမားတွေအားလုံး ပေါင်းလိုက်ရင် တပ်မကြီးတစ်ခုစာလောက်များ ရှိမလားမသိ။

ဒီအခါမှာ ပြဿနာကလေးတွေလည်း ရှိလာလေသည်။ ဗီဒီယိုကင်မရာတွေက သူခိုးဖမ်းသောစက်တွေလို တစ်ချိန်လုံးစောင့်ကြည့်ခြင်း ခံရသောအခါ စစ်သားတွေအနေကျုံ့လာသည်။ တာဝန်မှ ခဏ

www.burmeseclassic.com

www.burmeseclassic.com



အနားရချိန်မို့လို့ တင့်ကားကိုမှီပြီး အိပ်နေတာတောင် အလွတ်မပေး။ ညရောက်လို့ မှောင်နဲ့မည်းမည်းမို့ သက်သာမလားမှတ်တယ်၊ အနီအောက်ရောင်ခြည်သုံး ညကြည့်မှန်ဘီလူးတပ်ထားသော ကင်မရာနှင့် ရိုက်ကြပြန်သည်။

ဒီကြားထဲမှာ သတင်းသမားတွေမေးတဲ့ အင်တာဗျူးတွေကို ဖြေရတာက အလုပ်တစ်ခု။ ဒါတင်မက တစ်ချိန်လုံး မျက်စိဒေါက်ထောက်ကြည့်ခံနေရသဖြင့် စစ်တိုက်ရာမှာ နည်းနည်းလေးမှ အမှားမခံဘဲဖြစ်နေရ၏။ အရပ်ဘက် အဆောက်အအုံတွေကို မှားပစ်မိတာ၊ အရပ်သားတွေကို သတ်ဖြတ်မိတာ၊ ကလေးတွေ သေကြေဒဏ်ရာရတာမျိုးကို ရုပ်မြင်သံကြားကတစ်ဆင့် တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြတာကိုး။

သတင်းသမားတွေဆိုတာကလည်း နိုင်ငံစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဝါဒစွဲ ရှိကြတာမဟုတ်။ သူတို့မှာ သတင်းစွဲသာရှိ၏။ ပြီးတော့ သူတို့က သတင်းလိုက်ရာမှာသာ အပြိုင်အဆိုင်ရှိချင်ရှိမည်။ အချင်းချင်းတော့ စည်းလုံးညီညွတ်ကြသည်။ တစ်ကောင်ထိလျှင် ဝိုင်းအာတတ်သော ကျီးကန်းတွေလိုပင် သူတို့ထဲက တစ်ယောက်ယောက်များ ထိမိလို့ကတော့ ဝိုင်းပြီးဆူပူကန့်ကွက်တတ်ကြတာ။

အမေရိကန်နှင့် ဗြိတိသျှတို့သည် စစ်အောင်နိုင်ရေးကိုသာ အာရုံစိုက်နေမိသဖြင့် သတင်းဖြန့်ချိရေးဘက်မှာ အ[illegible]နည်းသွားခဲ့ကြသည်။ ထိုအခါ သတင်းဌာနတွေနဲ့ ထိပ်တိုက်တွေ့ပြီး စစ်မျက်နှာနှစ်ဖက် ဖွင့်ရသလိုဖြစ်သွား၏။ တစ်နည်းအားဖြင့် သုံးပွင့်ဆိုင်စစ်ပွဲလိုဖြစ်သွား၏။ အမေရိကန်နှင့် ဗြိတိသျှတို့သည် အီရတ်တွေအပေါ် အောင်နိုင်လိုက်သော်လည်း သတင်းမီဒီယာတွေကိုတော့ လက်မြှောက်လိုက်ရလေသည်။ ဘုရှ်တို့ တိုနီဘလဲတို့သည်လည်း သူတို့ပြည်တွင်း



မှာတောင် မျက်နှာပန်းမလှဘဲ ဖြစ်ရရှာသည်။ ဒီပွဲမှာ တကယ်အောင်ပွဲခံသွားတာကတော့ သတင်းမီဒီယာ ဌာနကြီးများသာဖြစ်လေ၏။

သူတို့ကလည်း သတင်းတွေကို စိတ်ဝင်စားအောင် ပြည့်ပြည့်စုံစုံ ဝေဝေဆာဆာ ဖော်ပြနိုင်ကြသည်။ အရေးပါသော နေရာတစ်ခုခု ဒုံးကျည်ထိမှန်တာမျိုးဆိုလျှင် ဘောလုံးပွဲမှ ဂိုးဝင်သွားတာကို ရိုက်ပြသလိုမျိုး ရှုထောင့်မျိုးစုံမှ ထပ်ကာထပ်ကာ ရိုက်ပြသည်။ စလိုးမိုးရှင်းခေါ် အနှေးရိုက်ချက်တွေတောင် ပါသေးသည်။ တချို့ သတင်းထောက်တွေက စစ်ကားပေါ် ထိုင်လိုက်ရင်း–

"အခုဆိုရင် ကျွန်တော်ဟာ အမေရိကန်စစ်ယာဉ်တန်းနဲ့အတူ လိုက်ပါလာတာဖြစ်ပါတယ်။ ဘဂ္ဂဒက်မြို့နဲ့ ဆယ့်ငါးမိုင်အကွာကို ရောက်ရှိနေပါပြီ။ ဟိုးမှာ လှမ်းမြင်နေရတဲ့ မီးခိုးလုံးကြီးတွေကတော့ ရေနံတွင်းတွေ မီးလောင်နေတာဖြစ်ပါတယ်။ ဒုံးကျည်ထိမှန်ပြီး ပျက်စီးနေတဲ့ အီရတ်တင့်ကားတွေကို ကြိုကြားကြိုကြား မြင်နိုင်ပါတယ်။ စစ်ပွဲကြားထဲမှာပဲ ဝမ်းရေးအတွက် သိုးကျောင်းနေတဲ့ အီရတ်ပြည်သူတစ်ဦးကတော့ လက်နက်အပြည့်အစုံ တပ်ဆင်ထားတဲ့ စစ်သည်တင်ယာဉ်တန်းကြီးကို တအံ့တသြ ငေးမောကြည့်နေရှာပါတယ်"

ဆိုပြီး ဘောလုံးပွဲကြေညာသော လေသံဖြင့် ပြောနေသည်။

ဟုတ်ပါ့။ သတင်းဆက်သွယ်ရေး နည်းပညာတွေက အရမ်းတိုးတက်လာပြီဆိုတော့ စစ်ပွဲကိုပင် ဘောလုံးပွဲလို တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်နေပြီ။ ရုပ်မြင်သံကြားကြည့်ရှုကြသော ပရိသတ်တွေကလည်း ဘီယာလေးစုပ်ရင်း၊ စီးကရက်လေးဖွာရင်း ဇိမ်ကျကျကြည့်နိုင်ပြီ။ တချို့ဆိုလျှင် စစ်ပွဲသတင်းကိုကြည့်ရင်း အားမလိုအားမရဖြစ်လာပြီး "ဟာ ချပြီဟေ့၊ ဆော်ပြန်ပြီကွ၊ ဟာ ကံကောင်းလို့ကြည့်စမ်း" စသဖြင့် ဘောလုံးပွဲကြည့်နေသလိုမျိုးကို အားပေးကြတာ။

www.burmeseclassic.com



သတင်းတင်ဆက်ပုံ ကောင်းလွန်းသောကြောင့် အနုပညာမြောက်သော စစ်ရုပ်ရှင်ကားတစ်ကားကို ကြည့်ရသလိုဖြစ်လာသည်။ စစ်ပွဲသတင်းတွေက ဖျော်ဖြေရေးဆန်လာတော့မလား၊ စစ်ပွဲတွေကော ဘောလုံးပွဲဆန်ဆန် ဖြစ်လာတော့မှာလား–

ဒါဆိုရင်ဖြင့်.....။

♦

“ဟုတ်ကဲ့ခင်ဗျာ၊ ရာသီဥတုကတော့ စစ်သားတွေအကြိုက်ပေါ့ခင်ဗျာ။ စောစောက မိုးဖွဲဖွဲရွာထားပေမယ့် အခုတော့ ကောင်းကင်တစ်ခွင်လုံး ကြည်ကြည်လင်လင်ဖြစ်လာပါပြီ။ စစ်ပွဲဝါသနာရှင်များ မြင်ကြတဲ့အတိုင်းပဲ မြောက်ဘက်စစ်မျက်နှာကနေ သုံးငါးနှစ်ပုံစံအတိုင်း အုပ်စုဖွဲ့ ပျံသန်းလာတာကတော့ အမေရိကန်တိုက်လေယာဉ်များပဲဖြစ်ပါတယ်။ တောင်ဘက်စစ်ပွဲ ဧရိယာအတွင်းကနေ လေယာဉ်ပစ်အမြောက်များနဲ့ အသင့်စောင့်ဆိုင်းနေတာကတော့ ဘာသာရေးအစွန်းရောက် စစ်သွေးကြွများပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဟာ အလွန်သတိထားရပါတယ်ခင်ဗျ။ ပလိန်းမာကင်လို့ခေါ်တဲ့ လေယာဉ်တစ်စင်းချင်းကို အသေအချာစောင့်ကြည့်ဖို့ လိုပါတယ်”

စစ်ပွဲသတင်းကို တိုက်ရိုက်ထုတ်လွှင့် ကြေညာနေခြင်းဖြစ်၏။ ကမ္ဘာအရပ်ရပ်ရှိ စစ်ပွဲဝါသနာအိုးတွေကလည်း ရုပ်မြင်သံကြားရှေ့မှာ မခွာတမ်းကြည့်ရှုအားပေးနေကြသည်။

စစ်ပွဲများမှာ နိုင်ငံချင်းတိုက်ရတာက လေးနှစ်မှတစ်ခါ တိုက်ရခြင်းဖြစ်၏။ ကြားထဲမှာတော့ ကလပ်အသင်းတွေဖွဲ့ပြီး တိုက်ကြရသည်။ မစ်လစ်ထရီယူနိုက်တက်၊ ရီးယဲဆိုးဂျား၊ အေစီရောကက် စသော ကလပ်အသင်းများမှာ နာမည်ကြီးများဖြစ်ကြသည်။ စစ်တိုက်



ကောင်းသော တပ်မှူးများကို ကြေးကြီးပေး၍ ငှားရမ်းကြရသည်။

စစ်တိုက်ရာမှာလည်း စည်းမျဉ်းစည်းကမ်းကို လိုက်နာကြရသည်။ တစ်ဖက်သတ် ကိုယ်ကချည်း တိုက်လို့မရ။ အိမ်ကွင်း အဝေးကွင်း တစ်ပြန်စီတိုက်ကြရသည်။ ပြစ်ဒဏ်ဖြစ်ခဲ့လျှင် ဒါရိုက်ဒုံးကျည်၊ အင်ဒါရိုက်ဒုံးကျည်များ အပေးခံရသည်။ စည်းကမ်းဖောက်ဖျက်လျှင် အဝါကတ် အနီကတ်များပြပြီး စစ်ပွဲတစ်ပွဲ၊ နှစ်ပွဲ အပယ်ခံရသည်။

စစ်ပွဲကာလမှာ ပထမပိုင်း လေးဆယ့်ငါးရက်၊ ပြီးတော့ ဆယ့်ငါးရက်နား၊ ဒုတိယပိုင်း လေးဆယ့်ငါးရက် ဆက်တိုက်။ သရေဖြစ်နေလျှင် အချိန်ပို ဆယ့်ငါးရက်စီထပ်တိုက်ရသည်။ ဒီလိုမှ အနိုင်အရှုံး အဖြေမပေါ်သေးလျှင် ပင်နယ်တီဒုံးကျည် ငါးစင်းစီအပြန်အလှန်ပစ်ခတ်ကြရလေသည်။

♦ ♦

*(မဟေသီမဂ္ဂဇင်း၊ ၂၀၀၃၊ ဩဂုတ်)*

www.burmeseclassic.com

# မိုင်လော

အပြင်ဘက်မှာ မိုးတွေရွာနေသည်။ မြေပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်ထိမှန်နေသော မိုးစက်များကိုကြည့်၍

"ဒါဟာ... မြေဆွဲအား သီအိုရီမှန်ကန်ကြောင်း သက်သေပြနေတာပဲ။ ဒီလိုမှမဟုတ်ရင် မိုးစက်မိုးပေါက်တွေဟာ စကြဝဠာထဲကို လွင့်စဉ်ထွက်သွားမှာပေါ့။ ပြီးတော့ ကြည့်စမ်း၊ မိုးပေါက်တွေဟာ မြေကြီးရဲ့ တန်ပြန်သက်ရောက်မှုအားကြောင့် ရေမှုန်ကလေးတွေအဖြစ် ပြိုကွဲသွားရတာပဲ"

ဟု နယူတန်ကတွေးနေသည်။ ထိုအချိန်တွင် လူငယ်တစ်ယောက် ရောက်လာ၏။ တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေသည်။ အရက်တွေလည်း သောက်လာပုံရ၏။

"ဘာကိစ္စရှိလို့လဲကွယ်"

နယူတန်က မေးသည်။ လူငယ်က

"ဆရာကြီးရဲ့ နိယာမက အမှားကြီးပဲဗျ"

"ဟော... ဘာမှားလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိတယ်လို့ ဆရာကြီးက ပြောတယ်နော်။ ဒါပေမဲ့ အခုတော့ ကျွန်တော်ချည်းပဲ ခံနေရတယ်ဗျ။ တစ်ခါမှ တန်မပြန်ရသေးဘူး"

လူငယ်က မကျေနပ်သောလေသံဖြင့် ပြောသည်။ ထို့နောက် မတ်တတ်ရပ်လိုက်သည်။

နယူတန်ကို စေ့စေ့ကြည့်ပြီး

"ပြီးတော့ သူ့နှလုံးသားက မြေဆွဲအားကို ဆန့်ကျင်နေတာကိုရော ဆရာကြီး ဘာပြောမလဲ"

နယူတန်သည် ဘာမှပြန်မပြောနိုင်ဘဲ ငေးကြောင်ကြည့်နေမိ၏။ လူငယ်က ထပ်ပြောပြန်သည်။

"ဒီမှာ ဆရာကြီး၊ နှလုံးသားဆိုတာ ပန်းသီးတစ်လုံး မဟုတ်ဘူးဗျ။ သိရဲ့လား"

◆

ပိုက်သာဂိုးရပ်စ်ထံသို့ စာတိုက်မှ ပါဆယ်တစ်ထုပ်ရောက်ရှိလာသည်။ ဖွင့်ကြည့်လိုက်တော့ ဘောလုံးတစ်လုံးထွက်လာသည်။ ဘောလုံး၏ မျက်နှာပြင်ပေါ်မှာ တြိဂံတစ်ခုဆွဲထားသည်။ တြိဂံ၏ အနားသတ်မျဉ်းများသည် ကွေးကောက်နေကြ၏။

စာတစ်စောင်လည်း ပူးတွဲပါလာသည်။

ဖွင့်ဖတ်ကြည့်လိုက် တော့...

*'မိတ်ဆွေကြီး ပိုက်သာဂိုးရပ်စ်...*

*ခင်ဗျားရဲ့ သီအိုရမ်က ပြင်ညီမျက်နှာပြင်ပေါ်မှာ ဆွဲထားတဲ့ ထောင့်မှန်တြိဂံအတွက်သာ မှန်ကန်တာပါ။ အခု ကျုပ်ဆွဲပေးလိုက်တဲ့*



*တြိဂံအတွက်ကျတော့ ဘယ်လိုသက်သေပြမလဲ။ ဒါဟာ ထောင့်မှန်တြိဂံတစ်ခုပဲလို့ ကျုပ်ထင်တယ်ဗျာ။*

**ခင်မင်လျက်**
***ပါစကယ်***

◆

တစ်ယောက်နှစ်ခွက်၊ သုံးခွက်စီလောက် ဝင်သွားပြီးနောက် ယမကာဝိုင်းက အရှိန်ကလေးရလာသည်။ ဂယ်လီလီယိုက နောက်တစ်ခွက် ထပ်ငှဲ့ရင်း မေးသည်။

"ဟေ့ကောင် ကိုပါ၊ မင်းရဲ့ ဆိုလာစစ်စတမ်စာတမ်းကိစ္စက ဘယ်လိုဖြစ်နေလဲကွ"

ကိုပါးနီးကပ်စ်က

"ငြင်းကြခုံကြတုန်းပဲကွ၊ တော်လမီက သူ့ရဲ့ ဂျီအိုစင်ထရစ် သီအိုရီကို အလျှော့မပေးတော့ ခက်နေတယ်။ ဒါနဲ့ မင်းရဲ့ကမ္ဘာကြီးလုံးတယ်ဆိုတဲ့ အမှုအခြေအနေကော"

"စိတ်ရောဂါကု ဆရာဝန်တစ်ယောက်ရဲ့ ထောက်ခံချက် လိုနေသေးတယ်ကွ"

"ငါတို့ရဲ့ သီအိုရီတွေကို ရပ်တန်းကရပ်လိုက်ကြရင် ကောင်းမယ်ထင်တယ်ကွာ"

ဂယ်လီလီယိုက

"ဟေ... ဘာကြောင့်လဲ"

"ကမ္ဘာက နေကိုဗဟိုပြုပြီး လှည့်နေတာပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးက လုံးနေတာပဲဖြစ်ဖြစ် မထူးပါဘူး၊ လူတွေက ကမ္ဘာကြီးထက်မိုပြီး လည်နေကြပြီပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ခွက်ထဲက လက်ကျန်ကို ရှင်းလိုက်သည်။

◆

အိုင်စတိုင်းသည် ဟောပြောပွဲတစ်ခုမှ ပြန်လာခဲ့သည်။ ဒီနေ့ ဟောပြောရတာ တော်တော်အဆင်ပြေသည်။ စွမ်းအင် သီအိုရီတစ်ခု အကြောင်းကို စိတ်ပါလက်ပါရှင်းပြခဲ့သည်။ ပရိသတ်ကလည်း စိတ်ဝင်စားစွာ နားထောင်ပြီး သိလိုသောမေးခွန်းတွေကို အားတက်သရော မေးကြသည်။ အတော်စိတ်ကျေနပ်ဖို့ကောင်းသည်။

သို့ရာတွင် အိမ်ထဲဝင်လိုက်စဉ်မှာပင် သူ့ပျော်ရွှင်မှုများသည် ပြိုကွဲပျက်စီးသွားရ၏။ အကြောင်းမှာ ခါးထောက်ပြီး မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ရင်း ဆီးကြိုနေသော သူ့မိန်းမကို ရင်ဆိုင်လိုက်ရသောကြောင့်ပင်ဖြစ်၏။

"ဘယ်လိုလဲ ကိုရွှေအိုင်စတိုင်းကြီးရဲ့ တော်တော်မှ ပျော်ခဲ့ရဲ့လား၊ ကျုပ်မှာဖြင့် အိမ်ရှင်က အိမ်လခလာတောင်းလို့ မနည်းတောင်းပန်လွှတ်လိုက်ရတယ်။ တစ်ပတ်အတွင်း မပေးရင် ဆင်းပေးရမယ်လို့ ကြိမ်းမောင်းသွားသေးတယ်"

"ဟုတ်လား...ငါ... ဟိုဒင်း... "

"နေဦး မပြီးသေးဘူး၊ မီတာခကလည်း မနက်ဖြန်နောက်ဆုံးပဲ။ မသွင်းရင် မီးဖြတ်တော့မယ်။ ရှင့်ရဲ့ အရည်မရ အဖတ်မရ စမ်းသပ်ချက်တွေကလည်း မီတာသိပ်စားတာ သိရဲ့လား"

"အေးပါကွာ၊ မီတာခ သက်သာခွင့်ရအောင်လျှောက်ဖို့ သိပ္ပံအကယ်ဒမီက ထောက်ခံစာတောင်းကြည့်ပါဦးမယ်" ဟု အိုင်စတိုင်းက လေပျော့လေးနှင့် ပြန်ပြောသည်။ သို့ရာတွင်...

"ရှင့်ကိုပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ ဘာမှလည်း ဖြစ်ဖြစ်



မြောက်မြောက်ရှိတာမဟုတ်ဘူး။ ရှင့်ရဲ့ အိုးညီမျှခြင်း အမ်စီစကွဲယား ဆိုတဲ့ ဖော်မြူလာကကော ဘာအသုံးကျသလဲ။ ရှစ်လုံးတစ်ပြည်၊ ဆယ့်ခြောက်ပြည် တစ်တင်းဆိုတာကမှ ဟုတ်တုတ်တုတ်ရှိသေးတယ်"

အိုင်စတိုင်း ခေါင်းကုတ်လိုက်၏။ ထိုအခါကျမှ 'ငါ့ခေါင်းပေါ်မှာ ဆံပင်တွေနဲ့ပါလား' ဟု သတိပြုမိသွားသည်။

"ရှင့်မှာဖြင့် ဟောပြောပွဲနဲ့ အချိန်ကုန်နေတာပဲ။ ဘာမှလည်း ဟုတ်တိပတ်တိရတာ မဟုတ်ဘူး၊ ဓာတ်ဘူးလေး၊ ဖန်ခွက်လေး၊ လွယ်အိတ်ကလေး လက်ဆောင်ရတာနဲ့ ကျေနပ်နေတာပဲ"

အိုင်စတိုင်းမှာ ဒီနေ့ဟောပြောပွဲက မျက်နှာသုတ်ပဝါတစ်ထည် လက်ဆောင်ရလာကြောင်း ကြွားဖို့တောင် သိပ်မလွယ်တော့။

"ဟင်း... အဏုမြူဗုံး လုပ်ရောင်းပါဆိုတော့ ငြိမ်းချမ်းရေး လေး၊ ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတယ်။ ရှင့်တပည့် ဗွန်ဘရောင်းဆိုရင် ကြည့်စမ်း၊ ဒုံးပျံတွေ ထုတ်လုပ်နေတာ အခု တိုက်နဲ့ကားနဲ့ဖြစ်နေပြီ၊ သူ့မိန်းမဆိုရင်လည်း တစ်ကိုယ်လုံး စိန်တွေသီးလို့၊ ကျုပ်မှာဖြင့်..."

မိန်းမရဲ့ မကျေနပ်မှုတွေက အက်တမ်တွေ ဆင့်ကဲပေါက်ကွဲသလို အဆုံးသတ်မှာမဟုတ်တော့။ အိုင်စတိုင်း မခံမရပ်နိုင်အောင် နားပူလာသည်။ ထို့ကြောင့် နောက်ဖေးဘက်ကိုထွက်သွားပြီး မီးဖိုနားမှာ ထိုင်နေလိုက်၏။ 'ရီလေတီဗီတီ သီအိုရီဆိုတာ ဒါပဲ' ဟု ခပ်တိုးတိုး ရေရွတ်နေသည်။

◆

"သွားကိုက်တဲ့ ဝေဒနာကို ကိုယ်တိုင်သွားကိုက်ဖူးမှ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းစာကြည့်လို့ ရနိုင်တယ်ဗျ” ဟု မော်စီတုန်းကပြောလိုက်သည်။ ဟင်နရီကစ်ဆင်ဂျာက တည်ခင်းညှေ့ခံထားသော ရေနွေးကြမ်း မွှေးမွှေးကို ဖိမ်ခံသောက်ရင်း ပြုံးရုံသာ ပြုံးနေ၏။

“ခင်ဗျားက ဘာဖြစ်လို့ ပြုံးတာလဲ” ဟု မော်စီတုန်းက မေးသည်။ ထိုအခါကျမှ ကစ်ဆင်ဂျာက သူ့ပါးစပ်ထဲမှာတပ်ထားသော သွားတု အံကပ်ကြီးကို ဖြုတ်ပြလိုက်သည်။ မော်စီတုန်းက မျက်မှောင်ကုတ်ပြီး...

“ဩော်... ဒီလိုကိစ္စမျိုး ရှိသလား” ဟု ဆိုလိုက်လေသည်။

◆

ဟေရာကလိုက်တပ်စ်သည် မြစ်ကမ်းနားဘက်သို့ နေ့စဉ် လမ်းလျှောက်ထွက်လေ့ရှိ၏။ ထို့ကြောင့်လည်း သူ၏ ကမ္ဘာကျော် အတွေးအခေါ်တစ်ခုကို စဉ်းစားမိခဲ့ခြင်းဖြစ်၏။ ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီပင်ဖြစ်၏ ။

လူတစ်ယောက်သည် မြစ်ရေတစ်ခုအတွင်းသို့ နှစ်ကြိမ်မဆင်းနိုင်။ နောက်တစ်ကြိမ်ဆင်းလိုက်သောအခါ ပထမအကြိမ်ဆင်းခဲ့တုန်းက မြစ်ရေသည် ထိုနေရာတွင်မရှိတော့။ မြစ်ရေသည် အစဉ်အမြဲ စီးဆင်းနေသောကြောင့်ပင်ဖြစ်၏။ ထိုသဘောတရား အတိုင်းပင်၊ လောကကြီးတွင် မပြောင်းလဲသောအရာကား ပြောင်းလဲခြင်းပင် ဖြစ်တော့၏ ။

အထက်ပါသီအိုရီကြောင့် ဟေရာကလိုက်တပ်စ်သည် ကမ္ဘာကျော်တွေးခေါ်ပညာရှင်ကြီးအဖြစ် သတ်မှတ်ခံရသည်။ လူတွေက သူ့ကို အလွန်လေးစားကြသည်။ လမ်းမှာတွေ့သူတိုင်းက သူ့ကိုနှုတ်ဆက်ကြသည်။ တချို့က ဦးညွှတ်အရိုအသေ ပေးကြသည်။ မြစ်ထဲမှာ



ရေကူးရင်း ဆော့ကစားနေသော ကလေးတွေကတောင် သူ့ကိုမြင်သောအခါ “ဦးလေးကြီး ကျွန်တော်တို့ မြစ်ထဲကို တစ်ခါပဲဆင်းရသေးတယ်နော်” ဟု ဘာမှန်းညာမှန်းမသိဘဲ လှမ်းအော်ပြောကြသေးသည်။ အရှိန်အဝါက ဒီလောက်ထိဖြစ်နေပြီ။


သူသည် ကျေနပ်နှစ်သိမ့်စွာပြုံးရင်း လျှောက်လာခဲ့သည်။ မြစ်ကမ်းနဖူးတစ်နေရာမှာရပ်ပြီး မြစ်ကြီးကို‌ငေးကြည့်နေသည်။ ကြည့်ရင်းကြည့်ရင်းက တစ်စုံတစ်ခုကို သတိပြုမိလိုက်ပြီး တုန်လှုပ်ချောက်ချားသွားရ၏။ “ငါမှားပြီ၊ ငါမှားသွားပြီ” ဟု ထိတ်လန့်တကြား ရေရွတ်လိုက်၏။ အကြောင်းမှာ တကယ်တော့ မြစ်ကြီးက စီးဆင်းနေခြင်း မဟုတ်ဘဲ မြေကြီးက ရွေ့လျားနေခြင်းသာဖြစ်ကြောင်း သိလိုက်ရသောကြောင့်ပင်ဖြစ်လေ၏။

◆ ◆

*(ပေါ်ပြူလာဂျာနယ် ၇/၃၄၊ ၂-၉-၂၀၀၃)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘောအေး တိုက်ပွဲ

အင်္ဂလိပ် ပရီးမီးယားရှစ်မှ ထိပ်တန်းဘောလုံးအသင်းကြီးဖြစ်သော မန်ချက်စတာယူနိုက်တက်ကို အမေရိကန်သူဌေးကြီး ဂလေဇာက ဝယ်ဖို့ကြံစည်သောအခါ ဘောလုံးလောကသာမက စီးပွားရေးလောကမှာပါ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရလေသည်။

ထိုကိစ္စဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းခံကတော့ ရုရှားလူမျိုး သူဌေး အေဘရာမိုဗစ်ကြောင့်ပင်ဖြစ်၏။ သူက ချယ်လ်ဆီးအသင်းကို ဝယ်ယူခဲ့သည်။ ပြုပြင်ပြောင်းလဲရေးတွေ လုပ်သည်။ ပေါ်တူဂီမှ နည်းပြ မန်နေဂျာ မော်ရင်ညိုကို ခေါ်လိုက်သည်။

နာမည်ကြီး ဘောလုံးသမားတွေဝယ်ဖို့ ပေါင်စတာလင်သန်းရာနှင့်ချီပြီး ထုတ်သုံးသည်။ သူက တော်တော်ညက်သည်။ ဘောလုံးအသင်းကိစ္စ နေရာတကာ ဝင်စွက်ဖက်တာမျိုးမလုပ်။ သူလိုချင်တာကို အကောင်အထည်ဖော်ပေးဖို့သာ ညွှန်ကြားသည်။ ချန်ပီယံဆုဖလားတွေ လိုချင်သည်။ သူ့ရည်ရွယ်ချက် အောင်မြင်သည်။ အရင်က အလယ်အလတ် အဆင့်လောက်သာရှိသော ချယ်လ်ဆီးအသင်း

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့လက်ထက်မှာ တစ်ရှိန်ထိုးအောင်မြင်လာသည်။ အင်္ဂလိပ်ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကြီးကို နှစ်ပေါင်းများစွာအတွင်းမှာ ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ တမ်ဂိုးမှ အသွင်းမခံရသော အချိန်အကြာဆုံးစံချိန်ကိုလည်း ချိုးနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်း၏ စီးပွားရေး အခြေအနေမှာလည်း တိုးတက်လာသည်။ ချယ်လ်ဆီး၏ အရှိန်ကြောင့် အေဘရာမိုဗစ်၏ တခြားစီးပွားရေးလုပ်ငန်းများမှာလည်း ဝင်ငွေတွေ တိုးလာခဲ့ပြန်သည်။ အဓိကအောင်မြင်မှုမှာ ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှုပင်ဖြစ်၏။ အေဘရာမိုဗစ်သည် အရင်က သိပ်နာမည်ကြီးလှသူမဟုတ်။

သာမန်လူတွေ မဆိုထားနဲ့၊ စီးပွားရေးလောကမှာတောင် လူသိနည်းလှသည်။ ချယ်လ်ဆီးအသင်းကို ဝယ်ယူပြီးတဲ့နောက်မှာတော့ သူ၏ဂုဏ်သတင်းသည် ထင်ရှားကျော်ကြားလာလေသည်။ သူက ချယ်လ်ဆီးပွဲတွေကို လာကြည့်ပြီး အားပေးတတ်သဖြင့် ရုပ်မြင်သံကြားမှာပါ သူ့ကိုမြင်ဖူးကြသည်။

ဘီလ်ဂိတ်ကို မမြင်ဖူးလျှင်သာ ရှိမည်။ သူ့ကိုတော့ မြင်ဖူးကြသည်။ တိုနီဘလဲကို မမှတ်မိလျှင်သာ ရှိမည်။ သူ့ကိုတော့ မှတ်မိကြသည်။ ရုရှားသမ္မတပူတင်ကို မသိတဲ့ လူတွေကတောင် အေဘရာမိုဗစ်ကိုတော့ သိကြသည်။

ထိုအချက်များမှာ အမေရိကန်သူဌေး ဂလေဇာအဖို့ အားကျစရာလည်းဖြစ်၏။ မနာလိုစရာလည်း ဖြစ်၏။ ဘာမဟုတ်တဲ့ ရုရှားတစ်ယောက်က လူတွင်ကျယ်လုပ်နေတဲ့အတွက် မခံချင်စရာလည်းဖြစ်၏။ ဘောလုံးနှင့် စီးပွားဖြစ်နိုင်ခြေကို တွက်မိတာကလည်းတစ်ကြောင်း။

ထို့ကြောင့် ဂလေဇာသည် ရုရှားငနဲထက်သာအောင် ကမ္ဘာ



နာမည်အကြီးဆုံးအသင်းဖြစ်သော မန်ယူကိုဝယ်ဖို့ ကြိုးစားခြင်းဖြစ်၏။ ထိုကိစ္စအတွက် ဘောလုံးလောကမှာ ဂယက်ရိုက်သွားပြီး ဝေဖန်မှုတွေ အမျိုးမျိုးထွက်ပေါ်လာသည်။

မန်ယူ ပရိသတ်တွေက အကြီးအကျယ် ဒေါသထွက်ကုန်ကြပြီး ကန့်ကွက်ကြသည်။ ဘောလုံးအကြောင်းလည်း နားမလည်၊ ဘောလုံးဝါသနာအိုးလည်း မဟုတ်ဘဲနဲ့ ဝင်ရှုပ်ရသလား။ ဂလေဇာ ဝယ်ဖြစ်ခဲ့လျှင် မန်ယူပွဲတွေမကြည့်ဘဲ သပိတ်မှောက်မည်ဟု ခြိမ်းခြောက်သည်။

အင်္ဂလိပ် အသင်းတစ်သင်းကို လူမျိုးခြား အမေရိကန်လက်ထဲ ထိုးအပ်လိုက်ရမှာ နိုင်ငံသိက္ခာကျတယ်ဟု ခံပြင်းသူတွေလည်းရှိသည်။ ဂလေဇာသည် စီးပွားရေးသမားပီပီ ပိုက်ဆံရရေးတစ်ခုတည်းကိုသာ ကြည့်လိမ့်မည်။ ဘောလုံးရသကို ပျက်စီးစေလိမ့်မည်ဟု စိုးရိမ်ကြသည်။ ဂလေဇာ ဝင်လာသဖြင့် နောက်ခံမနေအင်အား တောင့်တင်းလာပြီး ရေရှည်တွင် အသင်းအတွက် အကျိုးရှိနိုင်သည်ဟု အကောင်းမြင်သူတွေလည်းရှိ၏။

တချို့ကလည်း ရုရှားတစ်ယောက်နှင့် အမေရိကန်တစ်ယောက်တို့၏ ယှဉ်ပြိုင်မှုကိုကြည့်ပြီး စစ်အေးတိုက်ပွဲ မပြီးဆုံးသေးဟု ဆိုကြသည်။ တစ်နည်းအားဖြင့် စစ်အေးတိုက်ပွဲ (ကိုးလ်ဝေါ)မှသည် ဘောအေးတိုက်ပွဲ (ကိုးလ်ဘော)အဖြစ် အသွင်ပြောင်းသွားခြင်းဖြစ်သည်ဟု ကောက်ချက်ချကြသည်။

ဘာပဲဖြစ်ဖြစ် ဂလေဇာကတော့ မန်ယူအသင်းကို လက်ဝယ်ပိုင်ပိုင် ဝယ်ယူရရှိသွားလေတော့သည်။

♦

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကမ္ဘာ့ထိပ်သီး လုပ်ငန်းရှင်ကြီးတွေကြားမှာ စဉ်းစား တွေးတောစရာတွေ ဖြစ်လာ၏။ ဘောလုံးလောကသည် အနာဂတ် အတွက် ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးလုပ်ငန်း ဖြစ်လာမလား၊ မြိုး မြိုးမြက်မြက် မြတ်စွန်းနိုင်သော စီးပွားရေးတစ်ခု ဖြစ်လာပြီလား။ အထူးသဖြင့်တော့ ထိပ်တန်းဘောလုံးကလပ်အသင်းတစ်သင်း ပိုင်ဆိုင်သူ အနေဖြင့် ကမ္ဘာကျော် အနုပညာရှင်တစ်ယောက်လို၊ နိုင်ငံခေါင်းဆောင် တစ်ယောက်လို၊ အားကစားထူးချွန်သူ တစ်ယောက်လို ဂုဏ်သတင်းကျော်ကြားပြီး နာမည်ကြီးနိုင်သည်။ ထိုအချက်ကလည်း မျက်စိကျစရာ ဖြစ်နေ၏။

တစ်ချိန်က လုပ်ငန်းရှင် သူဌေးကြီးများသည် လယ်ယာခြံမြေ ဘယ်နှဧက ပိုင်သည်၊ ပြိုင်မြင်း ဘယ်နှကောင်ပိုင်သည်ဆိုသော အချက်နှင့် သူတို့၏ကြွယ်ဝမှုကို တိုင်းတာကြသည်။ နောက်တော့ ရဲတိုက်ကြီးတွေ ပိုင်ဆိုင်ခြင်းသည် ချမ်းသာခြင်း၏ပြယုဂ် ဖြစ်လာ၏။ နောက်ပိုင်းကျတော့ ရိုးစ်ရွိုက်၊ တံခါးခြောက်ပေါက် မာစီဒီး၊ ကက်ဒီလက်၊ လင်ကွန်းကွန်တီနင်တယ်စသော အဖိုးတန် ဇိမ်ခံကားကြီးများဖြင့် ဂုဏ်တုဂုဏ်ပြိုင်လုပ်ကြသည်။ ကိုယ်ပိုင်ဂျက်လေယာဉ်တွေ၊ ရွက်သင်္ဘောကြီးတွေပိုင်မှ သူဌေးပီသသည်ဟု ယူဆလာကြပြန်သည်။ ကျွန်းတစ်ကျွန်းဝယ်နိုင်မှ တကယ့်သူဌေးဟုခေါ်သည် ဆိုတာမျိုးလည်း ဖြစ်လာခဲ့သည်။

ခုနောက်ပိုင်းကျတော့ ကမ္ဘာကျော်သူဌေးမှန်လျှင် ဘောလုံးအသင်းတစ်သင်းပိုင်ရမည်ဆိုသော သတ်မှတ်ချက်တစ်ခု ခေတ်စားလာလေတော့သည်။

ထို့ကြောင့် ဆိုနီကော်ပိုရေးရှင်း ဥက္ကဋ္ဌ အီဒေးအိ၊ မိုက်ခရို



ဆော့ပိုင်ရှင် ဘီလ်ဂိတ်၊ အက်ပဲမှ စတိဂျော့၊ တက်တာနာ၊ ရူးပတ်မားဒေါ့၊ ဂျော့ဆိုးရို့စ် စသောလုပ်ငန်းရှင် သူဌေးကြီးများသည် ဘောလုံးအသင်းတွေကို သူ့ထက်ငါ အလုအယက် အပြိုင်အဆိုင်ဝယ်ကြလေတော့သည်။ သူဌေးလုပ်နေပြီး ဘောလုံးအသင်းတစ်သင်းမှ မပိုင်လျှင် လူရာမဝင်ဘဲ မျက်နှာငယ်ရမယ် မဟုတ်လား။

တချို့ကလည်း ဘောလုံးအသင်းအသစ်တွေ စုစည်းတည်ထောင်ကြသည်။ နာမည်ကျော် ဘောလုံးသမားများ၊ နည်းပြဆရာများလည်း ဝင်ငွေအလွန်ကောင်းလာကြပြီး ဈေးပြိုင် လေလံစနစ်ဖြင့် ငှားရမ်းဝယ်ယူရတဲ့အထိ ဖြစ်လာ၏။

ဒီကြားထဲမှာ ထိပ်တန်းဘောလုံးအသင်းကြီး တစ်သင်းသည် အိုစမာဘင်လာဒင်က လျှို့ဝှက်ပိုင်ဆိုင်ခြင်းဖြစ်သည်ဆိုသော ကောလာဟလ သတင်းတစ်ခုထွက်ပေါ်လာသဖြင့် ဂယက်ရိုက်ခဲ့ရသေးသည်။

ဘောလုံးကိစ္စက ဘယ်လောက်ထိ ကျယ်ပြန့်လာသလဲဆိုတော့ ဗြိတိသျှဘုရင်မကြီးကိုတောင် ဘောလုံးအသင်းတစ်သင်း တည်ထောင်ဖို့ နန်းတော်အသိုင်းအဝိုင်းက တိုက်တွန်းလာကြသည်။ ဘုရင်မကြီးက မိမိသည် ဘောလုံးအကြောင်း လုံးဝနားလည်တော်မမူပါဆိုပြီး အင်တင်တင်လုပ်နေ၏။

သို့ရာတွင် ညစာစားပွဲတစ်ခုမှာ တခြားဂုဏ်သရေရှိ လူကြီးလူကောင်းများနှင့် ဆွေတော်မျိုးတော်များက မိမိတို့ပိုင်ဆိုင်သော ဘောလုံးအသင်းတွေအကြောင်း အာပေါင်အာရင်းသန်သန် ပြောဆိုကြသောအခါ ဘုရင်မကြီးခမျာ မျက်စိသူငယ် နားသူငယ် ဖြစ်နေရှာသည်။ အံထက်တန်းလွှာတို့၏ စကားဝိုင်းထဲမှာ မဝင်ဆံ့ဘဲ ဘေးဖယ်ခံထားရသလို ဖြစ်နေသည်။

ဒီတော့မှ ဘုရင်မကြီးသည် 'ဘတ်ကင်ဟမ်ပဲလေ့စ်'အမည်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးအသင်းတစ်သင်းကို တည်ထောင်ဖို့ အမိန့်တော်ချမှတ်ရလေတော့သည်။

တစ်ခုရှိတာက ဘုရင်မကြီးသည် ကပ်စေးနှဲသူဖြစ်၏။ ဘောလုံးသမားတွေကို ငွေကြေးအမြောက်အမြားပေးပြီး ဝယ်ယူငှားရမ်းရမှာကို နှမြောနေသည်။ ထို့ကြောင့် အားကြိုးမာန်တက် ထူးချွန်စွာ ကစားနိုင်သော ဘောလုံးသမားများကို ဘွဲ့ထူးဂုဏ်ထူးတွေပေးမည်။ ဂုဏ်ထူးဆောင် နယ်စားပယ်စားခန့်မည်ဟု မက်လုံးပေးစည်းရုံးရလေသည်။

တကယ်တော့ ဘုရင်မကြီး၏ ဘောလုံးအသင်းမှာ သိပ်မစွံလှ။ အရင်က နာမည်ကြီးခဲ့ပြီး ခုအခါ ခြေစွမ်းကျနေသော အသက်အရွယ်ထောက်နေသည့် ဘောလုံးသမားတွေသာ များနေသည်။ ထို့ကြောင့် အောင်မြင်မှုမရ။

ဘုရင်မကြီးသည် သူ့အသင်းကန်သည့်ပွဲအချို့ကို ရုပ်မြင်သံကြားမှာသာကြည့်ဖူးသည်။ ကိုယ်တိုင်သွားရောက် ရှုစားမယ်ဆိုလျှင်တော့ အသင်းသားတွေ အားတက်ပြီး နိုင်အောင်ကန်ကြမှာပဲဟု ယူဆမိ၏။

ဘုရင်မကြီး လာကြည့်မယ်ဆိုတော့ နောက်လိုက်နောက်ပါ အခြွေအရံတွေအတွက်ပါ ထိုင်ခုံတစ်ရာကျော်လောက် စီစဉ်ပေးရသည်။ ကံကောင်းချင်တော့ တစ်ဖက်အသင်းမှာ ခပ်ညံ့ညံ့ဖြစ်နေ၏။ ထို့ကြောင့် ဘုရင်မကြီး၏ အသင်းက အပေါ်စီးမှ ကစားနိုင်သည်။ ပထမပိုင်း မပြီးခင်မှာပင် ပထမဆုံးဂိုးကို သွင်းလိုက်နိုင်လေ၏။

ဘုရင်မကြီးမှာ အလွန်ဝမ်းသာသွားသည်။ တစ်ခုပဲရှိ၏။ ဂိုးတိုင်ရှေ့မှာ ရှုပ်ယှက်ခတ်နေရင်းက ဂိုးဝင်သွားခြင်းဖြစ်သဖြင့် ရှင်းရှင်းလင်းလင်း မမြင်လိုက်ရ။ ထိုအခါ ဘုရင်မကြီးက အပါးတော်မြဲကိုခေါ်ပြီး စောစောက ကောင်းကောင်းမမြင်လိုက်ရကြောင်း၊ ထို့ကြောင့် ဂိုးဝင်သွားပုံကို အနှေးပြကွက်ဖြင့် ပြန်ပြီးကန်ပြစေလိုကြောင်း ပြောလေသည်။ အပါးတော်မြဲမှာ အခက်တွေ့သွားပြီး အနှေးပြကွက်ဆိုသည်မှာ ရုပ်မြင်သံကြားမှာသာ ပြလို့ရကြောင်း၊ ကွင်းထဲမှာ တကယ်ပြန်ကန်ပြလို့ မရကြောင်း၊ ဘုရင်မကြီး၏ဆန္ဒကို မဖြည့်စွမ်းနိုင်သဖြင့် ကျွန်တော်မျိုး သေသင့်ပါကြောင်း စသည်ဖြင့် သဘောပေါက်အောင် အတော်ရှင်းပြရလေသည်။



◆

စီးပွားရေးကြောင့် ဖြစ်စေ၊ ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားလိုမှုကြောင့်ဖြစ်စေ၊ သူများလုပ်လို့ အားကျမခံ လိုက်လုပ်တာပဲဖြစ်စေ၊ ဘောလုံးအသင်းထောင်သူ လူကုံထံများထဲတွင် ဘောလုံးဝါသနာပါသူလည်းရှိ၊ မပါသူလည်းရှိ၊ ဘောလုံးအကြောင်း နားလည်သူလည်းရှိ၊ ဘောလုံးပွဲ တစ်ခါမှတောင် မကြည့်ဖူးသူလည်းရှိ၏။

လုပ်ငန်းရှင်တစ်ဦးသည် သူပိုင်သော ဘောလုံးအသင်းအတွက် နည်းပြဆရာကို အပြင်ကမငှားတော့ဘဲ သူ့မြင်းဇောင်းက ပြိုင်မြင်းထိန်းနာကို နေရာပြောင်းခန့်လိုက်သည်။ ထိုသူက ဘောလုံးသမားတွေကို ဒုန်းပြေးတာချည်းပဲ လေ့ကျင့်ခိုင်းသည်။ ဘောလုံးကို နောက်ပြန်မပေးရ။ ရှေ့ကိုသာ အတင်းဆွဲပြေးရမည်ဟု ဆိုသဖြင့် အခက်တွေ့ကြရသည်။

အမျိုးသမီးကြီးများကျတော့ သူတို့အသင်းအတွက် ဘောလုံးသမားဝယ်ရာမှာ ဘောလုံးကန်ကောင်းတာ မကောင်းတာဂရုမစိုက်။ ကိုယ်လုံး တောင့်တောင့်ဖြောင့်ဖြောင့်၊ ရုပ်ချောချော၊ အသက်ငယ်ငယ် ကောင်လေးတွေကိုမှ ရွေးချယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးသူဌေးတို့သည် ဘောလုံးစည်းမျဉ်းစည်းကမ်းတွေကိုလည်း စိတ်ကူးတည့်ရာ လျှောက်ပြင်ဆင်ဖို့ ကြိုးစားလာကြသည်။

အသင်းပိုင်ရှင်တစ်ယောက်က သူသည် အလုပ်များလွန်းသဖြင့် ဘောလုံးပွဲတွေကို အချိန်ပေးပြီးမကြည့်နိုင်။ ထို့ကြောင့် ဘောလုံးကစားချိန်ကို ပထမပိုင်း၊ ဒုတိယပိုင်း လေးဆယ့်ငါးမိနစ်အစား ဆယ့်ငါးမိနစ်သာ ကစားကြရန် အဆိုပြုသည်။

တစ်ယောက်ကတော့ ဘောလုံးပွဲမှာ ဂိုးဝင်တာတစ်ခုတည်းနဲ့ မဆုံးဖြတ်ဘဲ အမှတ်ပေးစနစ်သုံးဖို့ ပြောသည်။ တစ်ဂိုးသွင်းနိုင်လျှင် ဆယ်မှတ်ရမည်။ တိုင်ထိလျှင် ငါးမှတ်ရမည်။ ထောင့်ကန်ဘောတစ်ခါရလျှင် တစ်မှတ်ရမည်။ အဝါကတ်အပြစ်ခံရလျှင် ငါးမှတ်လျှော့၊ အနီကတ်ဆို ဆယ်မှတ်လျှော့။ ပွဲပြီးတော့ အမှတ်တွေပေါင်းပြီး အနိုင်အရှုံး ဆုံးဖြတ်ပေါ့။

နောက်တစ်ဦးက အဝါကတ်၊ အနီကတ်ကိစ္စကို တစ်မျိုးအကြံပြုသည်။ အဝါကတ် အပြစ်ခံရသူအနေဖြင့် ပြစ်ဒဏ်ကို အမြဲသတိပြုမိနေစေရန် အဝါကတ်ကို ကြိုးနှင့်သီပြီး လည်ပင်းမှာဆွဲလျက် ဆက်ကစားရမည်။ တကယ်လို့ သူပြန်အချခံရလျှင် ကင်းလွတ်ခွင့်ရပြီး သူ့လည်ပင်းမှ အဝါကတ်ကို တစ်ဖက်က လူချတဲ့ဘောလုံးသမားဆီ လွှဲပြောင်းချိတ်ဆွဲပေးရမည်။

အနီကတ်အပြစ်ခံရလျှင်တော့ ကွင်းပြင်ထွက်မလား၊ ဂိုးတစ်ဂိုးပေးမလား ရွေးချယ်ရမည်။ ဒါတွင်မက ဘောလုံးတစ်ရာသီအတွင်း အနီကတ် သုံးကြိမ်အပြစ်ခံရလျှင် အနက်ကတ်အဖြစ် သတ်မှတ်ပြီး ရာသီကုန်တဲ့အထိ ပွဲပယ်ခံရမည့်အပြင် ကြိမ်ဒဏ်ဆယ်ချက်နှင့် ထောင်ဒဏ် သုံးလပါ အပြစ်ပေးခံရမည်။

ဘောလုံးပွဲတွေမှာ ဒိုင်လူကြီးတစ်ဦးတည်းထားသဖြင့် လက်



ထိဘောကို မမြင်လိုက်ရတာတို့၊ သူ့ဘာသာ ခြေခေါက်လဲတာကို ပြစ်ဒဏ်ဘောပေးမိတာတို့ ဖြစ်တတ်သည်။ ထို့ကြောင့် ဒိုင်လူကြီးကို ဝိုင်းကူကြည့်ပေးဖို့ 'ဒိုင်လူကလေး'ဆိုတာ ထားသင့်သည်ဟု တင်ပြသူကလည်း ရှိသေးသည်။

သူဌေးတစ်ဦးကတော့ ဘောလုံးဝါသနာပါသူမဟုတ်။ ဘောလုံးအကြောင်း နားမလည်။ သူက ဂိုးပေါက်ကို ခုလိုတိုင်တွေနဲ့ မလုပ်ဘဲ တွင်းကြီးတစ်တွင်း တူးထားဖို့အကြံပြုသည်။ တွင်းထိပ်မှာ ဂိုးသမားကစောင့်။ ဘောလုံးကို တွင်းထဲဝင်အောင်ကန်နိုင်လျှင် ဂိုးဝင်သည်ဟု သတ်မှတ်ရမယ်ဆိုပဲ။

ရှုံးထွက်ပွဲတွေမှာ သရေကျလို့ ပင်နယ်တီနဲ့ဆုံးဖြတ်တဲ့အခါ ပုံစံတစ်မျိုးထွင်ချင်တဲ့လူက ရှိသေးသည်။ တစ်ဖက်လျှင် ဘောလုံးသမား ငါးယောက်စီက 'ခွင်ရာ' ရိုက်တဲ့အခါ ဂေါလီလုံးတွေစီတဲ့ပုံစံအတိုင်းရပ်နေရမည်။ ဟိုဘက်ဒီဘက် တစ်လှည့်စီကန်ရမည်။ ဘောလုံးအထိခံရတဲ့လူက ထွက်ရမည်။ နောက်ဆုံးလူကုန်သွားတဲ့အသင်းက အရှုံး။ ဘောလုံးအထိမခံရတဲ့လူ ကျန်နေတဲ့ဘက်က နိုင်မည်။

♦

ခုလို ပေါက်ကရစိတ်ကူးတည့်ရာတွေ လျှောက်ပြောနေကြချိန်မှာ ဘရာဇီးနိုင်ငံမှ ကမ္ဘာကျော် ဂန္တဝင်ဘောလုံးသမားကြီး ပီလီကမိမိသည် ဘောလုံးကို စိတ်ကုန်သွားပြီဖြစ်ကြောင်း၊ ဘောလုံးလောကကို ကျောခိုင်းပြီး လက်ဖွေ့လောကသို့ ကူးပြောင်းတော့မည်ဖြစ်ကြောင်း၊ မည်သူနှင့်မဆို ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com




ထိုအခါ အာဂျင်တီးနားမှ ဘောလုံးအကျော်အမော် မာရာဒိုနာကလည်း 'စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မယ်။ ကမ္ဘာတစ်ခွင် ဟည်းသွားမယ့် အာဂျင်တီးနားကွ။ ဟိုက်ရှော... ဟိုက်ရှော' ဟု ပြန်လည်တုံ့ပြန် ကြုံးဝါးလိုက်လေ၏။

ထိုသတင်းကြောင့် ကမ္ဘာကျော် သဌေးကြီးများအကြားမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည်။ အထက်တန်းလွှာမှန်လျှင် လက်ဝှေ့ထိုးတတ်ရမယ်ဆိုသော အယူအဆအသစ်တစ်ခု ခေတ်စားလာလေဦးမလားဆိုတာကိုတော့ စောင့်ကြည့်ရပေမည်။

◆ ◆

(ရွှေအမြုတေ မဂ္ဂဇင်း၊ ၂၀၀၅ ၊ နိုဝင်ဘာ)



www.burmeseclassic.com

www.burmeseclassic.com

## အနာဂတ် ကုမ္ပဏီလီမိတက်

တစ်နှစ်တာအတွင်း အအောင်မြင်ဆုံး ကုမ္ပဏီဆုကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ပြီဖြစ်သည်။ နောက်နှစ်တွေမှာလည်း ဆက်ပြီးရဖို့ အလားအလာကောင်းနေသည်။ အစုရှယ်ယာဈေးတွေကလည်း တရိပ်ရိပ်တက်နေသည်။ အမြတ်ရာခိုင်နှုန်းကလည်း တစ်နှစ်ပြီးတစ်နှစ် ပို၍ မြင့်မားလာသည်။ နိုင်ငံခြားတိုင်းပြည်များမှာပါ ကုမ္ပဏီခွဲတွေ ဖွင့်ဖို့ အစီအစဉ်တွေ ဆတင်ရေးဆွဲနေရပြီ။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံး၊ အသင့်တော်ဆုံး ကုမ္ပဏီဖြစ်ကြောင်း စီးပွားရေး ပညာရှင်များအဖွဲ့ကပင် ထောက်ခံမှုပေးထားသည်။

ထိုကုမ္ပဏီကား 'အနာဂတ်ကုမ္ပဏီလီမိတက်'ပင်ဖြစ်ပေသည်။

◆

ဥက္ကဋ္ဌ အပါအဝင် ထိပ်တန်းဒါရိုက်တာအဖွဲ့ဝင် ငါးဦးတို့သည် ထိုကုမ္ပဏီကို စတင်တည်ထောင်သူများဖြစ်ကြ၏။ သူတို့သည် မူလက သာမန် မထင်မရှား ဗေဒင်လက္ခဏာဆရာများသာ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဘုရားစောင်းတန်းတစ်ခုမှာ ခုံကလေးတွေချပြီး ဟောခဲ့ကြရသည်။ သိပ်အလုပ်မဖြစ်ကြ။

နောက်တော့ သူတို့ငါးယောက်ပေါင်းပြီး အတော်အသင့်လူစည်ကားသော မြို့နယ်တစ်ခုမှာ အခန်းကလေးတစ်ခန်းငှားပြီး အလုပ်ခန်းဖွင့်ကြည့်သည်။ အဆင်မပြေလှ။ တချို့လတွေကျလျှင် အလုပ်ခန်းလခအတွက်တောင် ပြည့်အောင်မရသဖြင့် အိတ်ထဲက စိုက်ထုတ်ကြရသည်။ ကိုယ့်လုပ်ငန်းအတွက်တောင် အောင်မြင်အောင် ယတြာမချေနိုင်တဲ့လူတွေက ဟောစာတမ်းတွေထုတ်နေလို့ ဘာအသုံးကျတော့မှာလဲ။

သူတို့သည် ကိုယ့်ပညာကိုတောင် ပြန်၍မယုံကြည်နိုင်သလိုဖြစ်လာ၏။ သို့ရာတွင် သူတို့၏ကံကြမ္မာကတော့ သူတို့လို ဝေဒပညာရှင်တွေ ကိုယ်တိုင်ပင်မသိလိုက်ဘဲ လူးလွန့်နိုးထလာခဲ့လေသည်။

♦

ထို့နေ့အဖို့ ဗေဒင်လက္ခဏာမေးမယ့်လူ တစ်ယောက်မှရောက်မလာသေး။ ခပ်ပျင်းပျင်းရှိသဖြင့် အားကစားဂျာနယ်တွေဖတ်ရင်းမကြာခင် ကျင်းပတော့မည့် ယူရို ၂၀၀၄ ဘောလုံးပွဲမှာ ဗိုလ်စွဲနိုင်ခြေရှိသော အသင်းများကို ခန့်မှန်းနေကြသည်။

အကြမ်းဖျင်း တွက်ချက်မှုအရ တနင်္လာနံနှင့်စသော အသင်းတစ်သင်း ဗိုလ်စွဲနိုင်မည်ဟု အဖြေထွက်သည်။ ဂျာမနီ (သို့မဟုတ်) ချက်အသင်းဖြစ်နိုင်သည်ဟု ယူဆကြသည်။

ထိုစဉ်တွင် ရုံးခန်းထဲသို့ ဧည့်သည်တစ်ယောက် ဝင်လာသည်။ သီလရှင် ဆရာလေးတစ်ပါးပင်ဖြစ်၏။ အသက်သုံးဆယ်ဝန်းကျင်



ခန့်ရှိမည်။ ဦးခေါင်းမှ ဆံပင်များကို ပြောင်နေအောင်ရိတ်ထားသည့်တိုင် ကြည်လင်ချောမောသောမျက်နှာက ပေါ်လွင်နေသည်။

"ကြွပါ ဆရာလေး၊ ကြွပါ"

တစ်ယောက်က လေးလေးစားစား ဖိတ်ခေါ်လိုက်သည်။ ဆရာလေးသည် စားပွဲရှေ့မှာရပ်သည်။

"ထိုင်ပါ၊ ဘာအကူအညီ ပေးရပါမလဲ"

ဟု နောက်တစ်ယောက်က မေးသည်။ ဆရာလေးသည် မတ်တတ်ရပ်လျက်ကပင်

"ဝတ္ထုငွေနည်းနည်းလောက် အလှူခံချင်လို့ပါ"

"ရပါတယ် ဆရာလေး၊ ဘယ်လောက် အလိုရှိပါသလဲ"

ဆရာလေးသည် စားပွဲပေါ်မှ အားကစားဂျာနယ်များကို တစ်ချက်ကြည့်လိုက်ပြီးမှ

"ရှစ်ဆယ့် ခုနစ်ကျပ်ပါ"

ခုချိန်မှာ တစ်ကျပ်တန်ကို ရှာဖို့လည်း မလွယ်တော့။ ထို့ကြောင့် တစ်ရာတန်စာစ်ရွက် ကပ်လှူလိုက်ပြီး

"တစ်ရာတန်ပဲ လက်ခံလိုက်ပါ ဆရာလေး"

ဆရာလေးက တစ်ရာတန်ကို နီးဗန်းလေးဖြင့် ခံယူလိုက်သည်။ ဗန်းထဲမှာ အဆင်သင့်ရှိနေသော စာအိတ်ကလေးတစ်အိတ်ကို ပြန်ကမ်းပေးသည်။

"ကိုယ်ရောစိတ်ပါ ရွှင်လန်းဖြာ ကျန်းမာကြပါစေ"

ဟု ဆုတောင်းပေးပြီးနောက် ကြွခြေရစ္စာ ပြန်ထွက်သွားသည်။ စာအိတ်ကိုဖွင့်ကြည့်လိုက်တော့ ပြန်အမ်းငွေ တစ်ဆယ့်သုံးကျပ်ကို တွေ့ကြရသည်။ အသစ်စက်စက် တစ်ဆယ်တန်တစ်ရွက်နှင့် တစ်ကျပ်တန် သုံးရွက်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးသည် ငွေရှစ်ဆယ့်ခုနစ်ကျပ်တိတိကိုသာ အလှူခံသွားခြင်းမှာ အကြောင်းမဲ့သက်သက် မဖြစ်နိုင်။ အဓိပ္ပာယ်တစ်ခုခုတော့ ရှိရမည်ဟု ဝေဒသမားတို့၏ ပင်ကိုယ်စိတ်ဖြင့် အလိုလိုသိလိုက်၏။

သူတို့သည် ဘာအဓိပ္ပာယ်လဲဟု အမျိုးမျိုးစဉ်းစားကြည့်ကြသည်။ အဖြေကိုမရ။ တစ်ယောက်က အားကစားဂျာနယ် အဖြူသားလွတ်နေရာပေါ်မှ ရှစ်ဆယ်ခုနစ်ကျပ်ဆိုသော စာသားကို ရေးပြီး စေ့စေ့စပ်စပ်ကြည့်သည်။ တွေးလို့မရ။ ဂဏန်းဖြင့် ရေးကြည့်ပြန်သည်။

၈၇/-။

"တစ်ခုခု ထူးခြားနေသလိုပဲ၊ ဟုတ်ပြီ"

၈၇/- ဟု ဂဏန်းနှင့်ရေးထားတာကို ရှစ်ဆယ့်ခုနစ်ကျပ်ဟု ဖတ်ရမည်ဖြစ်သည်။ သို့ရာတွင် ဂဏန်းတွေကို အက္ခရာစာလုံးတွေအဖြစ် သဘောထားပြီး ဖတ်ကြည့်မယ်ဆိုလျှင်တော့ အသံထွက်ပုံက

"ဂရိ"

သူတို့သည် အားကစားဂျာနယ်များကို လှန်ပြီးရှာဖွေကြည့်ကြသည်။ ယူရို ၂၀၀၄ ဘောလုံးပွဲ ဝင်နွှဲမည့် အသင်းတွေထဲမှာ ဂရိနိုင်ငံလည်း ပါဝင်နေကြောင်း တွေ့ရ၏။

သို့ရာတွင် ဂရိအသင်းသည် နာမည်ကြီးမဟုတ်။ ခြေစွမ်းကသာမန်မျှသာရှိ၏။ အုပ်စုအနေအထားအရလည်း အိမ်ဖြည့်သဘောလောက်သာ ဖြစ်သည်။ ဗိုလ်စွဲဖို့နေနေသာသာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ဖို့ အခြေအနေမှာတောင်မရှိ။ တစ်ခုသာ ပြောစရာရှိသည်။ သူတို့ အကြမ်းဖျင်း တွက်ချက်ခဲ့စဉ်က တနင်္လာနံနှင့်စသော အသင်းဗိုလ်စွဲမည်ဟု အဖြေထွက်ခဲ့သည်။ ဒီတစ်ချက်တော့ ကိုက်ညီမှုရှိနေ၏။

ဘာပဲဖြစ်ဖြစ် အသေးစိတ်တွက်ချက်ရမည်။ ဂရိနိုင်ငံ၏



လတ္တီတွဒ်၊ လောင်ဂျီတွဒ် တည်နေရာကိုရှာသည်။ ဘောလုံးပွဲကျင်းပချိန်တွင် ဖြစ်ပေါ်နေမည့် ဂြိုဟ်နက္ခတ်တို့၏ အနေအထားနှင့် တိုက်ကြည့်သည်။ ခရစ်ရှနားမူရတီး ယောကိန်းနှင့်ညှိသည်။ ဂဏန်းဗေဒင်နှင့် တွက်သည်။ တဲရောကတ်ကိုလည်း သုံးသည်။ အယူတော်မင်္ဂလာ၊ အတိတ်နိမိတ်ပါမကျန် ဘက်စုံထောင့်စုံက စစ်ဆေး တွက်ချက်ကြည့်သောအခါ အံ့ဩဖွယ်အဖြေတစ်ခု ထွက်လာသည်။

ယူရိုပွဲမှာ ဂရိနိုင်ငံအသင်း ဗိုလ်စွဲရမည်။

သူတို့သည် ကြီးမားသော စွန့်စားမှုတစ်ခုကို ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ အားကစားဂျာနယ်များ အပါအဝင် နာမည်ကြီးဂျာနယ်တွေထဲမှာ သူတို့၏လုပ်ငန်းကြော်ငြာကို ထည့်သွင်းလိုက်သည်။ ကြော်ငြာစာသားထဲမှာ ဂရိဗိုလ်စွဲရမည်ဆိုသော ယောကိန်းကိုပါ စာလုံးမည်းကြီးနှင့် ထည့်သွင်းဖော်ပြလိုက်၏။

တချို့က ရဲရင့်သော ယောကိန်းဟုဆိုသည်။ အများစုကတော့ ခပ်ကြောင်ကြောင် ဗေဒင်ဆရာတွေပဲဟု ရယ်သွမ်းသွေးကြသည်။ ဂျာနယ်တစ်စောင်က ဆိုလျှင်

"ခင်ဗျားတို့ ယောကိန်းကြောင့် ကျွန်တော်တို့ဂျာနယ်ပါ ထိခိုက်နေပါဦးမယ်"

ဟုဆိုပြီး ကြော်ငြာကိုတောင် လက်မခံဘဲ ငြင်းပယ်လိုက်၏။

ထိုကြော်ငြာပါပြီးနောက် သူတို့အလုပ်ခန်းကို ဗေဒင်လက္ခဏာမေးမည့်သူ တစ်ယောက်မှရောက်မလာတော့။ သူတို့အနေဖြင့် အဖြေကိုထိုင်စောင့်နေရုံသာ ရှိတော့သည်။ ယောကိန်းမမှန်လို့ကတော့ ဒီအလုပ် လုပ်စားလို့ရမှာ မဟုတ်တော့။

သို့ရာတွင် ဂရိအသင်းသည် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့သည်။ ထိပ်သီးတွေကို တစ်သင်းပြီးတစ်သင်း ဖြတ်

www.burmeseclassic.com



ချခဲ့ပြီး ဗိုလ်လုပွဲမှာလည်း အိမ်ရှင်ပေါ်တူဂီကိုအနိုင်ရပြီး ဥရောပ ချန်ပီယံဖလားကြီး ဆွတ်ခူးသွားသည်။

ထိုအခါမှစ၍ သူတို့၏လုပ်ငန်းမှာလည်း တစ်ရှိန်ထိုး နာမည်ကြီးသွားလေတော့သည်။ သူတို့ဆီမှာ ဗေဒင်လက္ခဏာမေးချင်သူများသည် တစ်ပတ်ခန့်ကြိုတင်ပြီး တိုကင်ယူရသည့် အခြေအနေမျိုးရောက်လာသည်။

ဒါတွင်မကသေး၊ သူတို့လုပ်ငန်းအောင်မြင်မှုကို အထွတ်အထိပ်ရောက်အောင် တွန်းပို့ပေးမည့် အခွင့်အရေးတစ်ခုသည်လည်း ထပ်မံပေါ်ပေါက်လာခဲ့ပြန်သည်။

◆

၂၀၀၄–၀၅ ဥရောပချန်ပီယံလိဂ် ဘောလုံးဗိုလ်လုပွဲပင် ဖြစ်လေ၏။ အီတလီမှ အေစီမီလန်နှင့် အင်္ဂလန်မှ လစ်ဗာပူးတို့ ယှဉ်ပြိုင်ကြရမည်။

ဝါအရရော၊ သမ္မာအရရော၊ ပညာအရရော၊ ဘောလုံးသမားလူစာရင်းအရပါ အေစီမီလန်က အဘက်ဘက်မှသာနေသည်။ သို့ရာတွင် သူတို့၏ တွက်ချက်မှုအရ လစ်ဗာပူး ဗိုလ်စွဲမည်ဟု ဟောကိန်းထုတ်လိုက်သည်။

တကယ်ကန်ကြတော့ အေစီမီလန်က တစ်ဂိုးစသွင်းသည်။ ဒီလောက်က ကိစ္စမရှိ။ အချိန်မရွေး ပြန်ချေနိုင်သည်။ မီလန်က တစ်ဂိုးထပ်သွင်းပြန်သည်။ နည်းနည်းတော့ ကိစ္စရှိလာပြီ။ ပထမပိုင်း မပြီးခင်မှာပင် နောက်တစ်ဂိုး ထပ်သွင်းပြန်သည်။ သုံးဂိုး ဂိုးမရှိ။

အခြေအနေက တော်တော်ဆိုးသွားပြီ။ မီလန်လိုအသင်းမျိုးကို သုံးဂိုးပြန်ချေဖို့ဆိုတာ မျှော်လင့်ချက်မရှိသလောက်ပင် ဖြစ်၏။



ကစားကွက်အရလည်း မီလန်က တစ်ချိန်လုံးအပေါ်စီးက စိတ်ကြိုက်မွှေနှောက် ကစားနေသည်။

ဒီတော့ သူတို့ဟောကိန်းကိုယုံပြီး လစ်ဗာပူးဘက်က ပုံအောသူတွေက ဖုန်းတာတီတီဆက်ပြီး အပြစ်တင် ကြိမ်းမောင်းကြသည်။ မီလန်ဘက်တော်သားတွေကလည်း လှမ်းရိကြသေးသည်။ အီးမေးလ်တွေလည်း အဆက်မပြတ်ဝင်လာသည်။

တစ်ခုခုတော့ လွဲချော်နေပြီ။ ထို့ကြောင့် ကွန်ပျူတာထဲက မီလန်–လစ်ဗာပူးပွဲ တွက်ချက်မှုဖိုင်ကို ချက်ချင်းပြန်ဖွင့်သည်။ အသေးစိတ်အချက်အလက်များကို အမြန်စစ်ဆေးကြည့်သည်။ အချက်တစ်ချက်ရှာတွေ့၏။

လစ်ဗာပူးအသင်းကို အထောက်အကူပြုနေသည့် ဂြိုဟ်တစ်လုံးသည် 'ရီထရို' အခြေအနေမှာ ရောက်နေခြင်းပင်ဖြစ်သည်။

ထိုသက်ရောက်မှုကြောင့် အခက်အခဲ အကျပ်အတည်းနှင့်ကြုံနေရခြင်းသာဖြစ်သည်။ သို့ရာတွင် ထိုအခြေအနေမှ လွတ်မြောက်ဖို့မှာ လောင်ဂျီတွဒ်အားဖြင့် ငါးဒီဂရီသာလိုတော့သည်။ မိနစ်နှစ်ဆယ်။

'ရီထရို'မှ လွတ်မြောက်ခါစတွင် ထူးခြားအံ့ဩဖွယ် အပြောင်းအလဲများ ဖြစ်တတ်သည်။ ထို့ကြောင့် ဒုတိယပိုင်းတွင် လစ်ဗာပူးသည် အထက်စီးကို ပြန်ရောက်ရပေလိမ့်မည်။

နောက်တစ်ချက်ကတော့ အေစီမီလန်အသင်းကို ဦးဆောင်ကစားနေသော မာလ်ဒီနီ၏ ကံဇာတာနှင့် ပတ်သက်သည်။ လက်ရှိအချိန်မှာ ဖြစ်ပေါ်နေသော သူ၏ကံကြမ္မာသည် ယူရို ၂၀၀၀ ပွဲတုန်းက အခြေအနေနှင့် တစ်ထပ်တည်းနီးပါး ဖြစ်နေသည်။

ယူရို ၂၀၀၀ တုန်းက ဗိုလ်လုပွဲမှာ သူက အီတလီအသင်းခေါင်းဆောင်။ ပြင်သစ်နှင့် ကန်ရသည်။ ပွဲပြီးခါနီးထိ အီတလီက

www.burmeseclassic.com

www.burmeseclassic.com



တစ်ဂိုးအသာနှင့် နိုင်နေသည်။ မိနစ်ပိုင်းလေး အလိုကျမှ ပြင်သစ်က ချေပဂိုးသွင်းသည်။ အချိန်ပိုမှာ တစ်ဂိုးထပ်သွင်းပြီး ပြင်သစ်နိုင်သွားသည်။ အီတလီရှုံးသည်။

အေစီမီလန်သည်လည်း အီတလီအခြေစိုက် အသင်းဖြစ်၏။ လစ်ဗာပူးမှာ အင်္ဂလန်မှဖြစ်သော်လည်း ပြင်သစ်နှင့် အင်္ဂလိပ် ရေလက်ကြားတစ်ခုသာခြားသော အိမ်နီးချင်းများဖြစ်၏။ လောင်ဂျီတွဒ်အားဖြင့် သိပ်မကွာလှ။

ထိုအချက်ကြောင့်လည်း လစ်ဗာပူးက မထင်မှတ်ဘဲ ပြန်နိုင်သွားလိမ့်မည်ဟု ကောက်ချက်ချနိုင်သည်။

နောက် ထူးခြားတိုက်ဆိုင်မှုတစ်ခုကတော့ နှစ်ဖက်ဂိုးသမားတို့၏ အမည်များပင်ဖြစ်သည်။ အေစီမီလန်ဂိုးသမား 'ဒီဒါ'။ လစ်ဗာပူးဂိုးသမား 'ဒူးဒက်'။ စနေနံဖြစ်သော 'ဒ' နှစ်လုံးထပ်တွေချည်းဖြစ်၏။

အေစီမီလန်အသင်းကို မီလန်ဟု ခေါ်ကြတာများသည်။ ကြာသပတေးနံဖြစ်၏။ စနေနှင့် ကြာသပတေး 'မဿ' ခတ်ကျနေသည်။ ရန်ဘက်ဖြစ်၏။ အသင်းခေါင်းဆောင် မာလ်ဒီနီသည်လည်း ကြာသပတေး၊ စနေ 'မဿ' ဖြစ်နေပြန်၏။

လစ်ဗာပူးက ဗုဒ္ဓဟူးနံ။ စနေနှင့် မိတ်ဖက်။ 'ဒန်းလှ' ခတ်ဖြစ်၏။ ပြီးတော့ ဒူးဒက်ကလည်း တစ်ခါတစ်ခါ ရူးကြောင်ကြောင်လုပ်တတ်တာယ်မဟုတ်လား။ ဒီတော့ ဒူးဒက်သည် အနိုင်အရှုံးကို အဆုံးအဖြတ်ပေးလိမ့်မည်။

သူတို့သည် ဘောလုံးပွဲကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြသော အားကစားဂျာနယ်တိုက်များဆီသို့ ချက်ချင်းဖုန်းဆက်ပြီး လစ်ဗာပူး နိုင်ကိုနိုင်ရမည်ဟု အကြောင်းကြားလိုက်သည်။ ကမ္ဘာအရပ်



ရပ်ရှိ သတင်းဌာနများဆီသို့လည်း သူတို့၏ ဟောကိန်းကို အီးမေးလ်နှင့် အမြန်ပို့လိုက်သည်။ လစ်ဗာပူး မန်နေဂျာ ဘင်နီတက်စ်ထံသို့ တိုက်ရိုက်ဖုန်းဆက်သေးသည်။ ဖုန်းမကိုင်ဘဲ မက်ဆေ့ချ်ပေးထားပါဆိုသဖြင့် အားမလျှော့ဖို့နှင့် နိုင်မှာကျိန်းသေကြောင်း အားပေးစကားပြောထားလိုက်သည်။

ဒုတိယပိုင်းပြန်စပြီး မကြာခင်မှာပင် လစ်ဗာပူးအသင်းက မိနစ်အနည်းငယ်အတွင်း သုံးဂိုးဆက်တိုက် ပြန်သွင်းလိုက်သည်။

သရေဖြစ်နေသဖြင့် အချိန်ပိုကန်ရသည်။ တစ်ဖက်ဖက်က ဂိုးထပ်မသွင်းနိုင်သဖြင့် ပင်နယ်တီငါးလုံးစီ ကန်ကြရသည်။

နောက်ဆုံး အဆုံးအဖြတ်ပေးမည့် ပင်နယ်တီကို ကန်မည့်သူမှာ မီလန်မှ ရှက်ဗ်ချင်ကို။ ဗုဒ္ဓဟူးနံ ဖြစ်နေပြန်၏။ ဖမ်းမယ့်ဂိုးသမားက ဒူးဒက်။ စနေနှင့် ဗုဒ္ဓဟူး မိတ်ဖက်ဖြစ်သဖြင့် ဘောလုံးသည် ဒူးဒက်ဆီ တည့်တည့်ရောက်သွားပြီး ကာကွယ်လိုက်နိုင်လေသည်။

သူတို့ဟောကိန်း ထုတ်ထားတဲ့အတိုင်း ကွက်တိပဲ။ လစ်ဗာပူးအသင်း ဗိုလ်စွဲပြီ။

သူတို့ကို ချီးကျူးဂုဏ်ပြုသော တယ်လီဖုန်းတွေ၊ အီးမေးလ်တွေ အဆက်မပြတ်ဝင်ရောက်လာသည်။ လစ်ဗာပူးအသင်း မန်နေဂျာဘင်နီတက်စ်ဦးဆောင်ပြီး အသင်းသားတွေအားလုံး စုပေါင်းလက်မှတ်ထိုးထားသော ကျေးဇူးတင်ကြောင်း သဝဏ်လွှာလည်း ရောက်ရှိလာသည်။ ကမ္ဘာကျော် သတင်းစာကြီးများဖြစ်ကြသော နယူးယောက်တိုင်း၊ အင်တာနေရှင်နယ် ဟာရယ်ထရီဗြွန်း၊ လေမွန်၊ အဆာဟိုင်ဘွန်း၊ ဘန်ကောက်ပို့စ်၊ စထရိတ်တိုင်း စသည်တို့ကလည်း သူတို့၏ ဟောကိန်းအကြောင်းကို တခမ်းတနားရေးရသည်။ တိုင်းမဂ္ဂဇင်းကြီးကတောင်မှ အထူးသတင်းထောက်တစ်ယောက် စေလွှတ်ပြီး အင်တာ

www.burmeseclassic.com

www.burmeseclassic.com



မျိုး လုပ်ခဲ့ရလေ၏။

သူတို့လုပ်ငန်းမှာလည်း တစ်ရှိန်ထိုး အောင်မြင်လာသည်။ သူတို့ဆီမှာ ဗေဒင်လက္ခဏာမေးဖို့ လပေါင်းများစွာကြာအောင် ကြိုတင်စာရင်းပေး စောင့်ဆိုင်းရတာမျိုး ဖြစ်လာ၏။ နိုင်ငံခြားက လှမ်းမေးတာမျိုးတွေတောင် ရှိလာသည်။ ထို့ကြောင့် လုပ်ငန်းကိုတိုးချဲ့ရသည်။ ဝန်ထမ်းတွေ ထပ်ခန့်ရသည်။ လုပ်ငန်းသည် တဖြည်းဖြည်း ပို၍ပို၍ ကြီးကျယ်လာသောအခါ အစုရှယ်ယာတွေခေါ်ပြီး ကုမ္ပဏီလီမိတက် တစ်ခု ဖွဲ့စည်းတည်ထောင်ရလေတော့သည်။

♦

သူတို့ကုမ္ပဏီ အဆောက်အအုံသည် ဆယ်ထပ်ရှိသည်။ ဂရနိုက်ကျောက်များဖြင့် တည်ဆောက်ထားသည်။ နဖူးစည်းတွင် ရွှေရောင် 'စဗေဝ' စာလုံးကြီးများ တပ်ဆင်ထားသည်။

အဆောက်အအုံကြီး၏ရှေ့တွင် ပန်းခြံရှိသည်။ ဘေးဘက် နှင့်နောက်ဘက်မှာတော့ ကားရိုက်ကာတ်ဆင်၊ အခမ်းအနားများပြုလုပ်ရာတွင် အဆင်သင့်ရနိုင်အောင် နေ့သင့်နံသင့် အပင်မျိုးစုံကို စိုက်ပျိုးထားသည်။ တချို့အပင်ငယ်များကို မှန်လုံအိမ်များထဲတွင် လိုအပ်သောအလင်းရောင်၊ အပူချိန်၊ ရေတို့ကိုပေးပြီး စိုက်ပျိုးထားသည်။ စိုက်ပျိုးဖို့မလွယ်သော ရှားပါးအပင်တွေကိုတော့ လတ်လတ်ဆတ်ဆတ်ရအောင် ပဥ္စငါးပါးစလုံးကို ဖရီဇာရေခဲခန်းထဲတွင် သိမ်းဆည်းထားသည်။ ထိပ်ဆုံး ခေါင်းမိုးမျက်နှာပြင် ကွက်လပ်တွင် နက္ခတ်တာရာကြည့် မှန်ပြောင်းကြီးများရှိသည်။

အဆောက်အအုံကြီး၏ အောက်ဆုံးထပ်တွင် ဧည့်ကြိုဌာန၊ စုံစမ်းရေးဌာန၊ ကြိုတင်ချိန်းဆိုမှု ဌာနများရှိ၏။ တစ်ဖက်ခြမ်းရှိ ခန်းမ



ကျယ်ကြီးထဲမှာတော့ အီးဗေဒင်၊ အီးလက္ခဏာဟောပေးသော စက်များ ရှိလေသည်။ ဘဏ်တွေမှာထားသော အေတီအမ်ခေါ် အလိုအလျောက် ငွေထုတ်စက်လိုပုံစံမျိုးဖြစ်၏။

ကောင်တာမှ ဝယ်ယူခဲ့သော ကတ်ပြားကို စက်ထဲထိုးထည့်ပြီး ကိုယ့်ရဲ့ မွေးနှစ်၊ မွေးလ၊ မွေးရက်၊ မွေးနေ့နှင့် အချိန်တို့ကိုပါ မော်နီတာစကရင်မှာ ပေါ်နေသော ပုံစံကွက်လပ်ထဲ ရိုက်ထည့်ပေးရသည်။ ထို့နောက် 'ပရင့်'ခလုတ်ကို နှိပ်လိုက်လျှင် စက်ထဲမှ တစ်လစာ ဟောစာတမ်းစာရွက်ကလေး ထွက်လာသည်။ ဒါက အီးဗေဒင်။

အီးလက္ခဏာကတော့ စက်မျက်နှာပြင်ပေါ်မှာ အရာပေးထားတဲ့အတိုင်း လက်ဖဝါးနှစ်ဖက်ကို တင်ရသည်။ စက်က စကင်နာဖြင့် ဖတ်ယူလိုက်သည်။ လက္ခဏာဆော့ဖ်ဝဲက အရေးအကြောင်းများကို တိုက်ဆိုင်တွက်ချက်သည်။ ထို့နောက် ဟောကိန်းများကို လက်ဝါးပြင်ပုံစံနှင့်အတူ စာရွက်ပေါ်ရိုက်နှိပ်ပြီး ထုတ်ပေးလိုက်သည်။ လက်ဖဝါးပုံစံပေါ်ရှိ ထူးခြားသော အမှတ်အသားများကို အမှတ်စဉ်ထိုး၍ ညွှန်ပြထားသည်။ ဘယ်အမှတ်အသားကြောင့် ဘာဖြစ်ကြောင်း ရှင်းပြထားသည်။

ထိုဟောကိန်းများမှာ ယေဘုယျသဘောသာဖြစ်၏။ ဆရာကိုယ်တိုင်ဟောတာလောက်တော့ ပြည့်စုံမှန်ကန်မှုမရှိ။ သို့ရာတွင် ဈေးနှုန်းအလွန်သက်သာသည်။ အချိန်ကုန်ခံပြီး စောင့်နေစရာမလိုဘဲ ချက်ချင်းသိနိုင်သည်။ ထို့ကြောင့် လူကြိုက်များသည်။ ငွေကြေး သိပ်မတတ်နိုင်သူများ အသုံးပြုကြသည်။ တချို့ကလည်း အပျော်သဘော ဈေး ကြသည်။ ထိုစက်ကလေးများကို လူစည်ကားရာ နေရာတိုင်းမှာ ထားပေးရသည်။ စက်ထဲထည့်သွင်းရသော ကတ်ပြားလေးများကို တယ်လီဖုန်းကတ်လိုပင် နေရာတကာမှာ အလွယ်တကူ ဝယ်လို့ရနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် လက္ခဏာဖတ်စက်ရှေ့တွင် ရပ်နေသည်။ လက်ဖဝါးများကို ပုံစံပေါ်တင်ထားသည်။ ထို့နောက် ခလုတ်ကိုနှိပ်လိုက်ပြီး စိတ်စောနေဟန်ဖြင့် စောင့်ကြည့်နေသည်။

ထိုသူ၏ ရပ်ရည်ဟန်ပန်နှင့် ဝတ်စားပုံကိုကြည့်လျှင် လက်လုပ်လက်စား တစ်ယောက်ဖြစ်ကြောင်း သိသာ၏။

စက်ထဲမှ သာယာသော ဂီတသံ ခပ်တိုးတိုးထွက်လာသည်။ နှစ်မိနစ်ခန့်ကြာသောအခါ စာရွက်တစ်ရွက် ထွက်လာသည်။ ထိုသူသည် စာရွက်ကိုဆွဲယူပြီး စိတ်ဝင်စားစွာ ဖတ်ကြည့်သည်။

၁။ ယခုရက်အတွင်း၌ သင့်အဖို့ အမြင့်သို့တက်လှမ်းနေသော ကာလဖြစ်၏။

(မှန်လိုက်လေ။ ။ သူသည် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ အလုပ်လုပ်နေခြင်းဖြစ်၏။ မနေ့ကပင် ဆောက်လက်စတိုက်၏ ခေါင်မိုးပေါ်တက်ပြီး လုပ်ခဲ့ရသေးသည်။)

၂။ *ယာဘက် လက်ဝါးပြင်ပေါ်တွင် သန်လျက်ပုံ ပါသောကြောင့် အကြီးအမှူး၊ ခေါင်းဆောင် ဖြစ်နိုင်သည်။*

သူအလွန် ဝမ်းသာသွားသည်။ ထိုဟောကိန်းကလည်း မှန်ဖို့တော်တော်နီးစပ်သည်။ ဆိုက်ထဲက တာဝန်ခံအင်ဂျင်နီယာက သူ့ကို တော်တော်သဘောကျနေသည်။ သူကလည်း မျှော်လင့်ထားသည်။ ဒီအတိုင်းဆို မကြာခင်မှာ အဆင့်ပြေတော့မည်။ လက္ခဏာပေါ်မှာ သန်လျက်ပုံပါတယ် ဆိုကတည်းက ပန်းရန်အဖွဲ့ခေါင်းဆောင်ဖြစ်ဖို့ အလားအလာကောင်းနေပြီ မဟုတ်လား။

◆

တချို့ကိစ္စတွေက ရက်ချိန်းယူပြီး အကြာကြီးစောင့်ဆိုင်းနေ



လို့ ရတာမဟုတ်။ ရုတ်တရက်ဖြစ်ပေါ်လာသော ပြဿနာတွေ ရှိတတ်၏။ ကျန်းမာရေး ဆိုးရွားလာတာ၊ ဆေးရုံတက်ပြီး ခွဲစိတ်ကုသခံရတာ၊ လင်ပျောက်၊ သားပျောက်ကိစ္စ၊ အမှုအခင်းဖြစ်လို့ အချုပ်အနှောင်ခံရသောကိစ္စ၊ ဒါတွေအတွက် ချက်ချင်းအရေးယူ ဆောင်ရွက်ပေးနိုင်အောင် အရေးပေါ်ဌာနကို ဖွင့်လှစ်ပေးထားသည်။ အမြန်ကြေးတော့ ပေးရသည်။

လူတစ်ယောက်သည် အရေးပေါ်ဌာန တာဝန်မှူး၏စားပွဲရှေ့မှာ ထိုင်နေသည်။ ထိုသူသည် အဝတ်အစားကို တတ်နိုင်သမျှ သပ်ရပ်အောင် ဝတ်ဆင်ထားသော်လည်း နေလောင်ပြီး ညိုမည်းကြမ်းတမ်းသော အသားအရေကြောင့် အလုပ်ကြမ်းသမား တစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေသည်။

"ဘာအကူအညီ ပေးရမလဲခင်ဗျာ"

တာဝန်မှူးက မေးသည်။

"ကျွန်တော်... ကျွန်တော် ယတြာချေချင်လို့၊ အဲ မဟုတ်ဘူး။ ယတြာကို ယတြာပြန်ချေချင်လို့"

ထိုသူက ကပေါက်ကချာပြောသည်။

"သိပ် မရှင်းဘူးခင်ဗျ။ သေသေချာချာ ပြောပြပါဦး"

"ဟိုဒင်းလေ၊ ယတြာချေထားတာကို ပြန်ဖျက်ချင်လို့"

"ဗျာ... ဘယ်လို"

တာဝန်မှူးက ဒါမျိုး တစ်ခါမှမကြုံဖူးသဖြင့် ကြောင်တောင်တောင်ဖြစ်သွားပြီးမှ

"ယတြာက အဆင်မပြေလို့လားခင်ဗျ"

"မဟုတ်ဘူး ဆရာရဲ့၊ အဆင်ပြေလွန်းအားကြီးနေလို့"

"ဒါနဲ့များ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဆရာ၊ လွန်ခဲ့တဲ့ တစ်လလောက်က ဆရာတို့ဆီကို ကျွန်တော့်မိန်းမလာပြီး ယတြာချေသွားတယ်လေ"

"ကျွန်တော်တို့ဆီမှာ ကပ်စတန်မာတွေကများတော့ မှတ်မိဖို့ မလွယ်ဘူး။ နာမည် ပြောပြရင်တော့..."

"ကျွန်တော့်မိန်းမနာမည်က မနော်တဲ့။ ကြောင်နှစ်ကောင် ဆေးလိပ်ခုံမှာ အလုပ်လုပ်ပါတယ်"

"သြော်... ဟုတ်ပြီ၊ ပြီးရင် ကွန်ပျူတာမှတ်တမ်းထဲမှာ ပြန်ရှာပြီး စစ်ဆေးပေးမယ်။ ခုတော့ ကိစ္စကိုဆက်ပြောပါဦး"

"ကျွန်တော့်အလုပ်အကိုင်က သိပ်အဆင်မပြေလို့ ယတြာလာတောင်းခဲ့တာပါ။ ယတြာလည်းချေပြီးရော အလုပ်က အရမ်းကောင်းလာတယ်။ ဒါပေမဲ့ ဆရာပဲစဉ်းစားကြည့်ပါဦး။ ကျွန်တော်က ဆိုက်ကားနင်းတာလေ။ အလုပ်အဆင်ပြေလေ ပိုနင်းရလေပေါ့"

"အဲဒီတော့ ဝင်ငွေပိုရတာပဲ မဟုတ်လား"

"ဒါပေမဲ့ တစ်ချိန်လုံး နင်းနေရတော့ သေရောပေါ့။ တစ်နေကုန် လုံးဝမနားရဘူး။ ကြွက်တက်တာလည်း ခဏခဏပဲ။ ညဘက် အိမ်ပြန်ရောက်ရင် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီ။ ဒါတောင် ညကြီးအချိန်မတော် လာနိုးပြီး မွေးခါနီးဗိုက်ကြီးသည် ဆေးရုံလိုက်ပို့ခိုင်းတာမျိုးက ရှိသေးတယ်။ ကြာရင် လူလည်းပင်ပန်းတာနဲ့ သေလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်မိန်းမလုပ်သွားတဲ့ ယတြာကို ပျက်သွားအောင် ပြန်လုပ်ပေးပါဆရာရယ်၊ ကျသလောက် ပေးပါ့မယ်"

တာဝန်မှူးမှာ ခေါင်းကုတ်နေလေ၏။

♦

သူတို့ကုမ္ပဏီတွင် နှစ်စဉ်ကြေးပေးပြီး အသင်းဝင်ထားလို့ရ



သည်။ အသင်းဝင်များအနေဖြင့် တစ်နှစ်တစ်ကြိမ် အထွေထွေဟောစာတမ်းများ အခမဲ့ရရှိကြသည်။ လာမေးလျှင်လည်း နှစ်ဆယ်ရာနိုင်နှုန်း ဒစ်စကောင့်ရသည် ကုမ္ပဏီမှဖွင့်သော သင်တန်းများကိုလည်း တက်ရောက်ခွင့်ရှိသည်။

သူတို့ကုမ္ပဏီက အစီအစဉ်သစ်တစ်ခုကိုလည်း တီထွင်ထားသေးသည်။ လူတွေအတွက်သာမက အိမ်မွေးတိရစ္ဆာန်လေးများအတွက်ပါ ဟောစာတမ်းများ၊ ယတြာများ ပြုလုပ်ပေးခြင်းဖြစ်၏။ မွေးနေ့ မွေးရက် မသိနိုင်သော တိရစ္ဆာန်လေးများဆိုလျှင်လည်း အမွေးအတောင်၊ အသွေးအရောင်ကိုကြည့်ပြီး အင်္ဂဝိဇ္ဇာနည်း၊ ကြန်အင်လက္ခဏာကြည့်နည်းများဖြင့် ဟောပြောပေးသည်။ ကြောင်ကလေးများအတွက် ရောင်စုံလည်ပတ်ဖဲပြားများ၊ ခွေးများအတွက် ငွေခြူကလေးများ၊ ကြက်တူရွေးများအတွက် ခြေမန်းကွင်းကလေးများ စသည်ဖြင့် ယတြာချေပေးသော ပစ္စည်းများလည်းရှိ၏။

ထိုအစီအစဉ်မှာ အလွန်အောင်မြင်ပြီး ကုမ္ပဏီအတွက် ဝင်ငွေအမြောက်အမြား တိုးတက်လာစေခဲ့သည်။

တချို့ကိစ္စတွေကတော့ ဆရာများအနေဖြင့် လူကိုယ်တိုင်သွားရောက် ဆောင်ရွက်ပေးရတာမျိုးရှိသည်။ တိုက်ဆောက်မည့်နေရာတွင် မြေသန့်မင်္ဂလာ ပြုလုပ်ပေးရခြင်း၊ လမ်းဦးတိုက်ဖြစ်နေသောအိမ်များ၊ နှိပ်ကျနေသောအိမ်များကိုစွ ဖြေရှင်းပေးရခြင်း၊ သြောင်ပင်စသော သစ်ပင်ကြီးများ ခုတ်လှဲရာမှာ အစီအရင်များ လုပ်ပေးရခြင်းတို့ဖြစ်သည်။ ဒီလိုအခါမျိုးမှာတော့ ဒိုးတူဒိုးစံနှစ်ဖြင့် ဝန်ဆောင်မှုပေးရလေသည်။ ဝန်ဆောင်ခကိုလည်း နှင့်နေအောင် ပေးရတတ်သည်။

♦

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အများဆုံး လူအစည်ကားဆုံးကတော့ ယတြာဌာနပင်ဖြစ်၏။ လိုအပ်သမျှ အားလုံးပြည့်စုံအောင် အဆင်သင့်စုဆောင်းပြင်ဆင်ထားရ၏။ ယတြာပစ္စည်းဆိုတာကလည်း အမျိုးအစားပေါင်းစုံလင်လှသည်။

အပင်မျိုးစုံတို့၏ အသီး၊ အရွက်၊ အခေါက်၊ အပွင့်၊ အမြစ်များ၊ ဆင်းတုတော်၊ ရှင်သီဝလိရုပ်တု၊ သူရဿတီစသည်တို့ ထုလုပ်ရန်အတွက် နံ့သာဖြူ၊ ကရမက်၊ သစ်ကနက်၊ ရှားနစ်၊ ကျွန်း၊ ပိတောက်စသော သစ်သားများ၊ ဒက္ခိဏာသာခါ သစ်ကိုင်းများ၊ ရွှေ၊ ငွေ၊ ကြေး၊ ခဲစသော သတ္တုများ၊ ဆင်စွယ်၊ ဝက်စွယ်၊ ကျားရိုး၊ ဖြူဆူး၊ လိပ်ခွံစသော တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ဥဿဖယား၊ အညှံ့ပန်း၊ ပယင်း၊ ကြောင်၊ ဂေါမုတ်စသော တွင်းထွက်များ၊ ခြမြေ၊ နကျယ်အိမ်၊ ပင့်ကူခြောက်စသော ရှာရခက်သည့်ပစ္စည်းများ။

အင်းချပ်များပြုလုပ်သော အလုပ်ရုံလည်းရှိ၏။ အင်းချပ်များမှာ အမျိုးအစား ထောင်နှင့်ချီရှိသဖြင့် ကွန်ပျူတာထိန်းချုပ်သော စက်များနှင့် ရေးထွင်းရသည်။

လူတစ်ယောက်သည် ဟောပြောခန်းမှ ဆရာရေးပေးလိုက်သော စာရွက်ကလေးကိုကိုင်ပြီး ဝင်လာသည်။ ကောင်တာရှေ့မှာရပ်ပြီး စာရွက်ကိုကမ်းပေးလိုက်၏။ ဝန်ထမ်း အမျိုးသမီးလေးက ဖြတ်ပိုင်းပေါ်မှာ တစ်စုံတစ်ခုရေးပြီး ပြန်ပေးသည်။

"ငွေသွားသွင်းလိုက်ပါရှင်၊ ပြီးရင် ဒီကိုပဲ ပြန်လာခဲ့ပါ"

ထိုသူက ဖြတ်ပိုင်းကိုယူပြီး ငွေသွင်းကောင်တာဆီ လျှောက်သွားသည်။ ဝန်ထမ်းအမျိုးသမီးလေးက လှမ်းပြီးအကဲခတ်သည်။ ထိုသူမှာ အသက်ငါးဆယ် ဝန်းကျင်ခန့်ရှိမည်။ ထိပ်ပြောင်စပြုပြီ။ တိုက်ပုံ



အင်္ကျီနှင့် ချည်ချောပလေကပ် လုံချည်တို့ကို သပ်ရပ်စွာဝတ်ဆင်ထားသည်။ အရာရှိတစ်ယောက် ဖြစ်ပုံရသည်။

သူ့အတွက် ပြုလုပ်ပေးရမည့် ယတြာကတော့ 'ဝါးရွက်'ပေါ်မှာ အင်းချပေးရမည်ဖြစ်သည်။ အင်းကွက်ကို ပရင်တာနှင့် ရိုက်ထုတ်ပေးမည်ဖြစ်သောကြောင့် မိနစ်ပိုင်းလောက်သာ ကြာမည်။

နောက်တစ်ယောက်ကတော့ စိန်ရွှေလက်ဝတ်ရတနာတွေ ပြီးပြိုးပြက်ပြက် ဆင်မြန်းထားသော မိန်းမကြီးတစ်ယောက်ဖြစ်၏။ သူက လုပ်ငန်းကိစ္စအတွက် လူကြီးတစ်ယောက်နှင့် သွားတွေ့ရာတွင် အဆင်ပြေချောမွေ့စေရန် အစီအရင်များ လာလုပ်ခြင်းဖြစ်၏။

သူ့အတွက် ယတြာကတော့ မင်းဂွတ်သီးဖြစ်လေသည်။ "မင်းဆိုသော မြန်မာစကားလုံးနှင့် အင်္ဂလိပ်စကားလုံး (good-ဂွဒ်) ဆိုသော မာတ်တို့ကို ပေါင်းစပ်ထားခြင်း"ဟု ဆိုသည်။

◆

ကုမ္ပဏီသို့ ဗေဒင်လက္ခဏာ လာမေးသူများထဲတွင် လူငယ်တွေလည်းပါသည်။ မိန်းကလေးအများစုက တကယ်ယုံကြည်လို့ လာကြခြင်းဖြစ်၏။ ယောကျ်ားလေးတွေထဲမှာတော့ ယုံလို့လာသူတွေရှိသလို အပျော်သဘောလည်းပါသည်။ တချို့ကတော့ သူတို့ကောင်မလေးတွေရဲ့ ဆန္ဒကို မလွန်ဆန်နိုင်လို့ လိုက်ပို့ရခြင်းဖြစ်၏။

ဘာပဲဖြစ်ဖြစ် လူငယ်တွေအတွက် ခေတ်မီသော အဆောင်ယတြာများလည်း စီစဉ်ပေးထားရသည်။

"ချစ်သူနှင့်သွားတွေ့လျှင် ဂျင်းဘောင်းဘီအိတ်ထဲတွင် ကျင်းတက်တစ်တက် ထည့်သွားပါ"

"အဆင်မပြေမှုများ ပပျောက်သွားစေရန် ကွန်ပျူတာ ကီး

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်မှ 'ဒလိ'ခလုတ်ကို ငါးချက် အသက်အောင့်ပြီး နှိပ်လိုက်ပါ"

"စနေနေ့နံနက် ခုနစ်နာရီတိတိမှာ နေဗီယာနှင့်မျက်နှာသစ်ပြီး 'ဟုတ်လည်းဟုတ်တယ်၊ မဟုတ်လည်းမဟုတ်ဘူး'ဟု ခုနစ်ကြိမ်တိတိ ရွတ်ဆိုပါ"

"ခါတ်တူနံတူဖြစ်စေရန်အတွက် ဂျော်ဒန်းနီး အဝတ်အစားများဝတ်ပြီး ဂျေဒိုးနတ်မှာသွားထိုင်ပါ"

စသည်ဖြင့် မော်ဒန်ဖြစ်အောင် ပြုလုပ်ပေးသည်။

◆

ဗေဒင်လက္ခဏာ မေးရာမှာ အတွေ့တွေကိစ္စဆိုလျှင် အဆင်သင့်သလို မေးနိုင်သည်။ တချို့ကတော့ ဆရာစွဲရှိသည်။ ဘယ်ဆရာနဲ့မှ မေးချင်ပါတယ်ဆိုလျှင် ကြိုတင်ရက်ချိန်းယူမှရသည်။

ဆရာတွေထဲမှာလည်း ကျွမ်းကျင်ပိုင်နိုင်သော ကဏ္ဍတွေရှိ၏။ စီးပွားရေးစပါယ်ရှယ်လစ်၊ နာမည်မှည့် အခါတော်ပေး စပါယ်ရှယ်လစ်၊ ရာထူးရာခံကိစ္စ စပါယ်ရှယ်လစ်၊ ပစ္စည်းပျောက် လူပျောက် စပါယ်ရှယ်လစ် စသည်ဖြင့် သူ့လိုင်းနှင့်သူ နာမည်ကြီးကြသည်။ ထိုဆရာကြီးတွေထဲမှာ အထူးမေးမြန်းလိုလျှင်တော့ ရက်အတော်ကြာအောင် စောင့်ဆိုင်းရပြီး ဟောပြောခလည်း အများအပြားပေးရသည်။ နိုင်ငံခြားသားတွေဆိုလျှင် 'အက်ဖ်အီးစီ' ပေးရ၏။

အိမ်ထောင်ရေး စပါယ်ရှယ်လစ် ဆရာကြီးတစ်ယောက်ဝ... တွင် အမျိုးသမီးကြီးတစ်ဦး ထိုင်နေသည်။ အသက်ငါးဆယ် ဝန်းကျင်ခန့် ရှိလိမ့်မည်။ ပူပန်သောက၊ ဒေါသနှင့် မခံချိမခံသာဖြစ်မှုများ ရောထွေးနေသော ဟန်ပန်အမူအရာက သိသာထင်ရှားနေသည်။ တစ်နည်းအားဖြင့် 'စန်းပျက်'နေသည်။ အတွေ့အကြုံအရ ဒါမျိုးတွေ့ဖူး



ပေါင်း များပြီဖြစ်သဖြင့်

"ကဲ... ဆိုစမ်းပါဦး။ အိမ်ကလူ ဘာပြဿနာရှာလို့လဲ"

အမျိုးသမီးကြီးမှာ အံ့သြသွားပြီး

"ဟင်... ဆရာက ကြိုတောင်သိနေပြီကိုး။ ဒါကြောင့်လည်း အားကိုးတကြီး လာခဲ့တာပါ"

"ဘာဖြစ်တာလဲ၊ အိမ်ပြန်မလာလို့လား"

"ရှင်၊ ဟုတ်လိုက်လေ ဆရာရယ်။ သူအိမ်ကထွက်သွားတာ ငါးရက်ရှိပြီ"

"ကတောက်ကဆတ် ဖြစ်ပြီးတော့ပေါ့ ဟုတ်လား"

"သူကသာ တစ်ဖက်သတ် အပြစ်ရှာနေတာပါ"

"သူ ဘယ်မှာရှိနေတယ်ဆိုတာ အစ်မကြီး သိနေတယ်ထင်တယ်"

"ဘယ်မှာ ရှိရမလဲ၊ ဟိုကောင်မ အိမ်မှာပဲပေါ့။ ကန်တော့ ဆရာ ကန်တော့၊ ကျွန်မ မခံချင်လွန်းလို့ စကားပြောရိုင်းသွားတာပါ"

"ရပါတယ်။ အစ်မကြီး ခံစားနေရတာကို ကျွန်တော် ကိုယ်ချင်းစာနိုင်ပါတယ်"

"အဲဒါ သူအိမ်ကို ပြန်လာအောင် ကူညီဆောင်ရွက်ပေးပါ ဆရာရယ်၊ ကျေးဇူး မမေ့ပါဘူး။ ဟောဒီမှာ သူ့ရဲ့ဇာတာလည်း ပါလာပါတယ်"

ဆရာက ဇာတာကိုယူကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်ရင်းက

"အင်း... စွံတော့ အတော်စွံတဲ့ပုဂ္ဂိုလ်ပဲ။ ဗီးနပ်စ်ရဲ့အလယောက် အပံ့ကလည်း အားကောင်းပေသကိုး"

ထို့နောက် ကွန်ပျူတာကိုနှိပ်ပြီး အသေးစိတ်စစ်ဆေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ အမျိုးသမီးကြီးမှာ စိတ်စောနေလျက် စောင့်ဆိုင်းနေ၏။ ဆရာက ခေါင်းတစ်ချက်ဆတ်ပြီး

"ဟုတ်ပြီ ဘာမှမပူနဲ့၊ တစ်ပတ်အတွင်း အိမ်ပြန်ရောက်စေရမယ်။ ကျွန်တော် ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးလိုက်မယ်"

မှုရားကြီးရွက်ပေါ်မှာ 'က၊ ဃ၊ ဏ၊ ဋ္ဌ' အက္ခရာများဖြင့် အင်းကွက်ဆင်ပေးလိုက်ခြင်းဖြစ်၏။ ထိုအရွက်ကို ယောကျ်ားဖြစ်သူ၏ ခေါင်းအုံးအောက်မှာ ထားရမည်။

မှုရားကြီးရွက်ကို 'မယားကြီးရွက်' လို့ အသံထွက်ခေါ်ကြ တယ် မဟုတ်လား။

◆

ကုမ္ပဏီ လုပ်ငန်းခွဲတစ်ခုကတော့ နက္ခတ်၊ ဗေဒင်၊ လက္ခဏာ သင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်၏။ ထိုသင်တန်းများသည် အမြဲလိုလို လူပြည့်နေလေ့ရှိ၏။ အပတ်စဉ် နှစ်ခုသုံးခုလောက် ကြိုပြီးစာရင်း သွင်းထားကြရသည်။ ကွန်ပျူတာများ၊ ဆလိုက်များ၊ ပရိုဂျက်တာ များဖြင့် အဆင့်မြင့်မြင့် သင်ကြားပေးသည်။ ထူးချွန်သူများကို ကုမ္ပဏီမှာ အလုပ်ပြန်ခန့်သည်။ တချို့လည်း သင်တန်းနည်းပြများဖြစ် လာကြ၏။

သင်တန်းခန်းမထဲတွင် လူတွေပြည့်နေသည်။ ဒီနေ့ပို့ချမည့် သင်ခန်းစာက 'ဓာတ်တူနံတူ' နှင့် 'ကဏ္ဍင်းဓာတ်' အကြောင်းဖြစ်၏။

"ဓာတ်တူနံတူဆိုတာက နာမည်တစ်ခု၊ ဝေါဟာရတစ်ခုမှာပါ တဲ့ စကားလုံးတစ်လုံးချင်းရဲ့ နေ့နံနဲ့ ထပ်တူထပ်မျှတူတဲ့အရာကို ဆို လိုတာပဲ။ ဥပမာ– ရုပ်ရှင်မင်းသား လွင်မိုးဆိုပါတော့။ အက္ခရာအား ဖြင့် လ၊ မ၊ နေ့နံအားဖြင့် ဗုဒ္ဓဟူး၊ ကြာသပတေး၊ ဒီတော့ သူနဲ့ဓာတ်



တူ နံတူပုစ္ဆာ ဘာရှိမလဲ၊ စဉ်းစားကြစမ်း"

ခဏလောက် တိတ်ဆိတ်နေပြီးမှ အသံတသံထွက်လာသည်။

"လင်းမြွေ"

"အင်း... ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ သက်စေ့ယတြာ မျိုး လုပ်ရမယ်ဆိုရင် လင်းမြွေတွေအများကြီး ဘယ်ကသွားရှာမလဲ။ ရှာလို့အဆင်ပြေတဲ့ ပစ္စည်းဆိုရင် ပိုကောင်းတာပေါ့။ ဘာရှိသလဲ။ လိမ္မော် ဟုတ်လား။ ဒါကြောင့် လွင်မိုးရဲ့ ဓာတ်တူနံတူပစ္စည်းဟာ လိမ္မော်သီးပဲ"

ဆရာမှာ သင်တန်းသားများကို တစ်ချက်အကဲခတ်လိုက်ပြီးမှ

"ကဲ... နောက်တစ်ခု စဉ်းစားကြည့်ရအောင်၊ စာရေးဆရာ မင်းလူ ဆိုပါတော့။ ဓာတ်တူ နံတူက ဘာဖြစ်မလဲ"

သင်တန်းသား သင်တန်းသူများသည် တစ်ယောက်နှင့်တစ် ယောက် တီးတိုးတိုင်ပင်ကြည့်နေကြသည်။

"ကြာသပတေးနဲ့ ဗုဒ္ဓဟူးနံလေကွယ်"

ခဏကြာမှ တစ်ယောက်ကဖြေသည်။

"ဘီယာ"

နောက်တစ်ယောက် ပြောပြန်သည်။

"ပုလင်း"

ရယ်သံများ ထွက်ပေါ်လာသည်။ ဆရာတောင်မှ ပြုံးစေ့စေ့ ဖြစ်သွားပြီး

"အင်းပေါ့လေ၊ စာရေးဆရာဆိုတော့လည်း ဒါတွေနဲ့ ဘယ် ကင်းပါ့မလဲ"

ထို့နောက် ဓာတ်တူ နံတူနည်းနှင့် ယတြာချေ၍ ကျိန်းကျေ အောင် ပြုလုပ်ပုံ၊ ဓာတ်ရိုက်ဓာတ်ဆင်ပုံတို့ကို အသေးစိတ်ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ကောလင်းပါဝဲမှာ သူ၏ ဓာတ်တူနံ့တူဖြစ်သော ကိုလံဘီယာလွှန်းပျံယာဉ် ပျက်ကျသွားသောကြောင့် ကျိန်းကျေခဲ့ရဖူးကြောင်းကိုလည်း စိတ်ဝင်စားဖွယ် ပြောပြသည်။

နောက်သင်ခန်းစာ တစ်ခုကတော့ "ကက္ကင်းဓာတ်"အကြောင်း ပင်ဖြစ်သည်။ ကက္ကင်းကတော့ ပြောင်းပြန်ယူရသည်။ ဗုဒ္ဓဟူးနှင့် စနေဆိုလျှင် စနေနှင့် ဗုဒ္ဓဟူး ပြန်ယူရခြင်းဖြစ်၏။

ဥပမာ–မော်တော်ကားဆိုလျှင် ကြာသပတေး+စနေ+တနင်္လာ ဖြစ်၏။ ထို့ကြောင့် တနင်္လာ၊ စနေ၊ ကြာသပတေးယူရမည်။ မော်တော်ကား၏ ကက္ကင်းသည် 'ဂန္ဓမာ'ဖြစ်၏။ မိမိ၏ မော်တော်ကား အန္တရာယ်ကင်းရန်၊ တက္ကစီဆိုလျှင်လည်း ဆွဲကောင်းရန် ဂန္ဓမာပန်းကို ကားမှာချည်ထားရသည်။

လူနာမည်ဆိုလျှင်လည်း ထိုအတိုင်းပင်ဖြစ်၏။ ဥပမာ သန်းမြင့်အောင်၏ ကက္ကင်းသည် အမဲသားဖြစ်၏။ နုနုရည်ဆိုလျှင် ရှမ်းနံနံ၊ ခင်ပန်နှင်းကျတော့ နှမ်းဖတ်ချဉ်၊ ခင်မြဇင်အတွက် ကက္ကင်း အဆောင်ကတော့ ဆိတ်မျက်ချေးဖြစ်လေ၏။

"ကက္ကင်းဓာတ်က တကယ်မိပြီဆိုရင် သိပ်အစွမ်းထက်တယ်။ တော်ရုံတန်ရုံနဲ့ ချေဖျက်ဖို့မလွယ်ဘူး။ ဥပမာပြောရရင် ဟိုတစ်ချိန်က အာဖဂန်နစ္စတန်မှာ အုပ်စိုးခဲ့တဲ့ တာလီဘန်တွေကိုကြည့်၊ သူတို့ရဲ့ မဟာမိတ်က ဘယ်သူလဲ၊ ဘင်လာဒင် မဟုတ်လား၊ တာလီဘန်နဲ့ ဘင်လာဒင်ဟာ ကက္ကင်းဓာတ်ပဲ။ ဒါကြောင့်လည်း အင်အားကြီးလှပါတယ်ဆိုတဲ့ အမေရိကန်တွေကိုတောင် ကောင်းကောင်းဒုက္ခပေးနိုင်တာပေါ့"

ခုလို ရှာရှာဖွေဖွေ အချက်အလက်များနှင့် သင်ကြားပေးနိုင်



သောကြောင့်လည်း ထိုသင်တန်းများ နာမည်ကြီးရခြင်းဖြစ်သည်။

◆

အဆောက်အအုံ၏ လေးထပ်တွင်ရှိသော လက္ခဏာဌာနခွဲ ၏ အခန်းတစ်ခန်းထဲတွင် ဆရာသည် လူတစ်ယောက်၏ လက်ဝါးပြင်ကို ဂရုတစိုက် လေ့လာကြည့်ရှုနေသည်။ ဟိုရှေးခေတ်ကလို ဆရာရှေ့မှာ လက်ဝါးဖြန့်ပြ၊ ဆရာက မှန်ဘီလူးဖြင့် ကြည့်တာမျိုးမဟုတ်တော့။ လက္ခဏာကြည့်မည့်သူက လက်ဖဝါးနှစ်ဖက်ကို စားပွဲပေါ်ရှိ စကင်နာမှန်ပြားပေါ် တင်ထားရုံပင်ဖြစ်၏။ စက်ကဖတ်ယူပြီး မော်နီတာပေါ်မှာ ပုံကြီးချဲ့ပေးလိုက်သည်။ လက္ခဏာ အရေးအကြောင်းများသည် အသေးစိတ် ထင်ရှားပေါ်လွင်နေသည်။ ထူးခြားသော အမှတ်အသားများကို သီးခြားပေါ်လွင်သောအရောင်များ ခြယ်ပေးထားသည်။

ဆရာက လက္ခဏာပေါ်ရှိ အမှတ်အသားတစ်ခုကို လေဆာပွိုင်တာနှင့် ထိုးလိုက်သည်။ ဓါးကွက်နှုတ်သီး သဏ္ဌာန်ရှိသော အရေးအကြောင်းကလေးသည် လင်းချည်မှိတ်ချည်ဖြစ်နေ၏။

"တွေ့လား၊ အဲဒါ လာဘ်ခေါ်ကောင်းတဲ့ သင်္ကေတပဲ။ ဝယ်သူတစ်ယောက်မှမရှိဘဲ ခြောက်ကပ်နေတဲ့ဆိုင်ထဲကို ခင်ဗျားဝင်သွားပြီဆိုမှ နောက်ထပ်ဝယ်မယ့်လူတွေ ပြုပြီး လိုက်ဝင်လာတာမျိုးလေ"

လက္ခဏာမေးသူက အံ့လျင်အမြန်ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ်ဆရာ၊ ခဏခဏ ကြုံဖူးတယ်"

"အဲဒါ ဟောဒီအမှတ် လက္ခဏာကြောင့်ပဲပေါ့။ ဓါးကွက်ဆိုတာ လာဘ်ကောင်မဟုတ်လားဗျ။ ခင်ဗျားဟာ ထူးထူးခြားခြားကို လာဘ်ခေါ်ကောင်းတဲ့ ပုဂ္ဂိုလ်ပဲ။ ဈေးရောင်းမယ်ဆိုရင်တော့ ခင်ဗျားဆိုင်မှာ ဝယ်သူတွေအုံ့ခဲနေမှာပဲ။ ဘာအလုပ်ပဲလုပ်လုပ်ပါလေ။ တောက်

www.burmeseclassic.com

www.burmeseclassic.com



သည်တွေဟာ ဝင်လာမစဲ တသဲသဲဆိုတာမျိုးပေါ့ဗျ။ အထူးသဖြင့် ဆီးကွက်နှုတ်သီးပုံပါတဲ့အတွက် ညဘက်လုပ်ရင် ပိုပြီးအောင်မြင်မယ်"

"သိပ်မှန်တာပဲ ဆရာရယ်၊ ဒါကြောင့်လည်း ခက်နေတာပေါ့"

"ဘာကြောင့်လဲဗျ"

"ကျွန်တော် ဆေးရုံက အရေးပေါ်ဌာနမှာ လုပ်တာဆရာရဲ့။ အထူးသဖြင့် ကျွန်တော် ညဂျူတီကျတဲ့အခါဆိုရင် ဆေးရုံတစ်ရုံလုံး မအိပ်ရ၊ မနားရတော့ဘူး။ သူများတွေကလည်း ပြောနေ ညည်းနေကြပြီ။ အဲဒါ ဘာလုပ်ရမလဲဆရာ"

ဆရာသည် တွေသွား၏။ မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။ ခဏအကြာမှာ အကြံကောင်းရဟန်ဖြင့်

"ဒါက လွယ်ပါတယ်၊ ခင်ဗျားအနေနဲ့ ဆေးဝါးနဲ့ အလှူငွေ လက်ခံဌာနကို ပြောင်းရွှေ့အမှုထမ်းဖို့ လျှောက်လွှာတင်လိုက်ပေါ့ဗျာ"


လက္ခဏာမေးသူသည် ခုမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ရွှင်လန်းတက်ကြွလာသည်။

ခုလို အကျိုးပြု ဟောကိန်းများကြောင့်လည်း အနာဂတ် ကုမ္ပဏီလီမိတက်သည် ဆထက်ထမ်းပိုး တိုးတက်အောင်မြင်နေခြင်း ဖြစ်ပေသည်။

*(ဤဝတ္ထုတွင်ပါဝင်သော အကြောင်းအရာများသည် စံနစ်တကျ တွက်ချက်ထားခြင်းမျိုး မဟုတ်ပါ။ မတောက်တခေါက် ကြားဖူး၊ ဖတ်ဖူး၊ မှတ်ဖူးတာလေးတွေနှင့် ပေါင်းစပ်ဖန်တီးထားသော စိတ်ကူးယဉ်ဟာသဇာတ်လမ်းတစ်ပုဒ်ဟူ၍သာ မှတ်ယူကြပါရန်)*

◆ ◆

*(အိုင်ဒီယာ မဂ္ဂဇင်း၊ ၂၀၀၅ ၊ နိုဝင်ဘာ)*




www.burmeseclassic.com

www.burmeseclassic.com

# ဖူးစာရှင်ကို ရွေးတော့မည်

ဦးဆင်ပေါက်သည် ဆူဆူညံညံအသံများကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့ရသည်။ အသံချွဲ့စက်နှင့်အော်နေသော အသံများဖြစ်၏။

"ဒီ ခတ်မှန်ကားတွေဟာ တော်တော်တရားလွန်တယ်" ဟု မကျေမနပ် ရေရွတ်သည်။ ထို့နောက် သူတို့လို လူကုံထံတွေသာ အသုံးပြုနိုင်သော မှို့စစ်စစ်ဖြင့် ပြုလုပ်ထားသည့် ခေါင်းအုံးကို နားရွက်ပေါ်မှာ ဖိလိုက်ပြီး ပြန်အိပ်ဖို့ ကြိုးစားသည်။ သို့ရာတွင် အိပ်လို့မရတော့။ ထို့ကြောင့် အိပ်ရာမှထလိုက်ရပြီး ရေချိုးခန်းသို့ ဝင်ခဲ့သည်။

နယ်လှည့် ခတ်မှန်ကားများသည် သူတို့အရပ်ဒေသသို့ တစ်လနှစ်ခေါက်လောက်တော့ လာတတ်သည်။ ကြီးမားရှည်လျားသော မှန်လုံကားကြီးဖြစ်၏။ အစိမ်းရင့်ရောင်မှန်များ တပ်ဆင်ထားသည်။ ရောဂါရှာဖွေရေး ကိရိယာအပြည့်အစုံနှင့် ခတ်ခွဲခန်းလည်း ပါဝင်သည်။ သူတို့ဆီမှာတော့ ခတ်မှန်ကားဟူ၍သာ အလွယ်တကူခေါ်ကြသည်။

ဒီကားတွေက ရောက်လာပြီဆိုလျှင် အသံချွဲ့စက်ဖြင့် အော်

www.burmeseclassic.com



ဟာစ်ကြော်ငြာတတ်သည်။ အမှန်အားဖြင့်တော့ သူတို့နေရာမှာ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်၏။ ဆူဆူညံညံမလုပ်ရ။ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကို ထိခိုက်စေနိုင်သည်။ ဒီဇယ်ကား၊ ဓာတ်ဆီကားတွေမဝင်ရ။ လောင်စာဆဲဓာတ်အိုး၊ နေရောင်ခြည်စွမ်းအင် စသည်တို့ အသုံးပြုသော ယာဉ်များသာ ဝင်ခွင့်ပြုသည်။ ဓာတ်မှန်ကားတွေကတော့ လျှပ်စစ်ကားဖြစ်တာကတစ်ကြောင်း၊ ကျန်းမာရေး အထောက်အကူပြုသည်ဆိုသော အကြောင်းပြချက်ကြောင့်တစ်ကြောင်း ဝင်ခွင့်ရခြင်းဖြစ်သည်။ ရှားရှားပါးပါး အသံချဲ့စက် အသုံးပြုခွင့်ရသော လုပ်ငန်းလည်းဖြစ်၏။

မျက်နှာသစ်နေစဉ်မှာလည်း သူတို့အသံကို ကြားနေရသည်။ အပြောတော့ တော်တော်ကောင်းတဲ့လူတွေဟု မှတ်ချက်ပြုလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ အာရောဂျ၊ ပရမံ၊ လာဘံဆိုတဲ့ ရှေးကဆိုရိုးစကားအတိုင်း ကျန်းမာရေးဟာ လာဘ်ကြီးတစ်ပါးပါပဲ။ လူဟာ အပြင်ပန်းက ကောင်းနေတယ်ထင်ရပေမယ့် ခန္ဓာကိုယ်တွင်းမှာ အလစ်တိုက်ခိုက်ဖို့ ပုန်းအောင်းနေတဲ့ရောဂါတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ စိတ်မပူကြပါနဲ့။ စောစောသိရင် ကုသလို့ရပါတယ်။ ဒီအတွက် ကျွန်တော်တို့က နောက်ဆုံးပေါ် စက်သစ်ကြီးများနဲ့ စုံစမ်းဖော်ထုတ်ပေးပါမယ်။ ဆီး၊ ဝမ်း၊ သွေး၊ သလိပ် အဖြေကို စက္ကန့်ပိုင်းအတွင်း တိကျစွာသိနိုင်ပါတယ်။ ဒစ်ဂျစ်တယ် ဓာတ်မှန်များလည်း ရိုက်ကူးပေးပါတယ်။ ဟော... ငြီးစီစီဖြစ်နေသလား၊ အီးစီဂျီ ဆွဲကြည့်လိုက်ပါ။ ကင်ဆာလို့ မသင်္ကာရင်လည်း စကင်နာလေး ရိုက်ကြည့်လိုက်ပေါ့ခင်ဗျာ"ဟု ကာရန်တွေ နဘေတွေနဲ့ ပြောနေသေးသည်။

◆



ညတုန်းက "ဟိုကိစ္စ"ကို စဉ်းစားရင်း တော်တော်နှင့် အိပ်မပျော်ခဲ့။ ခုလည်း မနက်အစောကြီးမှာ ဓာတ်မှန်ကားကြောင့် လန့်နိုးလာခဲ့ရ၏။ အိပ်ရေးမဝသဖြင့် လူကမလန်းဆန်း။ မျက်လုံးတွေတောင် ဝေချင်နေသည်။ သို့ရာတွင် စားပွဲပေါ်မှာ ပြင်ဆင်ထားသော နံနက်စာကို မြင်လိုက်သောအခါမှာတော့ ဗိုက်ထဲက ဆာလာသည်။

အုန်းသီးဖတ် နုနုလေးတွေဖြူးထားသော ကောက်ညှင်းငချိတ်ပေါင်း၊ စားတော်ပဲပြုတ်ဆီဆမ်း၊ မတ်ပဲဘယာကြော်၊ ငါးရံ့ခြောက်ဖုတ်၊ ကြာရိုးဟင်းခါး၊ ရွှေငှက်ပျော်သီး၊ ဆိတ်နို့။ ကြယ်ငါးပွင့်ဟိုတယ်ကြီးတွေမှာမှ ရနိုင်သော နံနက်စာမျိုးဖြစ်၏။ ဒါတောင် ကြာရိုးဟင်းခါးလိုမျိုးက ကြိုတင်အော်ဒါမှာထားမှရမည်။ ခုချိန်မှာ သူတို့လို ငွေကြေးအလွန်ကြွယ်ဝ ချမ်းသာသူတို့သာ ဒီလိုအစားအစာမျိုးကို သုံးဆောင်နိုင်သည်။

သနပ်ခါးပန်းနဲ့ သင်းထားသော လက်ဖက်ရည်ကြမ်းတစ်ခွက်ငုံ့သောက်လိုက်ပြီးသောအခါ ခေါင်းထဲက ကြည်လင်လန်းဆန်းလာသည်။

ငါးရံ့ခြောက်ဖုတ် တစ်ဖတ်ကိုယူပြီး မြုံ့လိုက်သည်။ နှမ်းဦးဆီဆမ်းထားသဖြင့် မွှေးပြီးချိုမြနေသည်။ ဒီငါးရံ့ခြောက်မှာ နယ်နယ်ရရမဟုတ်။ အင်းထဲမှာ အလိုအလျောက်ရှားရှားပါးပါး ပေါက်ဖွားနေသော ငါးရံ့ကို သဘာဝနေရောင်ခြည်ဖြင့် အခြောက်လှန်းထားတာ။ သူတို့နှင့် စီးပွားဖက်ဖြစ်သော "ပျဉ်ပုံကြီး ထရေးဒင်းကုမ္ပဏီ"မှ အကြိုတ်တနိုးထားပြီး လက်ဆောင်ပေးခဲ့ခြင်းဖြစ်၏။

စားကောင်းသောက်ဖွယ်တွေကို အရသာခံ စားနေရင်းက သမီးအလတ်မကို သွားသတိရလိုက်မိ၏။ ဒီကောင်မက အစားကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တတ်သည်။ သို့ရာတွင် ခုချိန်လောက်ဆို အလတ်မသည် မြို့ပေါ်ရှိ မွန်းကျပ်နေသော တိုက်ခန်းကျဉ်းကလေးထဲမှာ ဂျနက်တစ်ပေါင်မုန့်၊ ဓာတုဗေဒထောပတ်နှင့် အသားတုတို့ကို ကြိတ်မှိတ်မျိုချနေရရှာပေလိမ့်မည်။

သိပ်မိုက်တဲ့ ကလေးမပဲဟု စိတ်မကောင်းစွာတွေးရင်း သက်ပြင်းတစ်ချက်ချမိသည်။

♦

မြေနေရာတွေ ရှားပါးလာသည်။ မြေဈေးတွေက ခေါင်ခိုက်နေသည်။ အလွန်အမင်း ချမ်းသာကြွယ်ဝသူတွေသာ ခြံနှင့်ဝင်းနှင့်နေနိုင်သည်။ အထူးသဖြင့် ကျေးလက်ဒေသရှိရွာတွေမှာ နေခွင့်ရဖို့ဆိုတာ သာမန်လူများအတွက် အိပ်မက်တောင် မမက်နိုင်။

လူလတ်တန်းစားများ၊ ဝန်ထမ်းများ၊ အခြေခံလူတန်းစားများသည် မြို့ပေါ်ရှိ အထပ်ပေါင်းများစွာမြင့်သော တိုက်ခန်းများမှာ နေကြသည်။ လက်လုပ်လက်စား ဆင်းရဲသားတွေကတော့ မြေအောက်ထပ်အခန်းများမှာ နေကြရ၏။

မြေနေရာ အခက်အခဲကြောင့် မြို့ပေါ်မှာ အဆောက်အအုံဆောက်လျှင် အနည်းဆုံးအထပ်ငါးဆယ်ရှိရသည်။ တိုက်ကြီးတွေက မိုးထိုးနေသဖြင့် လမ်းပေါ်မှာ သွားလာနေသောသူတို့မှာ မွန်းတည့်ချိန်ဝန်းကျင်လောက်မှာသာ နေရောင်ကိုမြင်ရသည်။

လူတွေနေဖို့ မြေကွက်လပ်မကျန်အောင် ဆောက်လုပ်ထားရသောကြောင့် သစ်ပင်တွေအတွက်တောင် နေရာမရှိတော့။ လူတွေက မွှတ်သိပ်ကျပ်ညပ်နေသည်။ အသက်ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တွေကိုစုပ်ယူပြီး အောက်ဆီဂျင်နှင့် ဖလှယ်ပေး



မည့် သစ်ပင်တွေက မရှိတော့။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်နှုန်း အလွန်မြင့်မားလာသည်။

ထို့ကြောင့် အောက်ဆီဂျင်ထုတ်လွှတ်ပေးသော စက်တွေကို နေရာအနှံ့အပြားမှာ တပ်ဆင်ထားရသည်။ ဒါတောင် လုံလောက်မှု မရှိ။ လူတို့သည် ထိုစက်တွေနားရောက်မှ အသက်ဝအောင် အလုအယက်ရှူနေကြရသည်။ မြေအောက်ထပ်တွေမှာ နေကြရသော ဆင်းရဲသားတွေဆိုလျှင် အောက်ဆီဂျင်ချို့တဲ့သောရောဂါကြောင့် အသားအရေ ပြာနှမ်းနှမ်းဖြစ်နေကြရှာသည်။ တတ်နိုင်သူတွေကတော့ ကိုယ်ပိုင်အောက်ဆီဂျင်ဘူး ဆောင်ထားကြသည်။ အားလပ်ရက်တွေကျမှ မြို့ပြင်ထွက်ပြီး လေကိုတဝကြီးရှူကြရ၏။

ငွေကြေး ကြွယ်ဝသူတွေကတော့ မြို့နှင့်ဝေးရာမှာ သွားနေကြသည်။ မြို့ကြီးနှင့်ဝေးလေ မြေဈေးကကြီးလေပင်ဖြစ်၏။

ဦးဆင်ပေါက်တို့နေသောရွာသည် မြို့နှင့် ကီလိုမီတာငါးဆယ်လောက် ဝေးသည်။ ဒီနေရာမျိုးမှာ နေခွင့်ရဖို့မလွယ်။ ငွေရှိရုံနှင့်လည်း မရ။ ဂုဏ်သရေရှိ လူကြီးလူကောင်းဖြစ်ဖို့လည်း လိုသေးသည်။

ဒီရွာမှာက အိမ်တိုင်းလိုလို ခြံနှင့်ဝင်းနှင့်ဖြစ်၏။ သစ်ပင်တွေက အုံ့အုံ့ဆိုင်းဆိုင်း၊ ကြည်လင်သော ကောင်းကင်ပြာကို မြင်နိုင်သည်။ နေရောင်ခြည်ကို ကောင်းစွာရသည်။ လေထုက အနံ့အသက်ကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်နေသည်။

ဒီထဲကမှ ဦးဆင်ပေါက်တို့အိမ်သည် ထိပ်တန်းအဆင့်ထဲမှာပါသည်။ သဘာဝ ကျွန်းတိုင်လုံးကြီးများနှင့် ဆောက်ထားခြင်းဖြစ်၏။ အကာက ပေပျဉ်ကြီးတွေ၊ အမိုးကလည်း ပျဉ်အုတ်ကြွပ်တွေကိုသာ အသုံးပြုထားသည်။ ရေနံဝနေအောင် သုတ်ထားသဖြင့် မည်းနက်ညိုမှိုင်းနေသည်။ တကယ့်သဘာဝပစ္စည်းတွေချည်း အသုံးပြုထား

www.burmeseclassic.com



ခြင်းဖြစ်၏။ ကျွန်းတိုင်လုံးတစ်လုံး၏ တန်ဖိုးကပဲ ကာလပေါက်ဈေး "ဂလိုဘယ်ငွေ" တစ်သောင်းလောက်တန်သည်။

တော်ရုံလူမဆိုထားနဲ့၊ သူတို့ လူကုံထံအချင်းချင်းတောင် အားကျမက်မောရသောအိမ်ကြီးဖြစ်၏။ နိုင်ငံခြားကလာသော ကမ္ဘာလှည့်ခရီးသည်တွေကလည်း သူတို့အိမ်ကို တကူးတကန့်လာကြည့်ပြီး လေ့လာကြသည်။ ကျွန်းတိုင်လုံးကြီးများကို တအံ့တဩ ပွတ်သပ်ကြည့်ကြပြီးနောက် "ဒါက အိမ်မဟုတ်ဘူး၊ နန်းတော်ကြီးပဲ"ဟု ဆိုကြသည်။ ရုပ်မြင်သံကြားမှ နေရှင်နယ် ဂျော်ဂရပ်ဖစ်ချယ်နယ်ကတောင် ဒီအိမ်ကြီးအကြောင်း ထုတ်လွှင့်ပြသခဲ့သေးသည်။

ခုလို ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေရှိ လူကြီးလူကောင်းဖြစ်နေခြင်းကပင် ဦးဆင်ပေါက်တို့အတွက် စိုးရိမ်ပူပန်စရာကိစ္စတွေ ပေါ်ပေါက်လာခြင်းဖြစ်၏။ သူခိုးဓားပြရန်ကို ကြောက်ရခြင်းမဟုတ်။ အခိုးခံရတာ အတိုက်ခံရတာက တစ်ခါပါသွားပြီးလျှင် ပြီးပြီ။ ခုဟာကတော့ တစ်သက်လုံးဆုံးရှုံးရမည့် အန္တရာယ်ဖြစ်၏။

တခြားမဟုတ်၊ သားသမီးများ၏ အိမ်ထောင်ရေးကိစ္စပင်ဖြစ်လေ၏။

◆

သူ့မှာ သားသမီး သုံးယောက်ရှိ၏။ သားကြီးကတော့ သိတတ်လိမ္မာသည်ဟု ဆိုရမည်။ စာလည်းတော်သည်။ ဆယ်တန်းကို ဂုဏ်ထူးဆယ်ဘာသာဖြင့် အောင်သည်။ (စုစုပေါင်း ဆယ့်နှစ်ဘာသာရှိ၏) အမှတ်တွေကလည်း အလွန်ကောင်းသည်။

ထို့ကြောင့် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်၊ အဏ္ဏဝါတက္ကသိုလ်စသော ထိပ်တန်းအဆင့် တက္ကသိုလ်ကြီးတွေ



တက်ခွင့်ရဖို့ အဆင့်မီသည်။ အမှတ်နည်းနည်းလေးဖြင့် အောင်ရုံလောက်သာ အောင်တဲ့လူတွေကတော့ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်စသော သာမန်အဆင့် တက္ကသိုလ်တွေကိုသာ တက်ခွင့်ရကြသည်။ (ထိုတက္ကသိုလ်များမှာ သိပ်အသုံးမဝင်တော့သော ဘာသာရပ်များဖြစ်သဖြင့် ကောလိပ်အဆင့်သို့ လျှော့ချလိမ့်မည်ဟု သတင်းကြားရသည်။)

သားကြီးက မိဘလုပ်ငန်းနှင့်သက်ဆိုင်သော အဏ္ဏဝါတက္ကသိုလ်တက်သည်။ မဏ္ဍဗေဒအထူးပြု ဘာသာရပ်ဖြင့် မဟာသိပ္ပံ ဘွဲ့ကိုရရှိခဲ့သည်။ ထို့နောက် မိဘလက်ငုတ်ဖြစ်သော ငါးဖမ်းလုပ်ငန်းကိုဝင်လုပ်သည်။ သူ၏ကြိုးစားမှုကြောင့် လုပ်ငန်းမှာ ဆထက်ထမ်းပိုးအောင်မြင်ကြီးပွားလာခဲ့ခြင်းဖြစ်၏။

အိမ်ထောင်ပြုတော့လည်း ဂုဏ်သရေရှိ လယ်သမားကြီးတစ်ဦး၏ သမီးနှင့် လက်ထပ်ခဲ့သည်။ မင်္ဂလာဆောင်တွင် ယောက္ခမများက သစ်ဆိမ့်ပင် ဧကငါးဆယ်နှင့် မက္ကဒေးမီးယား ဧကငါးဆယ် လက်ဖွဲ့ခဲ့သည်။ မြေဆယ်ဧကလောက်ပိုင်ရင်ပဲ လူချမ်းသာစာရင်းဝင်နေတဲ့အချိန်မှာ ဒီမြေတွေအများကြီး လက်ဖွဲ့နိုင်တယ်ဆိုကတည်းက ချမ်းသာကြွယ်ဝမှု အတိုင်းအတာကို ခန့်မှန်းလို့ရနေပြီ။

◆

သားကြီးအတွက် ကျေနပ်အားရနေဆဲမှာပင် သမီးအလတ်မက မိဘရင်ကျိုးအောင် စုံကန်ပြီးထွက်သွားလေသည်။ မဖြစ်သင့်တာမဖြစ်ရလေအောင် ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းနေတဲ့ကြားက သူသဘောနှင့်သူ အမိုက်ဇာတ်ခင်းသွားခြင်းဖြစ်၏။

ကန်စွန်းခင်း အမြောက်အမြားပိုင်ဆိုင်သော သူ့မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



လူကုံထံတစ်ယောက်၏ သားနှင့် လက်ထပ်ပေးရန် စီစဉ်နေဆဲအချိန်မှာပင် အလတ်မသည် ကွန်ပျူတာ ပရိုဂမ်မာလေးတစ်ယောက်နှင့် နီးရာလိုက်ပြေးသွားသည်။

မိဘတွေရဲ့ အထက်တန်းလွှာ တံငါသည်မျိုးရိုး ဂုဏ်သိက္ခာကိုမှ မထောက်ထားဘဲ ဘာမဟုတ်တဲ့ ကွန်ပျူတာစာရေးကလေးကိုမှ ယူရကောင်းလားဆိုပြီး အမေလုပ်တဲ့လူက အမွေပြတ် ကြေညာစွန့်လွှတ်ထားခဲ့သည်။

ဦးဆင်ပေါက်ကတော့ နည်းနည်းပျော့ပျောင်းချင်သည်။ စားကောင်းသောက်ဖွယ်များ စားရသောအခါ သမီးလတ်ကို သတိရမိ၏။ တစ်ခါတစ်ရံကျလျှင် သူတို့ရွာဘက်သို့ မြို့ကတက်လာသော ပျံကျကွန်ပျူတာသမား တစ်ယောက်တလေ ရောက်ရှိလာတတ်သည်။ ပစ္စည်းကိရိယာတွေ ထည့်ထားသောအိတ်ကြီးကို လက်ကဆွဲ၊ နေပူကျဲကျဲမှာ ချွေးသံတရွှဲရွှဲ လျှောက်သွားရင်း

"ကွန်ပျူတာတွေပြင်တယ်၊ ဟာဒ်ဝဲတွေ အပ်ဂရိတ်လုပ်ပေးတယ်၊ နောက်ဆုံးပေါ် ဆော့ဖ်ဝဲတွေ တင်ပေးတယ်"ဟု အော်သွားသောအသံကို ကြားရတဲ့အခါတိုင်း မြို့ပေါ်မှာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နေရရှာသော သမီးလတ်ကို မြင်ယောင်ပြီး စိတ်မကောင်းဖြစ်ရ၏။

သူ့ဆန္ဒအရဆိုလျှင်တော့ အမေလုပ်တဲ့လူကို ဖျောင်းဖျပြောဆိုပြီး ပြန်ခေါ်ထားချင်သည်။ သို့ရာတွင် အဘွားကြီးက အတော်စိတ်နာနေသည်။ တလောက လာကန်တော့ကြတာကိုတောင် ထွက်အတွေ့မခံဘဲနေသည်။

ကောင်လေးကိုလည်း ကြီးပွားတိုးတက်စရာ လမ်းမမြင်သော ကွန်ပျူတာအလုပ်ကထွက်ပြီး သူတို့ငါးလုပ်ငန်းထဲက သင့်တော်ရာ



နေရာမှာ အလုပ်ပေးထားရကောင်းမလား စဉ်းစားခဲ့ဖူးသည်။ သို့ရာတွင် ဖြစ်နိုင်မှာမဟုတ်။

ကောင်လေးရဲ့ပုံက မြို့ကျလွန်းသည်။ နေရောင်ခြည်ဓာတ်ချို့တဲ့သဖြင့် အသားအရေက ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ ကွန်ပျူတာရှေ့မှာပဲ နာရီပေါင်းများစွာ ထိုင်လုပ်နေရသောကြောင့်လည်း အညောင်းမိပြီး ပိန်ညောင်ညောင် ကုပ်ချိချိဖြစ်နေ၏။ မျက်စိအမြင်အာရုံ ထိခိုက်ခဲ့သောကြောင့် မျက်ကြည်လွှာအတု ထပ်ထားရတာကလည်း သိသာသည်။ ဘယ်နေရာမှာမှ သုံးစားလို့ရမည့်ပုံမပေါ်။

သင်းတို့ထိုက်နဲ့ သင်းတို့ကံပဲ၊ ကလေးရလာတဲ့အခါကျလျှင်တော့ အိမ်ကအဘွားကြီး စိတ်ပြေသွားပါစေဟု မျှော်လင့်ဆုတောင်းဖို့သာ ရှိတော့သည်။

◆

ခုလောလောဆယ်မှာ စိုးရိမ်ပူပန်နေရတာကတော့ သမီးအငယ်ဆုံးလေးအတွက် ဖြစ်၏။ အငယ်ဆုံးဆိုတော့ အားလုံးက အလိုလိုက်ထားကြသည်။ အမေလုပ်သူရဲ့ အသည်းကျော်လည်းဖြစ်၏။ နွဲ့ဆိုးဆိုးတတ်သလို ခေါင်းကျောလည်းမာသည်။ သူ့အစ်မကိစ္စတုန်းကလည်း "ကိုယ်ချစ်တဲ့လူနဲ့ လက်ထပ်ခွင့်ရဖို့က အရေးအကြီးဆုံးပဲ"ဟု ပြောပြီး ဟိုဘက်ကို ထောက်ခံချင်ခဲ့သူဖြစ်၏။

ဆယ်တန်းအောင်တော့ သူတို့လုပ်ငန်းနှင့် ဘယ်လိုမှမပတ်သက်သော ဘာသာဗေဒတက္ကသိုလ် သွားတက်သည်။ ပျူဘာသာအထူးပြုယူသည်။ ပျူစကားတတ်တော့ ဘယ်နေရာမှာသွားသုံးမလဲ။ စကားပြန်လုပ်ရအောင် ပျူလုပ်ငန်းရှင်တို့၊ ပျူတိုးရစ်တို့ရှိတာမျိုး ရှိတာလည်းမဟုတ်။ ခုခေတ်ကလေးတွေဟာ စိတ်ကူးတည့်ရာ လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲလားမသိ။ ဘာပဲဖြစ်ဖြစ် အလိုလိုက်လက်စနဲ့ သူလုပ်ချင်တာ လုပ်ခွင့်ပေးထားရသည်။

မိုးတော့၊ ဒါတွေက သိပ်အရေးမကြီး။ သမီးငယ်ကို အလုပ်ထဲမှာနိုင်းဖို့ ရည်ရွယ်ချက်လည်းမရှိ။ စိတ်ပူရတာက သမီးလတ်၏ လမ်းစဉ် လိုက်သွားမှာကိုသာဖြစ်၏။ ယုံရတာမဟုတ်။ မတော်တဆ အင်ဂျင်နီယာတို့၊ ဆရာဝန်တို့လိုလူမျိုးနဲ့ ဖြစ်သွားခဲ့လျှင် သူ့အမေ ရင်ကျိုးရလိမ့်မည်။

ခုချိန်မှာ အင်ဂျင်နီယာဆိုတာ သိပ်အရေးမပါလှတော့။ အဆောက်အအုံတစ်ခု ဆောက်ချင်လျှင် ကိုယ်ကြိုက်တဲ့ပုံစံပြော၊ ဒါမှမဟုတ် ကတ်တလောက်ထဲက လိုချင်တဲ့ပုံကို ရွေးလိုက်ရုံသာဖြစ်၏။ ဆောက်လုပ်ရေးကုမ္ပဏီက အသင့်ပြုလုပ်ထားသော အစိတ်အပိုင်းများကို သယ်ယူလာပြီး ဆယ့်ငါးရက်အတွင်း အပြီးတည်ဆောက်ပေးနိုင်သည်။ အင်ဂျင်နီယာဆိုတာက အစိတ်အပိုင်းတွေကို သူ့နေရာနှင့်သူ အမှတ်စဉ်အတိုင်း တပ်ဆင်ပေးရုံသာဖြစ်၏။ တချို့ကုမ္ပဏီတွေဆိုလျှင် အင်ဂျင်နီယာတောင် မငှားတော့။ ရိုဘော့စက်ရုပ်တွေနဲ့သာ လုပ်ကိုင်ကြတော့သည်။ ထို့ကြောင့် အင်ဂျင်နီယာတွေအတွက် အလုပ်အကိုင် ရှားပါးလာသည်။ သူတို့ထက်စာလျှင် လက်သမားပညာဒီပလိုမာတွဲ့ ရသူတွေကမှ အလုပ်ဖြစ်သေးသည်။

ဆရာဝန်ဆိုတာကလည်း ဒီလိုပဲ။ ခုချိန်မှာ သိပ်မစားသာတော့။ ကျန်းမာရေးကိစ္စအတွက် ဆရာဝန်ကို အားကိုးနေစရာမလို။ ဓာတ်မှန်ကားတွေလာတဲ့အခါ စစ်ဆေးကြည့်နိုင်သည်။ ဒါမှမဟုတ် ကျန်းမာရေးစင်တာတွေကို သွားလို့ရသည်။ ခေတ်မီစက်ကိရိယာများဖြင့် အလိုအလျောက် စမ်းသပ်ကုသပေးနိုင်သည်။ ဆေးဝါးတွေကလည်း အလွန်အစွမ်းထက်လာသဖြင့် တော်ရုံရောဂါဆိုလျှင် ဆေး



တစ်လုံးသောက်ရုံနှင့် ပျောက်သည်။

ငွေကြေး သိပ်မတတ်နိုင်သော ဆင်းရဲသားတွေလောက်သာ ဆရာဝန်ဆီသွားပြီး ကုသကြသည်။ ထို့ကြောင့် ဆရာဝန်အလုပ်မှာ ဝင်ငွေ သိပ်မကောင်းလှဘဲ ရရစားစားဖြစ်နေ၏။ ဆရာဝန်ပေါက်စလေးတွေဆိုလျှင် ဆေးအိတ်ကိုဆွဲပြီး ခြေတိုအောင် လှည့်လိုက်ရှာရသည်။ အိမ်ပေါက်စေ့ တံခါးလိုက်ခေါက်ရင်း

"အန်တီ၊ သွေးပေါင်ချိန်ဦးမလားခင်ဗျာ၊ ဟိုအန်ကယ်ကြီးကြည့်ရတာ အားနည်းနေတယ်ထင်တယ်။ အိုင်ဗီလေးတစ်ချောင်းလောက်သွင်းလိုက်ပါလား။ ပုလင်းကြီးချိတ်မယ်ဆိုရင်တော့ မိုက်ယာဂရာဆေးတစ်လုံး လက်ဆောင်ပေးပါတယ်"

ဆိုပြီး စားဝတ်နေရေးအတွက် ရှန်းကန်လှုပ်ရှားနေကြရရှာသည်။ ဒီကြားထဲမှာ တချို့အိမ်တွေက အနှောင့်အယှက်ဖြစ်တယ်ဆိုပြီး အော်ငေါက်လွှတ်တတ်ကြသေးသည်။ တချို့တိုက်ခန်းတွေကတော့ "ဆရာဝန်နှင့် အလျှုခံ မဝင်ရ"ဆိုသော ဆိုင်းဘုတ်ကို လှေကားရင်းမှာ ချိတ်ဆွဲထားကြသည်။

ထိုကိစ္စတွေကို သိနေ၊ ကြားနေရသောကြောင့်လည်း ဦးဆင်ပေါက်တို့ ဇနီးမောင်နှံမှာ သမီးအတွက် စိုးရိမ်ပူပန်ပြီး ညအိပ်မပျော်နိုင် ဖြစ်နေရခြင်းပါပဲ။

◆

သမီးငယ်က ဖုန်းဆက်အကြောင်းကြားထားသည်။ အိမ်ကိုဧည့်သည်တစ်ယောက် ခေါ်လာမည်။ အဖေတို့ အမေတို့နှင့် တွေ့ဆုံမိတ်ဆက်ပေးချင်လို့ဟု ဆိုသည်။ သူ့ချစ်သူကို မိဘတွေဆီလာပြခြင်းဖြစ်ကြောင်း ခန့်မှန်းလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူကြီးနှစ်ယောက်မှာ စိတ်လှုပ်ရှားနေကြသည်။ အမေကြီးဆိုလျှင် အငြိမ်မနေနိုင်ဘဲ အိမ်ရှေ့ထွက်မျှော်လိုက်၊ အိပ်ခန်းထဲဝင်လိုက်၊ ဧည့်ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက် ဖြစ်နေ၏။ ဦးဆင်ပေါက်ပင်လျှင် နာရီကို မကြာခဏလှမ်းကြည့်မိ၏။ နောက်ဆုံးတော့ အမေကြီးလည်း မောလာပြီး ဧည့်ခန်းက ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ် ထိုင်နားလိုက်ရသည်။

ထိုစဉ်မှာပင် ကြိုးကြာငှက်မြည်သံကဲ့သို့ ကြားလိုက်ရသည်။ လျှပ်စစ်ကားဟွန်းသံပင်ဖြစ်၏။

"ဟော"

အမေကြီး ထရပ်မည်ပြုသည်။ ဦးဆင်ပေါက်က လက်ကာပြပြီး တားလိုက်၏။ ဧည့်သည်က ဘယ်လိုလူမှန်းမသိသေးဘဲနဲ့ ကိုယ့်ဘက်က သိပ်ပျူငှာပြဖို့မသင့်ဟု သတိပေးလိုက်ခြင်းဖြစ်၏။

"အမေ၊ အမေ"

သမီးငယ်က အော်ခေါ်ရင်းဝင်လာသည်။ ဧည့်ခန်းဝမှာ ခဏရပ်ပြီး နောက်ကိုလှည့်ကြည့်ရင်း

"လာလေ"ဟုပြောသည်။

လူငယ်တစ်ယောက် နောက်မှ လိုက်ဝင်လာသည်။ အသားညိုညို၊ အရပ်အမောင်းကောင်းကောင်း၊ တောင့်တင်းသန်မာသောကိုယ်ခန္ဓာရှိသည်။ ဥပဓိရုပ်ကတော့ မဆိုးဘူးဟု ဦးဆင်ပေါက်စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

ကုလားထိုင်များမှာ ထိုင်မိကြပြီးနောက် ထပ်ပြီးအကဲခတ်ကြည့်လိုက်ပြန်သည်။ ကောင်လေးရဲ့ မျက်နှာကို ရင်းရင်းနှီးနှီးသိနေသည်ဟု ထင်မိ၏။ တစ်နေရာရာမှာ တွေ့ဖူးခဲ့တာလား။ အသိမိတ်ဆွေ တစ်ယောက်ယောက်နဲ့ တူနေတာလား။ မအောင့်နိုင်တော့သဖြင့်



ဖွင့်မေးလိုက်ရသည်။

"နေ့စမ်းပါဦးကွ၊ မင်းကို ငါ ရင်းရင်းနှီးနှီးသိနေသလိုပဲ။ ဘယ်မှာမြင်ဖူးတာလဲ မသိဘူး"

သမီးငယ်က ရယ်လိုက်ပြီး

"ရုပ်မြင်သံကြားထဲမှာ ခဏခဏ မြင်ဖူးနေတာလေ"

"ဟေ... ဘယ်လိုကွယ့်"

"သူက နာမည်ကျော် ဘောလုံးသမားလေ"

ကောင်လေးကပါ ဝင်၍ သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျွန်တော် တိုးလှိုင်ဝင်းပါ ခင်ဗျာ"

ဒီတော့မှ ဦးဆင်ပေါက်သည် သူ့ပေါင်ကို ဖြန်းခနဲရိုက်လိုက်ပြီး

"ဟာ... ဟုတ်တာပေါ့၊ ကြည့်စမ်း၊ ငါ့တူက အပြင်မှာ ပိုပြီးတော့တောင် ကြည့်ကောင်းနေသေးတယ်"

တိုးလှိုင်ဝင်းက ရှက်ပြုံးပြုံးသည်။ ဦးဆင်ပေါက်က အားတက်သရောဟန်ဖြင့် ဆက်ပြောနေသည်။

"အေးကွာ... ပြီးခဲ့တဲ့ စနေနေ့ကပွဲမှာ မင်းကန်သွင်းလိုက်တဲ့ ဖရီးကစ်ကတော့ မျက်စိထဲကကို မထွက်နိုင်အောင်ပါဘဲ။ ဒါနဲ့ မင်းကလပ်အသင်းက စာချုပ်သက်တမ်းတိုးဖို့ ကိစ္စကကော ဘယ်လိုအခြေအနေရှိလဲ"

"ဟုတ်ကဲ့ ကျွန်တော်က လစာတိုးတောင်းထားတာကို အုပ်ချုပ်ရေးမှူးအဖွဲ့က သဘောတူတယ်ဆိုရင်တော့ အဆင်ပြေမှာပါ"

"သဘောတူမှာပါကွာ၊ သူတို့ မင်းကို လက်မလွှတ်နိုင်ပါဘူး"

အမေကြီးက ဘုမသိ ဘမသိ ဝင်ပြီးခေါင်းညိတ်သည်။

"အေးကွာ... ဦးတို့ကိုလည်း ဆွေမျိုးရင်းချာလို သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆက်ဆံဝင်ထွက်နိုင်ပါတယ်"

ဦးဆင်ပေါက်က အမေကြီးဘက်လှည့်ကြည့်ပြီး တစ်စုံတစ်ခု ဝင်ပြောဖို့ အရိပ်အကဲပြသည်။ အမေကြီးက

"အေးကွယ် ရောက်တုန်းရောက်ခိုက် ညနေစာ ထမင်းစားပြီးမှ ပြန်ပေါ့။ အတော်ပဲဟော့၊ မနက်ကပဲ မင်းတို့အစ်ကိုကြီးက အိတ်စပို့ကွာလတီ ငါးပိရည်စစ်စစ်တစ်အိုး ပို့လိုက်သေးတယ်။ ငါ့တူတော့ စားရက်ကြုံတာပဲ"

သမီးငယ်၏ မျက်နှာသည် ဝမ်းသာမှုအရှိန်ကြောင့် ဝင်းလက်တောက်ပသွားသည်။ အခုလို ငါးပိရည်စစ်စစ်ဖြင့် ကျွေးမွေးဧည့်ခံတယ်ဆိုကတည်းက တိုးလှိုင်ဝင်းကို ဂုဏ်သရေရှိ အထူးဧည့်သ[illegible]အဖြစ် [illegible]က်ခံအသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း ထင်ရှား[illegible]ပြီမဟုတ်လား။

◆ ◆ ◆

*(ဤဝတ္ထု၏ခေါင်းစဉ်မှာ သီချင်းဟောင်းတစ်ပုဒ်၏ စာသားထဲမှ ထုတ်နုတ်သုံးစွဲထားခြင်း ဖြစ်ပါသည်။)*

***(စရဏ မဂ္ဂဇင်း၊ ၂၀၀၆ ၊ ဇန်နဝါရီ)***

# သဘါရအခွင့်အရေး

ဂလိုဘယ်လိဂ်ခေါ် ကမ္ဘာလုံးဆိုင်ရာအဖွဲ့ကြီး၏ အုပ်ချုပ်ရေးမှူးသည် ရုံးခန်းထဲမှာထိုင်ရင်း တဝါးဝါးသမ်းနေသည်။ လုပ်စရာတွေသာ ရှိနေလျှင် အိပ်ချင်မှာမဟုတ်။ ခုတော့ တစ်နေကုန် ဒီအတိုင်းထိုင်နေရသဖြင့် ပျင်းရိငြီးငွေ့နေသည်။ ထိုအခါ အရေးပေါ်ပြဿနာတစ်ခု ပေါ်လာလျှင် ကောင်းလေစွဟု မသင့်လျော်မှန်းသိပါလျက် တောင်းတချင်နေမိသည်။

သို့ရာတွင် ဒါမျိုးဖြစ်လာဖို့က တော်တော်ခဲယဉ်းသည်။ သူ၏ အုပ်ချုပ်ရေးမှူးသက်တမ်း သုံးနှစ်အတွင်းမှာ ပြဿနာဆိုလို့ နှစ်ကြိမ်သုံးကြိမ်လောက်သာ ဖြစ်ပွားခဲ့ဖူးသည်။ ဒါတွေကလည်း အလွန်အမင်း ရေးကြီးခွင့်ကျယ် ကိစ္စတွေမဟုတ်။

နောက်ဆုံးဖြစ်ခဲ့တာက ပင်လယ်ထဲက လူမနေသော ကျွန်းကလေးတစ်ကျွန်း ကိစ္စဖြစ်၏။ ထိုကျွန်းကို နိုင်ငံတစ်နိုင်ငံက တရားဝင်ပိုင်ဆိုင်သည်။ ပထဝီ အနေအထားကျတော့ အိမ်နီးချင်းနိုင်ငံနှင့် ပိုပြီးနီးကပ်နေသည်။ ထို့ကြောင့် ပထမနိုင်ငံက ထိုကျွန်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နိုင်ငံသို့ လက်ဆောင်ပေးသည်။ သို့ရာတွင် တစ်ဖက်နိုင်ငံက လက်မခံနိုင်ဟု ငြင်းသည်။ ထိုအခါ ပထမနိုင်ငံက ချစ်ကြည်ရေး လက်ဆောင်ကို မယူဘဲနေခြင်းမှာ မိမိတို့၏ အချုပ်အချာအာဏာကို အသိအမှတ်မပြုသည့် သဘောဖြစ်သည်ဟု ယူဆသည်။ ထိုကျွန်းက လေးကို လက်မခံလျှင် တစ်ဖက်နိုင်ငံက ဟိုအရင် ချစ်ကြည်ရေးလက် ဆောင်အဖြစ် ပေးထားသော အာကာသလွှန်းပျံယာဉ်ကိုလည်း ပြန်ပို့ ပစ်မည်ဟု ခြိမ်းခြောက်လာသည်။

နောက်ဆုံးမှာတော့ သံတမန်အဆက်အသွယ်ဖြတ်ခါနီးအထိ တင်းမာလာသဖြင့် ဂလိုဘယ်လိဂ်က ဝင်ရောက်ဖြေရှင်းပေးဖို့ ဖြစ်လာ သည်။ ထိုအရေးအခင်းတွင် သူက ကြားဝင် ဖြန်ဖြေပေးနိုင်ခဲ့သည်။ ထိုကျွန်းကလေးကို နှစ်နိုင်ငံပူးတွဲပိုင်ဆိုင်သည်ဟု သတ်မှတ်ရန် အကြံ ပေးခြင်းဖြင့် ပြေလည်မှုရသွားသည်။

ထိုကာလကတော့ သူတော်တော် နာမည်ကြီးလိုက်သေး သည်။ အုပ်ချုပ်ရေးမှူး တစ်ယောက်အနေဖြင့် ဆယ်စုနှစ်တစ်ခုအတွင်း မှာ အပြောင်မြောက်ဆုံးစွမ်းဆောင်မှုဟု ချီးကျူးကြသည်။ မီဒီယာတွေ ထဲမှာလည်း သူ့ရုပ်ပုံတွေ အတော်များများပါခဲ့သည်။

ထိုကိစ္စဖြစ်ခဲ့တာ တစ်နှစ်ကျော်ကျော်လောက် ကြာသွားပြီ။ ဒီကြားထဲမှာ ဘာအရေးအခင်းမှ ဖြစ်ပွားခဲ့ခြင်းမရှိ။ တစ်နည်းအား ဖြင့် သူတို့ဌာနချုပ်အနေဖြင့် ဘာအလုပ်မှ ထွေထွေထူးထူးလုပ်စရာ မရှိခဲ့တာ တစ်နှစ်တောင်ကျော်နေပြီ။ ခုချိန်မှာတော့ သူ့ကို ဘယ်သူက မှ အရေးမစိုက်ကြတော့။ မေ့တောင် မေ့နေကြရော့မည်။ သူ၏ ရာထူး သက်တမ်း ကုန်ဆုံးချိန်အထိ နောက်ထပ်ပြဿနာ တစ်ခုတလေကို ဖြေရှင်းခွင့်ရလျှင် ကံကောင်းပဲဟု ဆိုရမလိုပင်ဖြစ်၏။

◆



ရုံးခန်းထဲမှာထိုင်နေရတာ ပျင်းလာသဖြင့် အပြင်ဘက်ထွက်ခဲ့ သည်။ သူ့အတွင်းရေးမှူး မိန်းကလေးသည် အီလက်ထရွန်းနစ်စာ အုပ်ကို ဖတ်နေသည်။ သူ့ကိုမြင်သောအခါ လေးစားသမှုဖြင့် စာအုပ် ခလုတ်ကိုပိတ်ပြီး မတ်တတ်ရပ်လိုက်သည်။ သူက

"ရပါတယ်၊ ဖတ်ပါ၊ ဆက်ဖတ်ပါ"

ဟု ခွင့်ပြုလိုက်သည်။ အတွင်းရေးမှူးမကလေးမှာလည်း သူ့ လိုပဲ ဘာအလုပ်မှ လုပ်စရာမရှိ။ ဒီအတိုင်းသာ ထိုင်နေရလျှင် ပျင်းတာ နဲ့ပဲ အရည်ပျော်သွားနိုင်သည်။ စာလေးဘာလေးဖတ်နေတော့ အငြိမ်း ပြေတာပေါ့။

ခုခေတ် လူငယ်တွေက စာဖတ်တာကို ပြန်ပြီးဝါသနာပါလာ ကြသည်။ သူတို့ငယ်ငယ်တုန်းကတော့ စာဖတ်တာဟာ အရုပ်လည်း မမြင်ရ၊ အသံလည်းမကြားရ၊ ခြောက်ကပ်ကပ်ကြီး။ မျက်စိညောင်း တာပဲ အဖတ်တင်တယ်ဟု ထင်ခဲ့သည်။ 'အီးမူဗီ'တွေကြည့်တာ၊ ဟော် လိုဂရမ်ဂိမ်းတွေ ကစားတာလောက်သာ ခေတ်စားခဲ့၏။

ခုခေတ်လူငယ်တွေကတော့ စာဖတ်ရတာဟာ ကိုယ့်ရဲ့စိတ် ကူး စိတ်သမ်းတွေကို ပိုပြီးအသုံးချခွင့်ရသည်၊ ရသကိုလည်း ပိုပြီးလွတ် လွတ်လပ်လပ် ခံစားခွင့်ရသည်ဟု ယူဆလာကြသည်။ သူတို့က ဝတ္ထု၊ အက်ဆေး၊ ကဗျာတွေ အဖတ်များသည်။ အထူးသဖြင့် ခေတ်ဟောင်း တုန်းက ထုတ်ဝေခဲ့သော လုံးချင်းဝတ္ထုရှည်ကြီးတွေကို ကြိုက်နှစ်သက် ကြသည်ဆို၏။ ခုလည်း

"ဘာစာအုပ် ဖတ်နေတာလဲ"

ဟု သူကမေးတော့ အတွင်းရေးမှူးမလေးက

"ရှေးဟောင်း ဝတ္ထုပါ၊ ဟယ်ရီပော်တာလေ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်ကို သူ မဖတ်ဖူးခဲ့။ ငယ်ငယ်တုန်းက ညအိပ်ရာဝင်ခါနီးမှာ အဘွားက ပုံပြင်သဖွယ်ပြောပြဖူးသဖြင့် ဇာတ်လမ်းကိုတော့ သိနေသည်။ ညပေါင်းများစွာ စိတ်ဝင်စားစွာ မောင့်နားထောင်ခဲ့ရတာကို မှတ်မိနေ၏။

"ဘယ်လိုနေလဲ၊ ဖတ်လို့ကောင်းလား"

အတွင်းရေးမှူးမလေးက ခေါင်းညိတ်ပြပြီး

"သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ။ တစ်ခုပဲရှိတယ်၊ ဟိုအရင်ကလို စက္ကူနဲ့လုပ်တဲ့စာအုပ်မျိုးကို ဖတ်ရရင် ပိုကောင်းမယ်၊ အီးဘွတ်ခ်ထဲမှာ ခလုတ်နှိပ်ပြီး စာမျက်နှာတွေပြောင်းရတာ ဝတ္ထုအရသာ ပျက်တယ်"

ခုခေတ် လူငယ်တွေဟာ စိတ်ခံစားမှုဘက်ကို ပိုပြီးအလေးပေးလာကြပြီထင်တယ်ဟု သူတွေးရင်း ဆက်လျှောက်လာခဲ့သည်။

ဆက်သွယ်ရေးဌာန အခန်းရှေ့ရောက်တော့ အထဲကအသံ တွေ့သဲ့သဲ့ကြားရသည်။ ဝန်ထမ်းတွေ လုပ်စရာမရှိသဖြင့် ဂိမ်းပဲကစားနေသလား၊ ဇာတ်လမ်းပဲကြည့်နေသလား မသိ။

တံခါးပေါ်ရှိ မှန်ပြားကလေးပေါ် လက်ဝါးနှင့်ကပ်လိုက်သောအခါ တံခါးက လျှောခနဲပွင့်သွားသည်။ ဝန်ထမ်းလူငယ်နှစ်ယောက်တို့သည် အင်တာနက်နှင့် ချိတ်ဆက်ထားသော ပရိဂျက်တာဖြင့် သတင်းကားတစ်ခုကို ကြည့်နေကြသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဖြစ်ပွားခဲ့သော 'ပင်လယ်ကွေ့' စစ်ပွဲအကြောင်း စုစည်းထားသော သတင်းမှတ်တမ်းဖြစ်၏။ ကောင်လေးတွေ ဘာစိတ်ကူးရလို့များ ရှာရှာဖွေဖွေ လုပ်နေကြသလဲမသိ။

ဒီနှစ်ကောင်က စပ်စုတတ်သည်။ အမေးအမြန်းလည်း ထူသည်။ တလောကတောင် ငှက်ဖျားရောဂါဆိုတာ ဘယ်လိုဟာမျိုးလဲ



ဟု မေးနေသေးသည်။ ရှေးခေတ်က ဖြစ်ပွားခဲ့ဖူးတဲ့ ရောဂါတစ်မျိုးပဲ၊ ခြင်ကိုက်တာကနေ ဖြစ်တာလို့ပြောတာပဲဆိုတော့ ခြင်ဆိုတာဘာလဲဟု ထပ်မေးပြန်သည်။ လူတွေကို ရောဂါဖြစ်စေတတ်လို့ မျိုးတုံးအောင် သုတ်သင်ပစ်ခဲ့ရတဲ့ အင်းဆက်တစ်မျိုးလို့ ကြားဖူးမှတ်ဖူးသလောက် ပြောပြရသေးသည်။

ခုလည်း ရှေးဟောင်းစစ်သတင်းကားကို ကြည့်နေကြပြန်ပြီ။ တိုက်လေယာဉ်တွေက ဒုံးကျည်များဖြင့် အဆက်မပြတ်ပစ်ခတ်နေသည်။ ဗုံးကြဲလေယာဉ်ကြီးတွေက ဗုံးတွေအတွဲလိုက် ကြဲချသည်။ ရေယာက်တွေ အစင်းပေါင်းရာချီ ပစ်ခတ်သည်။ အဆောက်အအုံတွေ ပေါက်ကွဲပျက်စီး ပြိုကျကုန်သည်။ မီးခိုးလုံးမည်းမည်းကြီးတွေ ထိုးတက်လာသည်။ လူအများအပြား ထိခိုက်သေဆုံးကုန်ကြပုံကို မြင်ရသည်။ ဆေးရုံတွေပေါ်မှာ ဒဏ်ရာရသူတွေ ပြည့်နေသည်။ ပတ်တီးအထပ်ထပ်၊ သွေးအလိမ်းလိမ်း၊ အော်ဟစ်ညည်းညူနေကြသည်။

လူငယ်နှစ်ယောက်တို့သည် သတင်းကားကြည့်ရင်း 'ဟင်ခနဲ' 'ဟာခနဲ' ဖြစ်ပြီး တုန်လှုပ်ချောက်ချားနေကြပုံရ၏။ သူကိုယ်တိုင်ပင် လျှင် (မကြာခင်ကမှ နှလုံးအသစ်လဲတပ်ထားပါလျက်) ထိုမြင်ကွင်းတွေကိုကြည့်ပြီး ရင်တုန်ပန်းတုန် ဖြစ်ချင်လာသေးသည်။

"ရှေးခေတ်တုန်းက လူတွေဟာ တော်တော်ရက်စက်ကြတာပဲနော်၊ လူလူချင်း ပစ်ခတ်သတ်ဖြတ်ကြတယ်ဆိုတာ ဘယ်လိုမှ လက်မခံနိုင်တဲ့ကိစ္စပဲ"

လူငယ်တစ်ယောက်က ပြောသည်။ နောက်တစ်ယောက်က ခေါင်းညိတ်ထောက်ခံရင်း

"ပြီးတော့လည်း စစ်တိုက်ရတဲ့ အကြောင်းပြချက်ကိုလည်း ကြည့်ပါဦး။ ဘာမဟုတ်တဲ့ ရေနံကိစ္စတဲ့ကွာ။ လူ့အသက်က ရေနံ

www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် တန်ဖိုးမရှိတဲ့သဘော ဖြစ်မနေဘူးလား"

သူတို့က အနိဋ္ဌာရုံတွေကို ဆက်မကြည့်ချင်သောကြောင့် ထင်သည်။ ပြကွက်ကို ကျော်လိုက်သောအခါ အဖြူရောင်မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးကျိုးတိုးကျဲတဲနှင့် အသား့မည်းမည်းလူတစ်ယောက်ပုံ ပေါ်လာသည်။ ဟိုအချိန်တုန်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ပင်ဖြစ်၏။

"ငါတို့ အုပ်ချုပ်ရေးမှူးလောက်တော့ မသားနားဘူးကွ နော်"

သူပြုံးမိသည်။ နောက်မှာ သူရောက်ရှိနေမှန်း သိကြပုံမရ။ ကိုဖီအာနန်ဆိုတာ သူ့ခေတ် သူ့အခါက တော်တော်အရေးပါခဲ့တာတော့ သေချာသည်။

ကိုဖီအာနန်က ထိုစစ်ပွဲသည် ကုလသမဂ္ဂ၏ သဘောတူခွင့်ပြုချက်မရဘဲ တိုက်ခိုက်ခြင်းဖြစ်သောကြောင့် တရားမဝင်ကြောင်း ကန့်ကွက်ပြောဆိုနေသည်။ မီဒီယာသမားတွေက ဝိုင်းအုံပြီး မေးခွန်းတွေ မေးနေကြသည်။

ကိုဖီအာနန်ကို အားကျသောစိတ် ဖြစ်ပေါ်လာချင်မိ၏။

◆

ဟိုရှေး ခေတ်ဟောင်းတုန်းကဆိုလျှင် အလုပ်သိပ်များ သိပ်ရှုပ်သူတို့သည်

"ကျုပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထက်တောင် အလုပ်များသေးတယ်"

ဟု ဂုဏ်ယူပြီး ပြောလေ့ရှိကြသည်။ ဟိုတုန်းက အတွင်းရေးမှူးချုပ်ဆိုတာ ကမ္ဘာ့ပြဿနာပေါင်းစုံနဲ့ အစဉ်သဖြင့် ထွေးလုံးရစ်ပတ်နေခဲ့ရတာကိုး။



ခုအချိန်သည် ကမ္ဘာကြီးအဖို့ သမိုင်းတစ်လျှောက်မှာ အငြိမ်းချမ်းဆုံး ကာလပင်ဖြစ်၏။ စစ်ပွဲတွေ မရှိတော့။ စစ်တိုက်စရာလည်း လိုမှ မလိုတော့ဘဲ။

စစ်တိုက်တယ်ဆိုတာ အကြောင်းရင်းတွေ ရှိရသည်။ ဩဇာအာဏာ ဖြန့်ကြက်ချင်လို့လား။ ဒီကိစ္စက မဖြစ်နိုင်တော့။ နိုင်ငံတိုင်းမှာ တန်းတူ ဩဇာအာဏာရှိပြီးသား။ ဒါဆိုရင် ကိုယ့်အယူဝါဒကို လွှမ်းမိုးချင်လို့လား။ ဒါလည်း မလိုအပ်တော့။ ကမ္ဘာပေါ်မှာ ဝါဒကြီးတစ်ခုနှစ်ခုကသာ ချုပ်ကိုင်ထားလို့မရတော့။ စီးပွားရေးအရ ဈေးကွက်အပိုင်စီးနိုင်ဖို့ဆိုသော အယူအဆကလည်း ခေတ်မမီတော့။ နိုင်ငံတိုင်းသည် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေကြပြီ။ မဖွံ့ဖြိုးသေးသော၊ ဖွံ့ဖြိုးဆဲဆိုသော ဝေါဟာရတွေ မရှိတော့။

လူသားအားလုံးတို့သည်လည်း တန်းတူညီမျှသော အခွင့်အရေးတွေ ရရှိနေကြပြီ။

အသားအရောင်ခွဲခြားမှုဆိုတာ မရှိတော့။ ရှိစရာလည်းမလို။ အသားမည်းတဲ့လူက ဖြူချင်လျှင် အရေပြားပေါ်က အရောင်ခြယ်ဓာတ်ပစ္စည်းကို ဖယ်ထုတ်လိုက်ရုံပင်ဖြစ်၏။ ဖြူတဲ့လူတွေကလည်း အရောင်ခြယ်ဓာတ် ထည့်လိုက်လျှင် မည်းသွားနိုင်သည်။ တချို့အနောက်ဘက်နိုင်ငံသားတွေက အာရှသားတွေလို ဝါညက်ညက် အသားအရောင်မျိုး၊ တောင်အမေရိကန်တွေလို ညိုမောင်းမောင်း အသားအရေမျိုးဖြစ်အောင် တမင်တကာခြယ်ယူကြတာမျိုးရှိ၏။ လူငယ်တွေကြားထဲမှာလည်း အဆန်းထွင်ပြီး အသားကိုအပြာရောင်၊ အစိမ်းရောင်၊ အနီရောင် စသည်ဖြင့် ဆေးဆိုးကြတာ ခေတ်စားခဲ့သေးသည်။

ဘာသာရေးလွတ်လပ်ခွင့်ကိုလည်း အပြည့်အဝရရှိကြသည်။ လူတိုင်းလူတိုင်းသည် မိမိကိုးကွယ်လိုသော ဘာသာတရားကို စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရွေးချယ်ခွင့် ရှိကြသည်။ ဘာသာတစ်ခုနှင့် တစ်ခုလည်း အပြန်အလှန်လေးစားကြသည်။ တချို့က ဘာသာမျိုးစုံကို လေ့လာလိုက်စားကြသည်။ တချို့ကတော့ ဘယ်ဘာသာကိုမှ မကိုးကွယ်ဘဲ သီးခြားနေကြသည်။

ယောကျ်ားမိန်းမ ခွဲခြားဆက်ဆံမှုဆိုတာကတော့ မေ့တောင်မေ့နေကြပြီ။ မိန်းမတို့သည် အရာရာတိုင်းတွင် ယောကျ်ားများနှင့် တန်းတူ အခွင့်အရေးရနေကြပြီး ယောကျ်ားတွေကလည်း မိန်းမတွေကို ဦးစားပေးရတာ၊ ညာတာရတာကို ဂုဏ်ယူစရာအဖြစ် သဘောထားနေကြပြီ။ မိန်းမတွေကလည်း ဣတ္ထိလိင်ဖြစ်ရတာကို အားရကျေနပ်နေကြပြီ။

ကမ္ဘာကြီးက ငြိမ်းချမ်းသာယာနေသည်။ စစ်ပွဲတွေမရှိ။ လူမျိုးတုံးအောင် သတ်ဖြတ်သုတ်သင်မှုတွေမရှိ။ နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုတွေမရှိ။ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေမရှိ။ ထိုအခါ ဒီကိစ္စတွေ ဖြေရှင်းဖို့ ဖွဲ့စည်းထားသော ကော်မတီဆိုတာကလည်း အပိုသက်သက်လို ဖြစ်နေသည်။ တစ်လတစ်ကြိမ် အစည်းအဝေးထိုင်ကြသော်လည်း ဆွေးနွေးစရာကိစ္စ ရှာမရ။

ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာ၊ ကမ္ဘာကြီး ဆူပွက်နေခဲ့ စဉ်ကဖြစ်ပွားခဲ့သော အကြောင်းအရာတွေကိုသာ ပြန်လည်သုံးသပ်ပြီး နောက်နောင် ယင်းကဲ့သို့ထပ်မံမဖြစ်ရအောင် သတိပြုနေဖို့လိုကြောင်း ဆုံးဖြတ်ကြသည်ဆိုတာနဲ့ပဲ ပြီးပြီးသွားတာပါပဲ။

သူတို့အနေနှင့် ကိုယ့်ဘာသာပြဿနာလုပ်ပြီး ကိုယ့်ဘာသာ ပြန်ဖြေရှင်းတဲ့နည်းနဲ့ အကြံအဖန်လုပ်ရမလိုဖြစ်နေ၏။ ထို့ကြောင့် အလုပ်ရှိကြောင်းပြပြီး သိက္ခာဆည်နိုင်ဖို့ ရှာကြံကြိုးစားနေရသည်။

စကြဝဠာအတွင်းရှိ အခြားဂြိုဟ်တွေမှာ လူကဲ့သို့ အသိဉာဏ်



ရှိသော ဂြိုဟ်သားတွေရှိနိုင်ကြောင်း၊ တချို့ဆို လူသားတွေထက်တောင် နည်းပညာ သာလွန်နိုင်ကြောင်း၊ ၎င်းတို့က ကမ္ဘာမြေကို တိုက်ခိုက်သိမ်းပိုက်ဖို့ ကြိုးစားလာနိုင်ကြောင်း၊ ထိုကိစ္စကို ကာကွယ်ရန် ယခုကတည်းက နည်းလမ်းများရှာပြီး ကြိုတင်စီစဉ်ထားသင့်ကြောင်း။

နေစကြဝဠာအတွင်း ကမ္ဘာနှင့် မိုင် သန်းသုံးဆယ်အကွာတွင် လွင့်မျောနေသော ဥက္ကာခဲတစ်ခုသည် နောင်နှစ်ပေါင်း ငါးသိန်းအကြာ၌ ကမ္ဘာကိုဝင်တိုက်နိုင်ခြေ အပုံတစ်သန်းပုံ တစ်ပုံရှိနေကြောင်း၊ ထိုအန္တရာယ်ကို ယခုကတည်းက ကြိုတင်ကာကွယ်သည့်အနေဖြင့် အဏုမြူထိပ်ဖူးတပ် အာကာသယာဉ်ကို လွှတ်တင်ပြီး ထိုဥက္ကာပျံကို ဖောက်ခွဲဖျက်ဆီးသင့်ကြောင်း....။

စသည်ဖြင့် ဓာတ်လမ်းတွေ လျှောက်ဆင်ကြသည်။ လူတွေက ဟားတိုက်ရယ်မောကြသည်။ သတင်းဆောင်းပါးရှင်တွေကလည်း ကော်မတီ၏ အကြံပြုချက်မှာ လက်တွေ့ဆောင်ရွက်ဖို့ထက် စိတ်ကူးယဉ် သိပ္ပံရုပ်ရှင်ဓာတ်ကားအဖြစ် ရိုက်ကူးလျှင် ပို၍သင့်လျော်မည်ဟု သရော်လှောင်ပြောင်ကြသည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင်...

◆

အုပ်ချုပ်ရေးမှူးသည် ရုံးခန်းထဲမှာထိုင်ရင်း အီးဖိုင်ကို အဖျင်းပြေ ဖွင့်ကြည့်နေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ပြဿနာမျိုးစုံဖြင့် ကမ္ဘာကြီးဆူပွက်နေစဉ် ကုလသမဂ္ဂမှ ဝင်ရောက်ဖြေရှင်းခဲ့ရပုံများကို လေ့လာရင်း အာသာဖြေနေရ၏။

ထိုအခိုက်တွင် စားပွဲထောင့်စွန်းရှိ အနီရောင်ဖုန်းကလေးသည် တဖျတ်ဖျတ်လင်းလာသည်။ တတီတီအချက်ပေးရင်း ပတ်ချာ

www.burmeseclassic.com

www.burmeseclassic.com



လည်နေ၏။ သူ၏ လက်ပတ်နာရီကလည်း အရေပြားကို လျှပ်စစ်လှိုင်းများနှင့် လှုံ့ဆော်အသိပေးလာသည်။

အင်ဂျင်နီယာဌာနက ကောင်လေးတွေကတော့ လုပ်ချလိုက်ပြန်ပြီဟု သူတွေးသည်။ အရေးပေါ်အချက်ပေးစနစ်-ပုံမှန် အလုပ်လုပ်ခြင်းရှိ၊ မရှိဆိုတာကို တစ်လတစ်ကြိမ်စစ်ဆေးရသော ထုံးစံရှိ၏။ စစ်ဆေးတဲ့အခါမှာလည်း အလန့်တကြား မဖြစ်ရအောင် ကြိုတင်အကြောင်းကြားရသည်။

သို့ရာတွင် ဂလိုဘယ်လိဂ်ဌာနချုပ်မှာ အရေးပေါ်ကိစ္စ မကြုံရတာ နှစ်ပေါင်း အတော်ကြာပြီဖြစ်သောကြောင့် လူတွေကလည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆဖြစ်နေကြပြီ။ အချက်ပေးစနစ်ကို သုံးလေးလနေမှ တစ်ခါလောက် ဝတ်ကြေတန်းကြေ စစ်ဆေးကြတော့သည်။ စစ်ဆေးမယ်ဆိုတာလည်း ကြိုတင်ပြောချင်မှပြောသည်။ ခုလည်း လုပ်ပြန်ပြီ။ အုပ်ချုပ်ရေးမှူးတစ်ယောက်ရဲ့ ဘဝကတော့ ရုံးကလက်အောက်ငယ်သားတွေကတောင် မလေးစားချင်ကြပါလားဟု တွေးနေတုန်း...

ဗီဒီယိုတယ်လီဖုန်းက အချက်ပေးသံထွက်လာပြီး ဖန်သားပြင်မှာ အတွင်းရေးမှူး မိန်းကလေး၏ပုံ ပေါ်လာသည်။

"အရေးပေါ်အခြေအနေ အဆင့်ငါး သတင်းပို့ပါတယ်ရှင်"

"အေး အေး၊ သိပြီ၊ အော် ဒါနဲ့၊ အင်ဂျင်နီယာဌာနက ကောင်လေးတွေကို ပြောလိုက်ပါဦး၊ နောက်ကို အရေးပေါ် အချက်ပေးစနစ် စမ်းသပ်စစ်ဆေးမယ်ဆိုရင် ကြိုတင်အကြောင်းကြားပါလို့"

"အခုဟာက စမ်းသပ်စစ်ဆေးမှု မဟုတ်ပါဘူး။ တကယ့်အရေးပေါ်အခြေအနေ သတင်းပို့မှုပါရှင်"

"ဘယ်လို၊ ဘာဖြစ်လို့လဲ"



"ကျွန်မတို့ရုံး ရင်ပြင်မှာ လူတချို့ စုဝေးရောက်ရှိနေပါတယ်"

"ဘာကိစ္စလဲ"

"ဟို..."

မိန်းကလေးအသံက ဓာတ်ဆိုင်းငံ့သွားပြီးမှ မရှင်းလင်း၊ မပိုင်နိုင်သော လေသံဖြင့်

"ဟို... လိုလားချက် တင်ပြဖော်ထုတ်ပွဲ၊ အဲ မဟုတ်သေးဘူး၊ ဟိုဒင်းလေ ဟုတ်ပြီ၊ ဆန္ဒပြပွဲ လုပ်မလို့တဲ့"

"ဆန္ဒပြပွဲ"

သူက ပဲ့တင်ထပ်ပြီး ရေရွတ်လိုက်၏။ ဒီစကားလုံးကို မကြားခဲ့ရတာ နှစ်ပေါင်းများစွာ ကြာပြီ။ သူ ကလေးဘဝတုန်းက ဆန္ဒပြပွဲ တစ်ခါဖြစ်ခဲ့ဖူးသည်။ ဘာကိစ္စကြောင့်ဖြစ်တာလဲဆိုတာတောင် မမှတ်မိတော့။ သိပ်လည်းအရေးကြီးပုံမရ။ ဒီနောက်ပိုင်းမှာ ဒါမျိုးမဖြစ်ခဲ့တာ နှစ်ပေါင်းများစွာကြာပြီ။ တောင်းဆိုနေစရာ မလိုလောက်အောင် အစစအရာရာ ပြည့်စုံနေခဲ့ပြီပဲလေ။

ခုကျမှ ဘယ်လိုဖြစ်ရပြန်တာတုန်း။

"အခြေအနေ၏ကို တိုက်ရိုက်ကြည့်နိုင်အောင် အက်စ်ဂျီရဲ့ ပါစင်နယ်စခရင်ပေါ် တင်ပေးထားပါတယ်။ ဖွင့်ကြည့်လိုက်ပါရှင်"

အတွင်းရေးမှူး မိန်းကလေးက လှမ်းပြောပြန်သည်။ သူက

"ကောင်းပြီလေ၊ အဲ... နေဦး၊ ဒီလိုကိစ္စမျိုးက ကြုံတောင့်ကြုံခဲပဲ၊ လူငယ်တွေလည်း ဗဟုသုတရအောင် သီရေတာထဲမှာ ကြည့်ကြမယ်၊ ရုံးအဖွဲ့အားလုံး စုခိုင်းထားလိုက်"

◆

သီရေတာခန်းမထဲမှာ ရုံးချုပ်မှ အဖွဲ့သားတွေ စုဝေးရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသည်။ နံရံမှာ တပ်ဆင်ထားသော ပေါလီပလပ်စ် ပိတ်ကားကြီးပေါ်တွင် ရုပ်သံပြကွက် ရှစ်ကွက်ကို တစ်ပြိုင်တည်း ပြသထားသည်။ ရုံးချုပ်ရှေ့မှာ စုဝေးရောက်ရှိနေသူများကို ရှုထောင့်မျိုးစုံမှ ရိုက်ကူးပြီး တိုက်ရိုက်ပြသနေခြင်းဖြစ်၏။

အုပ်ချုပ်ရေးမှူးက သူ၏လက်ပတ်နာရီမှ လေဆာပွိုင်တာနှင့် နံပါတ်ငါးအကွက်ကို လှမ်းထိုးပြီး ပုံကြီးချဲ့လိုက်သည်။ ဆန္ဒပြနေသူများမှာ တစ်ရာကျော်လောက်ရှိမည်။ လူငယ်၊ လူရွယ်၊ လူလတ်ပိုင်းတွေချည်းဖြစ်၏။ မိန်းကလေးတွေလည်း အတော်များများပါသည်။

သတင်းဌာနများမှ မီဒီယာသမားတွေလည်း ဝိုင်းအုံရောက်ရှိလာကြသည်။ နှစ်အတန်ကြာအောင် အေးစက်စက်ခြောက်ကပ်ကပ်ဖြစ်နေသော မီဒီယာလောကကို ပြန်လည်လှုပ်ရှားရှင်သန်လာစေနိုင်သော သတင်းထူး သတင်းဦးဖြစ်သည်။ ထို့ကြောင့် ရုပ်မြင်သံကြားနှင့် အီးသတင်းစာများမှ တိုက်ရိုက်ထုတ်လွှင့်ပေးနေကြသည်။

သူတို့ရုံးချုပ်သို့လည်း ဗီဒီယိုဖုန်းဖြင့်ဆက်သွယ်ပြီး အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံမေးမြန်းလိုကြောင်း တောင်းဆိုကြသည်။ ပြန်ကြားရေး တာဝန်ခံက 'အုပ်ချုပ်ရေးမှူးသည် အခုကိစ္စကို အနီးကပ် စောင့်ကြည့်လေ့လာနေရသဖြင့် မအားလပ်သေးကြောင်း၊ အဆင်ပြေသောအချိန်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးမည်ဖြစ်ကြောင်း' အလိမ္မာသုံး၍ ဆိုင်းငံ့ထားရသည်။

ဆန္ဒပြသူများသည် စနစ်တကျ ကြိုတင်ပြင်ဆင်လာပုံရ သည်။ သင္တာ့စပ်ပိုက်များ၊ ဖိုင်ဘာပလတ်စတစ် ဘုတ်ပြားများကိုအသုံး ပြုပြီး ယာယီစကားပြောစင်မြင့်ကလေးကို ပြုလုပ်ထားသည်။ စင်မြင့် ၏ အပေါ်ပိုင်းမှာ အီလက်ထရွန်နစ် ဆိုင်းဘုတ်တစ်ခုရှိပြီး 'သင်္ခါရ အခွင့်အရေး အလိုရှိသည်'ဆိုသော စာတန်းကို ရေးထိုးထားသည်။



စင်မြင့်ပေါ်တွင် အသက်သုံးဆယ်ခန့်လူရွယ်တစ်ဦး ရပ်နေသည်။ အဖွဲ့ခေါင်းဆောင်ဖြစ်ဟန်တူ၏။ သူက ကြည်လင်ပီသသောလေသံဖြင့် ဟောပြောနေသည်။

'လူတိုင်းလူတိုင်းမှာ သီးခြားလွတ်လပ်သော စရိုက်လက္ခဏာများရှိကြောင်း၊ ၎င်းတို့မှာ ကိုယ်ပိုင်အရည်အသွေးများသာ ဖြစ်ကြောင်း၊ ထိုအရာများကို ဘယ်သူကမှ ချုပ်ကိုင်ခြယ်လှယ်ခြင်း၊ ပြောင်းလဲခြင်း၊ လုယူခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း။'

အတွင်းရေးမှူး မိန်းကလေးက သရီးဒီ ရုပ်မြင်ပိတ်ကားပေါ်မှ လူရွယ်၏ပုံကို ပိုမိုထင်ရှားစွာ မြင်ရစေရန် ကိုယ်တစ်ပိုင်းအနေအထားအထိ အနီးကပ်ဆွဲပြလိုက်ရင်း

"သူက နာမည်ကြီး ဆိုင်ဘာစာရေးဆရာပဲ၊ ကလောင်နာမည်က စကြဝဠာမင်းစံတဲ့။ လက်ရှိလူနေမှုပုံစံကို အထေ့အငေါ့ကလေးတွေနဲ့ ဝေဖန်တဲ့ကဗျာတွေ၊ အက်ဆေးတွေ၊ ဝတ္ထုတိုတွေ ရေးလေ့ရှိပါတယ်။ လူငယ်တွေက သူ့စာတွေကို သိပ်သဘောကျကြပါတယ်"

ဟု အစီရင်ခံသည်။ အုပ်ချုပ်ရေးမှူးက

"ဒါ သူ့ ပင်ကိုယ်ရုပ်ရည်ပဲလား၊ မျက်နှာကို ခွဲစိတ်ပြုပြင်ထားတာလား"

"မဟုတ်ပါဘူး၊ ပင်ကိုယ်ရုပ်ရည်ပါ၊ ဒါတော့သေချာပါတယ်၊ သူကိုယ်တိုင်က မျက်နှာခွဲစိတ်ပြုပြင်တာကို လက်မခံပါဘူး။ မွေးကတည်းက ပါလာတဲ့ရုပ်ရည်ကို ပြောင်းလဲတာဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိလို့ဘဲ၊ မိမိကိုယ် မိမိ သစ္စာဖောက်တာပဲဆိုပြီး သူ့ကဗျာတစ်ပုဒ်ထဲမှာ ရေးထားတာ ဖတ်ဖူးတယ်"

အတွင်းရေးမှူး မိန်းကလေးကိုယ်တိုင်လည်း စကြဝဠာမင်းစံ၏ စာဖတ်ပရိသတ်တစ်ယောက် ဖြစ်နေကြောင်း သိသာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စာရေးဆရာကတော့ ပြောအားရှိတာပေါ့။ သူ့ရုပ်က ဖြောင့်ပြီးသားကိုး"

လွန်ခဲ့သော တစ်လလောက်ကမှ မျက်နှာကို နုပျိုအောင် ဆေးသွင်းကုသထားသော စာရင်းဌာနမှ အပျိုကြီးက ဝင်ပြောသည်။ အုပ်ချုပ်ရေးမှူးသည် စာရေးဆရာလေး၏ ဟောပြောမှုဆီ ပြန်၍အာရုံ စိုက်လိုက်သည်။

"သူငယ်ချင်းတို့ စဉ်းစားကြည့်ပါ။ ဇီဝနည်းပညာ အံ့မခန်း တိုးတက်လာမှုကို အခွင့်ကောင်းယူပြီးတော့ သိပ္ပံပညာရှင်တွေဟာ မျိုးရိုးဗီဇကို ပြုပြင်ထိန်းချုပ်ဖို့ ကြံစည်လာကြတယ်။ ကြည့်လေ၊ ခု ဆိုရင် အသက်သုံးဆယ်အောက်ရှိတဲ့ လူတိုင်းဟာ မမွေးဖွားခင် သန္ဓေ သားလောင်းဘဝမှာကတည်းက ကာကွယ်ဆေးတွေ ထိုးနှံခြင်းခံခဲ့ကြ ရတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ကူးစက်ရောဂါတွေ မဖြစ်ဖူး ဘူး။ ဖျားတယ်နာတယ်ဆိုတာ ဘယ်လိုဟာမှန်းတောင် မသိဘူး။ ဒါဟာ ဝမ်းသာစရာလား၊ ဂုဏ်ယူစရာလား၊ လူကြီးတွေကတော့ ကျေးဇူးတင်စေချင်နေတယ်"

သူက ပြောလက်စကို ခဏရပ်ပြီး ပရိသတ်ကို အကဲခတ် သည်။ စိတ်ဝင်စားစွာ နားထောင်နေကြကြောင်း သေချာမှ ဆက်ပြော သည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ငယ်ငယ်ကအကြောင်း ကို သတိရမိတယ်။ ကျွန်တော်ဟာ အဖေ့ကို သိပ်အားကျခဲ့တာ။ အဖေလုပ်သမျှ လိုက်ပြီးအတုယူတတ်တယ်။ လမ်းလျှောက်ပုံ၊ စကား ပြောပုံ စသည်ဖြင့်ပေါ့။ တစ်ခါတော့ အဖေဟာ အအေးမိပြီး နှာစေး ချောင်းဆိုးဖြစ်ရော၊ အဲဒါကိုတော့ ကျွန်တော်လိုက်ပြီး တုပလို့မရတော့ ဘူး။ အဖေချောင်းဆိုးသလိုမျိုး လိုက်ပြီးလုပ်ကြည့်တာ ဘယ်လိုမှ တူအောင်လုပ်လို့မရဘူး။ ကျွန်တော်မှ တစ်ခါမှ ချောင်းမဆိုးဖူးတာဘဲ



ကိုး။ အဲဒီအခါ ကလေးအတွေးနဲ့ ကျွန်တော်ဟာ အဖေ့သားအရင်းမှ ဟုတ်ရဲ့လားဆိုပြီး အားငယ်စိတ်ကြောင့် ရှိုက်ကြီးတငင်ငိုခဲ့ရတယ်။ တော်သေးတာပေါ့ဗျာ၊ ငိုတတ်တဲ့ဗီဇလေး ကျန်နေသေးလို့"

"အလကား၊ အလုပ်မရှိ အလုပ်ရှာလို့၊ အပိုတွေ"

ပင်စင်ယူခါနီး ဌာနခွဲမှူးတစ်ယောက်က မှတ်ချက်ပြုသည်။ သူ့စကားကို ဘယ်သူကမှ ဂရုစိုက်တုံ့ပြန်ခြင်းမရှိဘဲ ပိတ်ကားပေါ်က လူရွယ်ဆီသို့သာ အာရုံစူးစိုက်နေကြ၏။

"ကျွန်တော့်အဘွားဟာ အဖေ့ကိုသိပ်ချစ်တယ်။ ခက်ခက်ခဲခဲ နဲ့ ကိုယ်ဝန်ဆောင်ပြီး အဖေ့ကိုမွေးခဲ့ရတာကို မကြာခဏဆိုသလို ဂုဏ်ယူပြီး ပြောလေ့ရှိတယ်။ ကျွန်တော့်အမေကတော့ ကျွန်တော့် အပေါ် အဲဒီလောက် သံယောဇဉ်မရှိသလိုဘဲ ခံစားရတယ်။ အဲဒါ ဘာကြောင့်လဲ။ ကျွန်တော်ဟာ မိခင်ရဲ့ဗိုက်ထဲမှာ ကြီးထွားခွင့်မရဘဲ သန္ဓေသားလောင်း ဘဝကစပြီး ပြင်ပသားအိမ်တုထဲမှာနေပြီး မွေးဖွား ခဲ့ရလို့ မိခင်မေတ္တာ လျော့နည်းသွားရလေသလားလို့ သံသယဖြစ်မိ တယ်"

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်"

ဟု သူ့ပရိသတ်က ထောက်ခံကြသည်။ အုပ်ချုပ်ရေးမှူးသည် မိမိ၏ဇနီးနှင့် သမီးတို့ တစ်ယောက်နှင့်တစ်ယောက် ခပ်စိမ်းစိမ်းဖြစ် နေကြကြောင်းကို သတိရလိုက်မိ၏။

စာရေးဆရာက စကားဆက်ပြန်သည်။

"အခုလည်း တစ်မျိုးထွင်ဖို့ ကြိုးစားနေကြပြန်ပြီ။ လူတွေရဲ့ ဒီအင်အေထဲက မကောင်းတဲ့ ဗီဇဆိုးတွေကို သန့်စင်ဖယ်ထုတ်ပစ်ပြီး သူတော်ကောင်းလေးတွေချည်း မွေးဖွားလာအောင် လုပ်မလို့တဲ့။ ဒီ နေရာမှာ ဇာဒကတက်စရာဖြစ်လာပြီ။ ကောင်းတယ်ဆိုတာ ဘာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတယ်ဆိုတာ ဘာလဲ၊ ဘယ်လိုစံနှုန်းနဲ့ ခွဲခြားမှာလဲ၊ ဘယ်သူတွေက သတ်မှတ်ပြဋ္ဌာန်းမှာလဲ၊ အဲဒီလို ဆောင်ရွက်ခွင့်ကော ရှိလို့လား၊ ကျွန်တော်တို့ ကန့်ကွက်ပါတယ်"

သူ့ပရိသတ်တွေက လက်ခုပ်တီးကြသည်။ သူတို့သာမက သီရေတာခန်းမထဲမှာ ရှိနေကြသော ဝန်ထမ်းငယ်တချို့ဆီမှလည်း လက်ခုပ်သံတချို့ ထွက်လာသည်။

"သူပြောတာလည်း ဟုတ်တာပဲကွ"

ဆက်သွယ်ရေးဌာနမှ ဝန်ထမ်းလူငယ်က ပြောသည်။ သူ့အဖော်ကလည်း

"မှန်တယ်၊ အကောင်းနဲ့ အဆိုးဆိုတာ အမြဲတွဲလျက်ရှိနေတာပဲ။ ဆိုးတာကိုသိမှ ကောင်းတာကိုသိနိုင်မယ်။ အဆိုးမရှိရင် အကောင်းလည်းရှိမှာ မဟုတ်တော့ဘူး"

ဟု ထောက်ခံစကားပြောသည်။ ဒီနှစ်ကောင်လည်း စကြဝဠာမင်းစံရဲ့ အမာခံပရိသတ်တွေဖြစ်မှာပဲဟု အုပ်ချုပ်ရေးမှူးက တွေးလိုက်၏။

စင်မြင့်ပေါ်သို့ မိန်းကလေးတစ်ယောက် တက်လာတာတွေ့ရသည်။ အသက်အစိတ်ခန့်ရှိမည်။ ခုချိန်မှာ လူငယ်များအကြား ပြန်လည်ခေတ်စားလာသော အလေ့အထအတိုင်း ဘာမှ ပြင်ဆင်ခြယ်သထားခြင်းမရှိ။ ပင်ကိုရုပ်၊ ပင်ကို အသားအရေဖြစ်၏။

"သူကကော စာရေးဆရာမပဲလား"

အုပ်ချုပ်ရေးမှူးက မေးလိုက်သည်။ သူ့တပည့်မလေးက

"သူ့ကိုတော့ မသိပါဘူး၊ မျက်လုံးကို အိုင်းစကင်နာနဲ့ဖတ်ပြီး မှတ်တမ်းဌာနကို လှမ်းပို့စုံစမ်းရင်တော့ ဘယ်သူလဲဆိုတာ သိနိုင်ပါတယ်။ နှစ်မိနစ်လောက်တော့ ကြာပါမယ်"



"နေပါစေ၊ သိဖို့မလိုသေးပါဘူး။ သူ ဘာပြောသလဲဆိုတာပဲ နားထောင်ကြည့်ရအောင်"

စင်မြင့်ပေါ်မှ မိန်းကလေး၏အသံ ထွက်ပေါ်လာသည်။

"ခုခေတ်မှာ ယောကျ်ားနဲ့ မိန်းမ တန်းတူအခွင့်အရေးရနေပြီလို့ ပြောကြတယ်။ တချို့ကလည်း ဒါကို ယုံစားနေကြတယ်။ ဟုတ်ကောဟုတ်ရဲ့လား၊ ယောကျ်ားတွေက မိန်းမတွေကို ညှာတာတယ်၊ ဦးစားပေးတယ်လို့ ဆိုတယ်။ အဲဒါကိုက ကျွန်မတို့ကို တန်းတူလို့ သဘောမထားဘူးဆိုတာ သက်သေပြနေတာပဲ။ သူတို့ထက် တစ်ဆင့်နိမ့်တယ်၊ အားနည်းတယ်လို့ ယူဆနေကြတဲ့သဘောပဲ။"

မိန်းကလေးပရိသတ်က လက်ခုပ်တီးကြသည်။ အုပ်ချုပ်ရေးမှူး ခေါင်းကုတ်လိုက်၏။ သူ့တပည့်မလေးကို စောင်းငဲ့ပြီး အကဲခတ်လိုက်တော့ စင်ပေါ်မှမိန်းကလေးကိုယ်စား ဂုဏ်ယူနေပုံရကြောင်း သတိပြုမိ၏။

"နောက်တစ်ခုကတော့ စောစောက ဆရာပြောတဲ့ထဲမှာလည်း ပါတယ်။ ကျွန်မတို့ မိန်းမတွေဟာ ခုခေတ်မှာ ကိုယ်ဝန်ဆောင်ခွင့်မရတော့ဘူး။ သန္ဓေသားကို သားအိမ်တုထဲမှာထားပြီး တစ်ဆင့်ခံမွေးဖွားကြရတယ်။ ဒါဟာ အမျိုးသမီးအခွင့်အရေးကို ချိုးဖောက်ခံရတာပဲ။ ကျွန်မတို့ဟာ ကိုယ့်ကလေးကို ကိုယ့်ဝမ်းဗိုက်ထဲမှာပဲ မွေးဖွားတဲ့အထိ လွယ်ထားခွင့်ရှိရမယ်။ ကိုယ့်ဗိုက်ထဲမှာပဲ ရင်သွေးလေးက တဖြည်းဖြည်းကြီးထွားလာတဲ့ အတွေ့အကြုံကို ခံစားခွင့်ရှိရမယ်။ သဘာဝအတိုင်း နာကျင်ခက်ခဲစွာ မွေးဖွားခွင့်ရှိရမယ်။ ဒါဟာ မိန်းမတွေရဲ့ အဓိကအခွင့်အရေးပဲ။ ဒါကြောင့် ကလေးမွေးဖွားခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ပေးဖို့ တောင်းဆိုပါတယ်။ သားအိမ်တုတွေကို ကျွန်မတို့ အလိုမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သားအိမ်တု အလိုမရှိ"

မိန်းကလေးပရိသတ်က ကြွေးကြော်ကြသည်။ ယောကျ်ားလေးတွေက လက်ခုပ်တီး အားပေးကြသည်။

"ငါတို့ ဝရန်တာကထွက်ပြီး တိုက်ရိုက်ကြည့်ကြရအောင်"

ဟုအုပ်ချုပ်ရေးမှူးက ပြောလိုက်သည်။ ဝရန်တာမှာ ထွက်ရပ်လိုက်မိတာနဲ့တစ်ပြိုင်နက် မီဒီယာသမားတို့၏ ကင်မရာများက သူတို့ဆီ ဝိုင်းချိန်လိုက်ကြတာ တွေ့ရ၏။ အုပ်ချုပ်ရေးမှူးအနေဖြင့် ရုပ်မြင်သံကြားကနေ တစ်နှစ်အတွင်း ပထမဆုံးအကြိမ် တိုက်ရိုက်ထုတ်လွှင့်မှု ခံရခြင်းပင်ဖြစ်၏။ သူ့ကို လူတွေက မှတ်မိကြဦးမှာပါဟု မျှော်လင့်ရသည်။

စင်မြင့်ပေါ်မှာတော့ ပန်းချီဆရာဆိုသူ လူငယ်တစ်ယောက်ရောက်ရှိနေပြန်သည်။ သူက

"ခုအခါမှာ ဇရာကို ဆန့်ကျင်တားဆီးနိုင်တဲ့ နည်းပညာတွေဟာ အံ့မခန်းတိုးတက်လာနေတယ်။ ဆက်ပြီးတော့လည်း အသည်းအသန် ကြိုးစားပြီး သုတေသနပြုလုပ်နေကြတယ်။ ဒါကြောင့် အခုအခါမှာ လူတွေရဲ့ ပျမ်းမျှသက်တမ်းဟာ အနှစ်တစ်ရာရှိလာပြီ။ ထပ်ပြီးတိုးလာဖို့ဟာလည်း လုံးဝသေချာသလောက်ဖြစ်နေပြီ။ ကျွန်တော့်အသက်က ခုမှ နှစ်ဆယ့်ရှစ်နှစ်ပဲရှိပါသေးတယ်။ ကျွန်တော့်အသက် တစ်ရာနားနီးလာတဲ့အခါ လူ့သက်တမ်းက အနည်းဆုံး တစ်ရာ့နှစ်ဆယ်လောက် ဖြစ်နေလောက်ပြီ။ တစ်ခါ ကျွန်တော့်အသက် တစ်ရာ့နှစ်ဆယ်နားရောက်ရင် လူ့သက်တမ်းက တစ်ရာ့ငါးဆယ်ဖြစ်နေဦးမှာ။ ဒီလိုပဲ တစ်ရာ့ငါးဆယ်ပြည့်ခါနီးလည်းကျရော နှစ်ရာဖြစ်သွားပြန်ပြီ။ ကဲ... ဘယ်လိုလုပ်ကြမလဲ။ အဲဒီလို လူ့သက်တမ်းကို ဆွဲဆွဲဆန့်နေကြရင် ဆုံးမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့က ဘယ်တော့မှ မသေကြရတော့ဘူးလား"



ထို့နောက် ဆိုင်ဘာစာရေးဆရာ စကြဝဠာမင်းစံသည် စင်ပေါ်ပြန်တက်လာသည်။

"အခုဆိုရင် မိမိတို့ရဲ့ အယူအဆတွေ၊ လိုလားချက်တွေကို အသီးသီးတင်ပြခဲ့ကြပြီးပါပြီ။ ခြုံငုံပြီး ပြန်လည်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ဟာ လူသားစစ်စစ် ဖြစ်ချင်ပါတယ်။ အဆင့်အမြင့်ဆုံးနည်းပညာနဲ့ ပြုလုပ်ဖန်တီးထားတဲ့ ရိုဘော့စက်ရုပ်တွေတောင်မှ ချို့ယွင်းချက်တွေ၊ ပျက်စီးမှုတွေ ရှိပါတယ်။ ကျွန်တော်တို့က လူဖြစ်ပါလျက်နဲ့ ခြောက်ပြစ်ကင်းဖြစ်နေရင် စက်ရုပ်တွေထက်တောင် အဆင့်နိမ့်သလို ဖြစ်နေမှာပေါ့။ လူဖြစ်ပြီး ချောင်းဆိုးတာတောင် ဌာနကရိုဏ်းမကျဘဲဖြစ်နေတာ ရှက်စရာမကောင်းဘူးလား။ ကျွန်တော်တို့ဟာ မွေးကင်းစ အရွယ်ကတည်းက ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်ပရိုတက်တာတွေ ထည့်သွင်းမြှုပ်နှံထားခြင်း ခံခဲ့ရတယ်။ ဒါနဲ့တောင် မကျေနပ်နိုင်သေးဘဲ လူတွေအတွက် အန္တရာယ်ရှိတဲ့ ဗိုင်းရပ်စ်ရောဂါ ပိုးမွှားတချို့ကို လုံးဝ မျိုးတုံးပျောက်ကွယ်သွားအောင် သုတ်သင်ခဲ့ကြသေးတယ်။ ဒါဟာ တရားမျှတမှုမှ ရှိပါရဲ့လား"

သူက စကားကိုခဏရပ်ထားလိုက်သည်။ ပရိသတ်ကငြိမ်ပြီး စိတ်ဝင်စားစွာ နားထောင်နေသည်။ အုပ်ချုပ်ရေးမှူးတောင်မှ သူ့စကားဆီ အာရုံစူးစိုက်ရင်း ငေးကြည့်နေမိ၏။

"တကယ်တော့ ကမ္ဘာကြီးကို လူသားတွေကချည်းပဲ ပိုင်ဆိုင်တာ မဟုတ်ပါဘူး။ ရှိရှိသမျှ အပင်တွေ၊ သတ္တဝါတွေအားလုံး ညီတူမျှတူ ပိုင်ဆိုင်တာပါ။ ဗိုင်းရပ်စ်တွေဟာလည်း လူတွေကိုမုန်းတီးလို့ တိုက်ခိုက်နေတာ မဟုတ်ပါဘူး။ သူတို့ဘာသာဘာဝ ရှိုးသားသားနေထိုင်စားသောက်ကြတာပါ။ လူတွေကသာ သူတို့ကို ရန်သူလို သ

www.burmeseclassic.com

www.burmeseclassic.com



ဘောထားနေကြတာ။ ဒါကြောင့် ဒီကမ္ဘာမြေပေါ်မှာ ရောဂါပိုးမွှားတွေဟာလည်း ဆက်လက်ရှင်သန်ခွင့်၊ ပြိုင်ဆိုင်ရုန်းကန်ခွင့်ရှိသင့်ပါတယ်”

သူက အုပ်ချုပ်ရေးမှူးရှိရာ ဝရန်တာဆီသို့ တစ်ချက်မော့ကြည့်လိုက်ပြီးနောက်

“ကျွန်တော်တို့ဟာ လူသားပီပီသသ နေချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နာစေးချောင်းဆိုးဖြစ်ချင်ပါတယ်။ အအေးမိခွင့် ဖျားနာခွင့် ရှိသင့်ပါတယ်။ တုပ်ကွေးကွေးရတဲ့ အရသာကို မြည်းစမ်းကြည့်ချင်ပါတယ်။ တီဘီ၊ တိုက်ဖွိုက်၊ နမိုးနီးယား၊ ငှက်ဖျားစတဲ့ ရောဂါတွေ ဖြစ်ပွားတဲ့အတွေ့အကြုံကို ရရှိချင်ပါတယ်။ အထူးသဖြင့်တော့ လူသားတွေရဲ့ အန္တိမပန်းတိုင်ဖြစ်တဲ့ သေဆုံးခွင့်ကို အလိုရှိပါတယ်။ ဒါမှသာ လူဖြစ်ရတာ အဓိပ္ပာယ်ရှိမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့ကို သင်္ချိုင်းရအခွင့်အရေးပေးဖို့ တောင်းဆိုပါတယ်။ အဲဒီ တောင်းဆိုချက်တွေကို မရမချင်း ကျွန်တော်တို့ ဒီနေရာကမထဘဲ နေကြပါမယ်။”

ထို့နောက် သူတို့သည် ရင်ပြင်ပေါ်မှာ စနစ်တကျတန်းစီထိုင်လိုက်ကြသည်။ တချို့လူငယ်များ၏ လက်ထဲမှာ အီလက်ထရွန်းနစ် ဘုတ်ပြားများကို ကိုင်ဆောင်ထားကြသည်။ သူတို့၏ လိုလားချက်များဖြစ်သော

‘သားအိမ်တု အလိုမရှိ’

‘မှိုင်းရပ်စ်တွေကို ကယ်တင်ကြ’

‘သင်္ချိုင်းရအခွင့်အရေး ချက်ချင်းပေး’

စသည့်စာတန်းများက ဘုတ်ပြားများပေါ်မှာ စာစ်လှည့်စီပေါ်နေသည်။

◆



မြို့တော်ဝန်နှင့် ပုလိပ်မင်းကြီးတို့သည် ဂလိုဘယ်လိဂ်ဌာနချုပ်သို့ ကောင်းကင်သံလိုက်ရထားဖြင့် ရောက်ရှိလာကြသည်။ အွန်လိုင်းမှ ကွန်ဖရင့်ကောလ်ဖြင့် ဆက်သွယ်ပြီး အစည်းအဝေးထိုင်လို့ရသော်လည်း ခုကိစ္စကတော့ အရေးကြီးသဖြင့် လူကိုယ်တိုင် တွေ့ဆုံညှိနှိုင်းမှ ဖြစ်မယ်ဆိုပြီး ရောက်ရှိလာကြခြင်းဖြစ်၏။

ပုလိပ်မင်းကြီးသည် အတက်ကြွဆုံးဖြစ်နေသည်။ အကြောင်းကတော့ ခုချိန်မှာ ရာဇဝတ်မှုခင်းတွေက မရှိသလောက်ဖြစ်နေသည်။ မြို့တော်မှာလည်း လုံ့ဝအေးချမ်းငြိမ်သက်နေ၏။ ထို့ကြောင့် မီဒီယာသမားတွေက လုံခြုံရေးအဖွဲ့ဟာ အပိုသက်သက်ပဲဟု ဝေဖန်နေကြသဖြင့် ပုလိပ်မင်းကြီးမှာ အလုပ်တောင်ပြုတ်တော့မလိုလို သတင်းတွေထွက်နေသောကြောင့်ဖြစ်၏။ ခုတော့ အလုပ်ရပြီ။

“ဒီကိစ္စ ကျုပ်ကို တာဝန်ပေးလိုက်စမ်းပါဗျာ”

ဟု ပုလိပ်မင်းကြီးက ပြောသည်။ မြို့တော်ဝန်က

“ဟိုရှေးတုန်းက နည်းလမ်းတွေကတော့ အသုံးဝင်မှာ မဟုတ်ဘူး”

“မှန်တယ်၊ သူတို့ကို နည်းနည်းလေးမှ ထိခိုက်အောင်လုပ်လို့မဖြစ်ဘူး။ အညင်သာဆုံး နည်းလမ်းကို ရှာကြမှဖြစ်မယ်”

ဟု အုပ်ချုပ်ရေးမှူးက ဝင်ပြောသည်။

◆

နှစ်ရက်ကြာတဲ့အထိ ဖြေရှင်းဖို့နည်းလမ်းကို မရသေး။ သုံးရက်မြောက်နေ့တွင် ဆန္ဒပြသူများသည် အတော်ပင်နည်းလာကြသည်။ အသက်ဆယ့်ရှစ်နှစ်ပြည့်စဉ်က တစ်ကြိမ် ထိုးနှံထားခဲ့သော

www.burmeseclassic.com



တာရှည်ခံ သက်စောင့်အားဆေးများကြောင့်သာ တောင့်ခံနိုင်ကြခြင်း ဖြစ်၏။

ဆေးဝါးအဖွဲ့များက အကူအညီပေးရန် ရောက်ရှိလာကြသော်လည်း သူတို့က လက်မခံ။ ထို့ကြောင့် ရီမုဒ်ကိုရီယာများကို အသုံးပြုပြီး အဝေးမှသာ သွေးပေါင်ချိန်ခြင်း၊ အီးစီဂျီဆွဲခြင်းများ ပြုလုပ်ပေးနေရသည်။

သတင်းမီဒီယာတွေကလည်း တစ်ချိန်လုံး တိုက်ရိုက်ထုတ်လွှင့်နေကြသည်။ အင်တာနက် စာမျက်နှာတွေပေါ်မှာလည်း အမျိုးမျိုး ဝေဖန်ရေးသားနေကြသည်။ ချတ်ရှမ်းတွေထဲမှာလည်း ဒီအကြောင်းပဲ ဆွေးနွေးပြောဆိုနေကြသည်။ ဆန္ဒပြသူတွေကို ထောက်ခံကြသူ အများအပြားရှိသည်။ တချို့လူကြီးပိုင်းတွေတောင် ပါလာသည်။ တချို့က တော့ 'အရူးထတာ' 'နာမည်ကြီးအောင် စတန့်ထွင်တာ' ဟု ဝေဖန်ကြသည်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို အမြန်ဖြေရှင်းမှ ဖြစ်တော့မည်။

ပုလိပ်မင်းကြီးက စိတ်ကူးတစ်ခုကို တင်ပြသည်။ အားလုံး ဆွေးနွေးညှိနှိုင်းကြပြီးနောက် ထိုနည်းလမ်းကို အသုံးပြုရန် ဆုံးဖြတ်လိုက်ကြသည်။

လေးရက်မြောက်နေ့ ညနေပိုင်းတွင် ရင်ပြင်ရှိရာသို့ မီးသတ်ကားများနှင့် လုံခြုံရေးအဖွဲ့များ ရောက်ရှိလာကြသည်။ ဝိုင်းဝန်းကြည့်ရှု အားပေးနေကြသူများကို ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံလိုက်သည်။

ထို့နောက် မီးသတ်ကားများမှ ရေပိုက်များဖြင့် စိမ်းဝါရောင် အရည်များကို ဆန္ဒပြသူတွေပေါ်သို့ ပက်ဖျန်းလိုက်လေသည်။ ထိုအရည်များမှာ ပရိုတင်းများ၊ ဗီတာမင်များ၊ သတ္တုဓာတ်များကို အင်ဂျက်ရှင်းဖော်မြူလာဖြင့် ပေါင်းစပ်ထားသော အာဟာရရည်များပင်



ဖြစ်၏။ ထူးခြားချက်ကတော့ ထိုအရည်များသည် သောက်စရာမလို။ ထိုးသွင်းစရာမလို၊ ခန္ဓာကိုယ်ပေါ် ဖျန်းလိုက်ရုံဖြင့် အရေပြားက အလိုအလျောက် စုပ်ယူနိုင်ခြင်းပင်ဖြစ်၏။

ဆန္ဒပြသူများမှာ အငိုက်မိသွားကြသည်။ အာဟာရရည်များ ထိမှန်စိုရွှဲကုန်ကြပြီးနောက် မိနစ်ပိုင်းအတွင်းမှာပင် ပြန်လည်အားပြည့် လန်းဆန်းလာကြသည်။

ထို့နောက် လုံခြုံရေးအဖွဲ့များက လေတင်အရပ်မှနေပြီး ဓာတ်ငွေ့ဗုံးများကို ဖောက်ခွဲလိုက်ကြပြန်သည်။ 'အင်ဒိုဖင်း'ဓာတ်များ ထွက်ပေါ်လာသည်။ 'အင်ဒိုဖင်း'ဓာတ်မှာ လူတို့၏စိတ်ကို ပျော်ရွှင်ကြည်နူး သာယာစေသော ခံစားမှုကိုပေးသည်။

ထိုဓာတ်ငွေ့များကို ရှူရှိုက်မိပြီးနောက်မှာတော့ ဆန္ဒပြနေသူများသည် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောဖြစ်လာကြပြီးနောက် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြ၊ လုံခြုံရေးအဖွဲ့များကို လက်ပြနှုတ်ဆက်ကြပြီးနောက် အေးချမ်းစွာ လူစုခွဲ ထွက်ခွာသွားကြလေသည်။

◆

ဂုလိုဘယ်လိဂ် ရုံးချုပ်ခန်းမထဲတွင် ဂုဏ်ပြုညစာစားပွဲ ပြုလုပ်ကြသည်။ အားလုံးပျော်ရွှင်နေကြသည်။ ခုကိစ္စကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်သဖြင့် မီဒီယာတွေက ဝိုင်းဝန်းချီးကျူးကြသည်။ မြို့တော်ဝန်၊ ပုလိပ်မင်းကြီးနှင့် အုပ်ချုပ်ရေးမှူးတို့သည် ကိုယ့်အတွေးနဲ့ကိုယ် အကြီး[illegible] အကျယ် ကျေနပ်နေကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် [illegible] စကားများ ပြောကြသည်။

အုပ်ချုပ်ရေးမှူးမှာ ပြုံးပြုံးပြုံးပြုံးနှင့် လူတကာကို လိုက်နှုတ် ဆက်နေသည်။ သူ့သွားလေရာမှာလည်း ကင်မရာတွေ၊ မိုက်ကရို

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရှန်းတွေ ဝိုင်းဝိုင်းလည်နေသည်။ ခုဆိုလျှင် သူသည် လူပိုသက်သက် ဖြစ်နေပြီ။ ဟုတ်တော့။ လခညာယူနေတာလို့ ပြောလို့မရတော့။ အုပ်ချုပ်ရေးမှူး သက်တမ်းကို ထိုက်တန်စွာ၊ ဂုဏ်ရှိစွာ ဖြတ်သန်းနိုင်ခဲ့ပြီ။ ဟို ဆန္ဒပြတဲ့ လူငယ်တွေကိုတောင် ကျေးဇူးတင်ရမလိုဖြစ်နေပြီဟု တွေးနေတုန်း...

လက်ပတ်တော့ပ် ကွန်ပျူတာနာရီမှ အချက်ပေးသံထွက်လာသည်။ ကြည့်လိုက်တော့ သတင်းပို့ချက်စာတန်းကို တွေ့ရသည်။ 'အရေးပေါ်အခြေအနေ အဆင့်လေး၊ သတင်းပို့ပါသည်။ ရုံးချုပ်ရှေ့ ရင်ပြင်တွင် ဆန္ဒပြသူများ ပြန်လည်ရောက်ရှိနေပါသည်။'

တစ်ပြိုင်နက်တည်းမှာပင် ခန်းမတွင်းရှိ ပိုလီပလပ်စ်ပိတ်ကား ပေါ်မှာ ရင်ပြင်မှမြင်ကွင်း ပေါ်လာသည်။ ခုတစ်ခါ ရောက်လာသူများ မှာ အရင်တစ်ခေါက်ကထက်တောင် ပိုများသလားအောက်မေ့ရသည်။ သူတို့သည် ခေါင်းစွပ်ပါသော မိုးကာဝတ်ရုံရှည်ကြီးများကို ဝတ်ဆင် ထားကြသည်။ ဓာတ်ငွေ့ကာ မျက်နှာဖုံးများကိုလည်း လည်ပင်းမှာ အဆင်သင့် ဆွဲထားကြသည်။

ခေါင်းဆောင်ဖြစ်သော စကြဝဠာမင်းစံက စကားပြောနေ သည်။

"ကျွန်တော်တို့ဟာ သဲ်ါရ အခွင့်အရေးအတွက် ဆက်လက် တိုက်ပွဲဝင်သွားကြပါမယ်။ အစာအာဟာရတွေကို လိုအပ်တာထက် အမြောက်အမြား ပိုမိုလွန်ကဲစွာ စားသောက်တဲ့နည်းနဲ့ ဆန္ဒပြမှာ ဖြစ် ပါတယ်"

သူတို့သည် ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ဟု သတ် မှတ်ထားသော ဝက်သားပေါင်းများ၊ အမဲသားကင်များ၊ ထောပတ် များ၊ အုန်းနို့များ၊ ကော်လက်စထရော အဆီခဲများ၊ ဝမ်းတွင်းသား ဆားစိမ်များကို အားပါးတရ စားသောက်ကြသည်။



ဒါတွင်မက လွန်ခဲ့သော အနှစ်ငါးဆယ်လောက်ကပင် တိမ် ကောပျောက်ကွယ်ခဲ့ပြီဖြစ်သော အလေ့အထတစ်ခုကိုလည်း ပြန်လည် ပြုလုပ်ကြသည်။ ဘယ်က ရှာဖွေရရှိလာမှန်းမသိသော စီးကရက်များ၊ ဆေးတံများ၊ ဆေးပြင်းလိပ်များကို မီးခိုးထောင်းထောင်းထအောင် မီး ညှိရှိုက်ဖွာကြခြင်းပင်ဖြစ်၏။

ထို့နောက် ပုံမကျပန်းမကျ ချောင်းဆိုးပြကြလေသည်။

◆ ◆ ◆

မင်းလူ

www.burmeseclassic.com